# ဓာတုပူဇောစာတမ်း

နှင့်

# အမြွတ်ဆုံးဘာဝနာ

★

ဘဒ္ဒန္တညြိသမမဟာထေရ်

ဓမ္မာရုံနိကာယ မဟာနာယကဆရာတော်

●

ဓမ္မဒါန

ကောဇာ ၁၃၄၀-ခုနှစ်။ သာသနာ ၂၅၂၂-ခုနှစ်။

၁၄၆၂၇

သာကေတမြို့၊

(၇) ရပ်ကွက်၊ အာဒိကာရုံ ကျောင်းတိုက်

ခန္ဓာရုံ ဆရာတော်

ဘဒ္ဒန္တ ဩသဓ မဟာထေရ်

ရေးသားသော

# ဓာတုပူဇကစာတမ်း

နှင့်

# အမြတ်ဆုံးဘာဝနာ

-ဓမ္မဒါန


၂၄၉၀-ခုနှစ်။ ★ ၁၉၄၆-ခုနှစ်။

* ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်အမှတ် (၇)
* မျက်နှာဖုံး ခွင့်ပြုချက် (၁၆၉)

ထုတ်ဝေသူ — ဦးထွန်းတင်
ကင်းလွတ်ခွင့်အမှတ် (၁)
အမှတ် ၉၁၈၊ ထူပါရုံ အနောက်(၈)လမ်း၊
(၁)ရပ်ကွက်၊ သာကေတမြို့။

ပုံနှိပ်သူ — ဒေါ်ကြည်ကြည်
မြတ် ပုံနှိပ်တိုက်၊ (မြဲ ၀၅၀၂)
အမှတ် ၂၆၊ ရန်ကြီးအောင်လမ်း၊
မုန့်လုပ်ဆောင်းကုန်း၊ ရန်ကုန်မြို့။

အုပ်ရေ — ၃၀၀၀။

တန်ဖိုး — ဓမ္မဒါန။

အကြိမ် — ပထမအကြိမ်။

မျက်နှာဖုံး — ဇွဲ စာပုံနှိပ်တိုက်

ထုတ်ဝေသည့်လ — ၁၉၇၉-ခု၊ ဖေဖော်ဝါရီ။

"အသျှင်ပြည်သစ"
ဓမ္မာရုံနိကါယမဟာနာယကမထေရ်
ဓမ္မာရုံကျောင်း၊ အရှေ့ဘက်ရုံတိုက်
၇-ရပ်ကွက်၊ မြင်းတော်သာလမ်း၊ သာကေတမြို့၊

[illegible]
(၂-၂-၈၉)

[illegible]

[illegible]

[illegible]

[illegible]



ဓမ္မာရုံနိကာယ မဟာနာယကဆရာတော်

ဘဒ္ဒန္တဩသဓမဟာထေရ်

သက်တော် (၈၀) ပြည့်ပုံ

# အညွှန်း မာတိကာ

## ပထမပိုင်း


| | | |
|---|---|---|
| အာသီသ ပုဗ္ဗကကထာ | .... | ၁ |
| ဤကျမ်းကိုမလေ့လာမီ ရှေးဦးစွာ သတိပြုသင့်သော အကြောင်းအရာ | .... | ၃ |
| ဘုရားနေရာတော် ခင်းထားထိုက်ကြောင်း | .... | ၅ |
| မြတ်စွာဘုရား ထင်ရှားရှိကြောင်း | .... | ၇ |
| ဓာတုစေတီတော်အကြောင်း | .... | ၇ |
| ဓမ္မစေတီအကြောင်း | .... | ၁၀ |
| ပရိဘောဂစေတီအကြောင်း | .... | ၁၄ |
| ဥဒ္ဒိဿစေတီ အကြောင်း | .... | ၁၅ |
| စေတီတော်များ ကွယ်ပျောက်ခြင်း အကြောင်း | .... | ၁၆ |
| ဓာတ်တော်များ ပွင့်ဖိတ်ခြင်း | .... | ၁၈ |
| ဓာတ်တော်များ ကြွရောက်တော်မူခြင်း | .... | ၁၈ |
| ကျေးဇူးစကား ပြောကြားခြင်း | .... | ၂၀ |
| ဓာတ်တော်များ ပင့်ဆောင်, ပူဇော်ထိုက်ကြောင်း | .... | ၂၁ |
| ဓာတ်တော်များ စေတီတည်ထားထိုက်ကြောင်း | .... | ၂၅ |
| အမှန်အစ ဖြစ်သော ဓာတ်တော်စေတီများ | .... | ၃၁ |
| ပျံ့နှံ့တည်ရှိသော ဓာတ်တော်, စေတီများ | .... | ၃၃ |
| အသမ္ဘိန္နဓာတ်တော် ၇-ဆူ | .... | ၃၆ |
| သင်းကျစ်တော် ညှပ်ရိုးတော်များ တည်ရာ | .... | ၃၇ |
| စွယ်တော် ၄-ဆူတို့၏ တည်ရာ | .... | ၃၈ |
| သမ္ဘိန္နဓာတ်တော်များ တည်ရာ | .... | ၃၈ |

ပါဠိဘာသာအတွက် အထူးတိုက်တွန်းချက် .... ၃၉
ဓာတ်တော်သုံးဖြာ ကြည်ညိုစရာ .... ၄၁
ဓာတ်တော်များ အဆင်းတော်နှင့် အချင့်ပမာဏ .... ၄၂

ဒုတိယပိုင်း

မြတ်စွာဘုရား သိတင်းသုံးရာ အရပ်၌ ဘေးရန်
ကင်းကြောင်း .... ၄၅
ဓာတ်တော် ပူဇော်ရခြင်း အကျိုးကိုပြသော
ဓာတုပူဇက မထေရ်ဝတ္ထု .... ၄၇
ဓာတ်တော် ပူဇော်ရခြင်း အကျိုးကိုပြသော
ကောသာဠကီ နတ်သမီးဝတ္ထု .... ၅၂
အဇာတသတ်မင်း ဓာတ်တော်ပင့်ဆောင်ခဏ်း .... ၅၃
ကောသာဠကီနတ်သမီး ဝတ္ထုအဆက် .... ၅၈
သိကြားမင်း အတုယူ၍ ဓာတ်တော်ပူဇော်ခြင်း .... ၆၅
(၎င်းဝတ္ထုမှ ကောက်နုတ်ချက်) .... ၆၇
(သီဂါယနာတင် အတ္ထုပ္ပတ္တိဖြစ်ခြင်း) .... ၆၈
ပရိနိဗ္ဗာန် ၃-ပါး .... ၆၉

တတိယပိုင်း

ဓာတ်တော်ပင့်ခဏ်း၌ တင်ကြို၍ သတိချပ်သင့်သော
အကြောင်းအရာများ .... ၇၇
ဗုဒ္ဓနိမ္မန္တနကထာခေါ် ဘုရားဓာတ်တော်ပင့်စာ .... ၈၂
အရဟံဓာတ်တော်ပင့်စာ .... ၈၂
(အရဟံပင့်စာ အတ္ထုပ္ပတ္တိ) .... ၈၃
သမ္မာသမ္ဗုဒ္ဓဓာတ်တော် ပင့်စာ .... ၈၄

(သမ္မာသမ္ဗုဒ္ဓပင့်စာ အတ္ထုပ္ပတ္တိ) .... ၈၅
ဝိဇ္ဇာစရဏ ခေတ်တော် ပင့်စာ .... ၈၇
(ဝိဇ္ဇာစရဏ ပင့်စာ အတ္ထုပ္ပတ္တိ) .... ၈၈
သုဂတခေတ်တော် ပင့်စာ .... ၉၀
(သုဂတပင့်စာ အတ္ထုပ္ပတ္တိ) .... ၉၁
လောကဝိဒူ ခေတ်တော် ပင့်စာ .... ၉၂
(လောကဝိဒူ ပင့်စာ အတ္ထုပ္ပတ္တိ) .... ၉၃
အနုတ္တရခေတ်တော် ပင့်စာ .... ၉၅
(အနုတ္တရပင့်စာ အတ္ထုပ္ပတ္တိ) .... ၉၆
သတ္ထာဒေဝ ခေတ်တော် ပင့်စာ .... ၉၇
(သတ္ထာဒေဝ ပင့်စာ အတ္ထုပ္ပတ္တိ) .... ၉၈
ဗုဒ္ဓခေတ်တော် ပင့်စာ .... ၉၉
(ဗုဒ္ဓပင့်စာ အတ္ထုပ္ပတ္တိ) .... ၁၀၀
ဘဂဝါခေတ်တော် ပင့်စာ .... ၁၀၂
(ဘဂဝါပင့်စာ အတ္ထုပ္ပတ္တိ) .... ၁၀၃
ခေတ်တော် ဘုရားရှိခိုးနှင့် ဆုတောင်း, ပတ္ထနာ
ဂါထာများ .... ၁၀၄

စတုတ္ထပိုင်း

တိုက်တွန်းခြင်း ဥယျောဇဉ် .... ၁၀၈
(ကုသိုလ်မှန်သမျှ အားထားစရာချည်းသာ) .... ၁၀၉
(ပစ္စုပ္ပန် သက်သေတခု) .... ၁၁၃
ဗုဒ္ဓါနုဿတိ မည်ခြင်းအကြောင်း .... ၁၁၆
(သောတာနုဂတသုတ် ပါဠိတော်) .... ၁၁၇

အရဟံဂုဏ်တော်၏ ပုဗ္ဗဘာဂပရိကံ .... ၁၁၈
ဘုရားဂုဏ်တော် ၉-ပါး .... ၁၂၁
တရားဂုဏ်တော် ၆-ပါး .... ၁၂၂
သံဃာဂုဏ်တော် ၉-ပါး .... ၁၂၄
ဘာဝနာစီးဖြန်းရာ အရပ် .... ၁၂၅
အရဟံဂုဏ်တော် စီးဖြန်းရန် နည်းလမ်း .... ၁၂၇
အရဟံဂုဏ်တော်ကို ပွားသဖြင့် ရသောအကျိုး .... ၁၂၉
(တရားအားထုတ်သောသူများ မုချ ခံစားရလတ္တံ့
ဖြစ်သော အကျိုးတရား ၄-ပါး) .... ၁၃၁
သုဘူတိမထေရ် အတ္ထုပ္ပတ္တိ .... ၁၃၄
ဗုဒ္ဓသညကထေရ် ဟောသောဒေသနာ .... ၁၄၃
မဟာကပ္ပိနမထေရ် အတ္ထုပ္ပတ္တိ .... ၁၄၅
ကာဠီဥပါသိကာမ အတ္ထုပ္ပတ္တိ .... ၁၅၀
သောဏပိတု ထေရဝတ္ထု .... ၁၅၅
မဏ္ဍကုဏ္ဍလီ အတ္ထုပ္ပတ္တိ .... ၁၅၈
ဓမ္မာသောကမင်း အတ္ထုပ္ပတ္တိ .... ၁၆၃
ပါလိလေယျဆင်မင်း အတ္ထုပ္ပတ္တိ .... ၁၆၆
ခင်ပုတ်ငှက် အတ္ထုပ္ပတ္တိ .... ၁၆၉
ဒါရုသာကဋိက ဝတ္ထု .... ၁၇၁
နောက်ဆုံးတိုက်တွန်းခြင်း ဥယျောဇဉ် .... ၁၇၃
အသန္ဓိမိတ္တာ မိဖုရား အတ္ထုပ္ပတ္တိ .... ၁၇၅
နိဂမကထာ .... ၁၈၀


(အညွှန်းမာတိကာ ပြီးပြီ)

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သဓမ္မ သံဃဿ အာစရိယာနဉ္စ။

## ဤကျမ်း၏ အကြောင်းအရာ

ကျွန်ုပ်သည် ကျောက်ထီးတန္တု အလေးပြုအပ်သော မိမိ၏ ဥပဇ္ဈာယ်ဆရာမြတ် သီတင်းသုံးရာ ဖြစ်သော ကျောင်းနေရာ၌ ဆည်းကပ်ပူဇော်ရာ "စေတီတော်"တည်ဆောက်လျက် စေတိယပတိဋ္ဌာပနကိစ္စကို ရွက်ဆောင်နေသော အခိုက်တွင် ဌာပနာသွင်းနှံ၍ ထားအပ်သော မြတ်စွာဘုရား၏ သရီရဓာတ်တော်များ ရရှိရေးကို လုံ့လစိုက်ထုတ်နေသည့်အခါ ဓာတုစေတီတော်နှင့် သက်ဆိုင်သော အကြောင်းအရာများကို ထိုထိုကျမ်းဂန်များ၌ ညွှန်ပြသည့်အတိုင်း သိရှိနားလည်ရန် ဂရုတစိုက် ကြည့်ရှုလေ့လာလျက် နေ၏။

ထိုအခိုက်တွင် ကျွန်ုပ် ရေးကူးမှတ်သားထားသော ဘုရားဓာတ်တော်နှင့် ပတ်သက်သည့် အကြောင်းအရာများသည်ကား မိမိသိရုံသာမဟုတ် ဗဟုသုတရှာမှီးနေကြသော ပုဂ္ဂိုလ်အပေါင်းတို့ပါ သိရှိနားလည်ကြရန် သင့်လျော်သည်ဟု ယူဆလျက် မည်သူမျှ တောင်းပန်ခြင်းမရှိမူ၍ မိမိ စေတနာအတိုင်းပင် ကျမ်းငယ် တစောင်တဖွဲ့အဖြစ်ဖြင့် စီစဉ်ရေးသားလိုက်၏။

# နိဒါန်း

ဤစာတမ်းကို ရေးသားခြင်းသည်ကား— အတ္တုက္ကံသန္နိပြုလုပ်ရေး, လာဘ်လာဘရရှိရေး စသည်တို့ကို ငဲ့ကွက်သောစိတ် အနည်းငယ်မျှမရှိ၊ "ယော ဓမ္မံ အနုဿာသတိ" ဟူသောပါဠိနှင့် အဖွင့်အဋ္ဌကထာ ဒေသနာတော်များအရ ဓမ္မဒါနဖြစ်ရေးကိုပင် အထူးအာရုံပြု၍ စီရင်လိုက်၏။ ထို့ကြောင့် ဤစာအုပ်ကိုလည်း အဖိုးငွေဖြင့် ရောင်းချခြင်းမပြုပဲ ဓမ္မဒါနအဖြစ်ဖြင့် လှူဒါန်းကြောင်းကိုသာ ကျေညာ၍ ရိုက်နှိပ်ခြင်းပြုပါသတည်း။

## ဤကျမ်း၌ ရေးသားဖော်ပြမည့် အစီအစဉ်များ

(၁) ပထမပိုင်းဖြင့်....

မြတ်စွာဘုရား သရီရ ဓာတ်တော်များ ယခုအခါ ထင်ရှား ရှိကြောင်း၊ စေတီ တည်ထား ကိုးကွယ် ထိုက်ကြောင်း၊ ရှင်တော်ဘုရား နိဗ္ဗာန်ဝင်ပြီး သည့်နောက် ရှေးဦးစွာ တည်ထားသော ဓာတု စေတီတော် ဆယ်ဆူနှင့် အပြန့်အနှံ့ တည်ရှိပြီးသော ဓာတုစေတီတော်များ၊ ဓာတ်တော်များ၏ အဆင်း တော်, အချင့်ပမာဏ, သမ္ဘိန္န, အသမ္ဘိန္နဓာတ် စသည်ဖြင့် ဓာတ်တော်နှင့်ဆိုင်ရာ အကြောင်းအရာ များကို ညွှန်ပြသားသည်။

(၂) ဒုတိယပိုင်းဖြင့်....

သရီရ ဓာတ်တော်များကို ကိုးကွယ် ပူဇော်ရခြင်း ကြောင့် ရရောက်ခံစားရသော အကျိုးအာနိသံသနှင့်

ဘုရားဓာတ်တော်များ ကွယ်ပျောက်သော ဓာတုပရိနိဗ္ဗာန် အကြောင်းများကို ဖော်ပြထားသည်။

(၃) တတိယပိုင်းဖြင့်....

သချိုင်္ဂဓာတ်တော်များကို ပင့်ဆောင်ရန် "ဓာတ်တော်ပင့်ဝေများ" ၎င်း၏ အတ္ထုပ္ပတ္တိများနှင့် ဓာတ်တော် ဘုရားရှိခိုးစာတမ်း၊ ဆုတောင်းခန်းတို့ကို ဖော်ပြထားသည်။

(၄) စတုတ္ထပိုင်း....

ဗုဒ္ဓါနုဿတိဘာဝနာ ပွားများ အားထုတ်နည်းနှင့် ၎င်းဘာဝနာကမ္မဋ္ဌာန်းကြောင့် အကျိုးခံစားကြရသော ဝတ္ထုသက်သေများကို ထိုက်သင့်သလောက် ထုတ်ဖော်ပြီးလျှင် နောက်ဆုံး၌ အပြီးသတ် နိဂမကထာကို ဖော်ပြထားသည်။

* ပိဋကတ်ပင် လယ်၊ နယကျယ်၊ အလွယ်တတ်ပြီ မထင်နှင့်။

* တနည်းတွေ့ရုံ၊ ကျမ်းမစုံ၊ အာဂုံတယ်၍ မတင်းနှင့်။

* ကေစိသဘော၊ တကျမ်းဟော၊ အပြော တယ်၍ မပြင်းနှင့်။

( ည )　　　　နိဒါန်း

"သတိပြုဘွယ်" ဟူ၍ စာခေါင်းတပ်လျက် မူလ ဗုဒ္ဓဝင် ဝတ္ထုမှ ဆရာ့ဆရာများ ဖော်ပြသွားသော "အနုသာသန ကသာ"ကို သတိပြုလျက် အောက်ပါ ယာစနကထာကို တင်ပြပါသည်။

ငါသာ ငါချည်း၊ တတ်သည်တည်းဟု၊ သူ့နည်းမခံ၊ မာနသံကား၊ ဇော်မဟုတ်၊ အကျင့်ယုတ်ဟု၊ စိတ္တုပ္ပါဒ်၊ အခြေခံဖြင့်၊ အပ်နှံသမှု၊ ကျွန်ုပ်ပြု၏၊ ကြည့်ရှုစစ်ဆေး၊ နည်းမှန်ပေးက၊ ဝန်လေးမရှိ၊ လက်ခံဘိ၏၊ နိက္ခိပန၊ နိမာနဖြင့်၊ နှိမ့်ချစိတ်ထား၊ အလှူပါးသည်။ ။ပန်ကြား ယာစနကထာတည်း။

နိဒါန်း ပြီးပြီ။

အသျှင်ဩဘာသ
သာကေတမြို့

၁၃၃၄-ခုနှစ်၊
သီတင်းကျွတ်လဆန်း ၁-ရက်။



# ဓာဘုပ္ပစက ဓာ၊တမ်းနှင့်
# အမြတ်ဆုံးဘာဝနာ

---*---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ အာသီသ ပုဗ္ဗက ကထာ။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓ ဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။*

ဧဝံ၊ ဣမေဟိ ပကာရေဟိ၊ ဤသို့ မဟာဗောဓိ [illegible]
မြေအခွင့်၌ ဝန်းခြံရံလည်း မာရ်စစ်သည်ကို နှိ[illegible] ဘုန်း
တော်နှင့်၍ အောင်မြင်တော် မူနိုင်ခြင်း, ရေမိုးအစုံ မြေကြီး
တုန်မျှ ရောင်ဟုန်စိုက်ဖြာ ယမိုက်ဟာကို လေးဌာနတွင် ထင်စွာ
ပြနိုင်ခြင်း, မြယုဂန် တောင်မြင့်မိုရ်မှ လိုတော်ရှိရာ စက်အောက်

---

* အပဒါန်ပါဠိ-ပ-ဆ-၇။

မှာလျှင် ညွှတ်ကာ ခံရောက်ရခြင်း, ကိုယ်တိုင်တော်အလားအပွား သောင်းထောင် မကအောင်လျှင် ဖန်ဆောင် စီမံတော် မူနိုင်ခြင်း, ကိုယ်တော်မှိမိ သက်မရှိသည့် ဗောဓိပင်လျက် အထက် အဇ္ဈာ အာကာတိမ်ဗွေ ဟက်လေပြီးခါ ရေမိုးပါကို ထင်စွာ လွှတ်လျက် မြေသို့သက်၍ ပြကတော့ တည်လာခြင်း, ဝိညာဉ်မပါ ဓာတ်တော်သာဖြစ်လျက် ခန္ဓာတည်ငြား မြတ်ဘုရားကဲ့သို့ခြောက် ပါးသော ရောင်ခြည်ကို လွှတ်လျက် ယမိုက်ပြာဋိဟာကို ပြခြင်း အစရှိသော အသီးသီး အံ့ဖွယ်ရေးလည်း အပြီးမတိုင် မကုန်နိုင်ရာ မဟာအစ္ဆရိယ အဗ္ဘုတ အပြားတို့ဖြင့်။ ဗုဒ္ဓါ၊ ဘုရားသခင် ဖြစ် အင်ကြောင်းချာ အရေရာတို့ကို။ အစိန္တိယာ၊ မကြံစည်အပ်ကုန်။ ဓ ါ၊ ကြံစည်ခြင်းငှာ မတတ်လေကုန်။

ဗုဒ္ဓ ဓမ္မာ၊ ဘုရားရှင်တို့ အစဉ်ပြည့်စုံမြဲဖြစ်သော တန်ခိုး ကျော်ဩဘါးတော် ကျေးဇူးတော် ဟူသို့ကိုလည်း။ အစိန္တိယာ၊ ကြံစည် ခြင်းငှာ မလိုက်ပါကုန်။

အစိန္တိယော၊ မကြံစည်နိုင် ကြီးခိုင်လွန်ကျူး ဂုဏ်တော်ထူး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ အစိန္တိယော၊ မကြံစည် နိုင်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။*

အစိန္တိယော၊ မကြံစည်နိုင် ကြီးခိုင်လွန်ကျူး ဘုရားရှင်၏ ဂုဏ် တော်အထူး၌။ ပသန္နာနံ၊ သဒ္ဓါဂုဏ်ကို အလေးထားပြီး ရေးသား သော အကျွန်ုပ်တို့အား။ ဝါ၊ ဤကျမ်းကို မှီခို၍ ကြည်ညို ကြကုန်သော သူတို့အား။ အစိန္တိယော၊ နှစ်ထောင်းအားရ တွေး

* ဤ အဋ္ဌယော ဇနာကား ကျိုးသဲလေးထပ် ဆရာတော် ရေးသား တော်မူခဲ့သော မဟာဝင် ဝတ္ထုမှ ဖြစ်၏။

ဆိတိုင်း မဝနိုင်သော။ ဝိပါကော၊ မိမိအတွက်မှာ ကြည်လင်လှသဖြင့် စိစဉ်သမျှ စခမ်းပေါက်၍ သူတပါးတို့မှာလည်း လျှမ်းတောက်ပြီး ဝမ်းမြောက်သော အကျိုးကို ရသည်။ ဟောတုံဖြစ်ပါစေသတည်း။

**၂။ ဤကျမ်းကို မလေ့လာမိ ရှေးဦးစွာ သတိပြုသင့်သော အကြောင်းအရာ။**

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။ *

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှား ရှင်တော်ဘုရား၌၎င်း။ နိဗ္ဗုတေ စာပိ၊ နိဗ္ဗာန်ဝင်သွား ရှင်တော်ဘုရား၌၎င်း။ စိတ္တေ၊ စိတ်စေတနာ သဒ္ဓါတရားသည်။ သမေ၊ တူမျှသည်ရှိသော်။ ဖလံ၊ အကျိုးသည်။ သမံ၊တူမျှသည်။ ဟောတိ၊ ဖြစ်၏။ စေတော ပဏိဓိ ဟေတုဟိ၊စိတ်စေတနာကို တူစွာထားနိုင်ခြင်းဟူသောအကြောင်းတို့ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိ ဘဝသို့။ ဂစ္ဆန္တိ၊ လားရောက် ရကုန်၏။

(က) သက်တော်ထင်ရှား မြတ်စွာဘုရား။
(ခ) နိဗ္ဗာန်ဝင်ပြီးသော မြတ်စွာဘုရား။

ဤ နှစ်မျိုးသော ဘုရားရှင်တို့အား ကိုးကွယ်ဆည်းကပ် ပူဇော်မှုကို ပြုကြရာ၌ စိတ်စေတနာ သဒ္ဓါယုံကြည်မှုကို တူညီ

---

* ဝိမာနဝတ္ထု ပါဠိတော် ဆ-၆၆။

အောင် ထားကြရမည်။ မြတ်စွာဘုရား ခန္ဓပရိနိဗ္ဗာန်ဝင်စံ ယူတော်သိမ်း၍ ချုပ်ငြိမ်းတော် မူသွားသော်လည်း ကိုယ်စားတော် ဘုရားရှင်တို့ အထင်အရှား ကျန်ရှိ နေသေးသည် ဖြစ်သောကြောင့် သက်တော်ထင်ရှား ကိုယ်တော်တိုင် အလားကဲ့သို့ စိတ်ထားတူမျှ အာရုံပြုကြပြီးလျှင် ကိုးကွယ်ကြ ဆည်းကပ်ကြပါမူကား တူညီစွာ အကျိုးခံစားခွင့်ရှိကြောင်း ဖော်ပြသော ဒေသနာတော်ကို ယုံကြည်စွာ နှလုံးပိုက်ကြရမည်။

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်ဝင်စံတော်မူ ပြီးသည် နောက်ဘုရားရှင်၏ သရီရဓာတ်တော်များကို အဇာတသတ်မင်း စေတီတည်ထား ကိုးကွယ်လျက်ရှိရာ သိတင်းသည်မ တယောက်သည် ၎င်းဓာတ်တော်များကို ကြည်ညိုစွာ အာရုံပြုလျက် ထက်သန်သော သဒ္ဓါတရားဖြင့် ပန်းများဖြင့် ပူဇော်ရန် သွားခိုက်တွင် စေတီတော်သို့ မရောက်မီ နွားငှေ့သော အန္တရာယ်ကြောင့် ၎င်း ဘဝမှ စုတေ၍ ဓာတ်တော်များအား ပူဇော်ရန် သွားသော စိတ်စေတနာ သဒ္ဓါတရားကြောင့် တာဝတိံသာ နတ်ပြည်၌ ပိတ ဝိမာန ပိုင်ရှင် နတ်သမီး ဖြစ်ရလေပြီ။

ဤအတ္ထုပ္ပတ်ကြောင့် ညွှန်ပြခဲ့သော “တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ” စသော ဒေသနာတော် ဖြစ်ပေါ်ရပေသည်။ ဤသို့ သက်တော်ထင်ရှား ဘုရားမရှိသော်လည်း သက်တော်ထင်ရှား ဘုရားကဲ့သို့ စိတ်စေတနာ သဒ္ဓါတရား တူညီစွာ ထားနိုင်ဘို့ အရေးကြီးပါသောကြောင့် ရှေးဦးစွာ ဤစာတမ်းဖြင့် သတိပေးရခြင်း ဖြစ်ပါသတည်း။

## ၁။ ဘုရား နေရာတော် ခင်းထား ထိုက်ကြောင်း။

ဗုဒ္ဓကာလေ ကိရ ယတ္ထ ယတ္ထ ကောပိ ဘိက္ခု
ဝိဟရတိ၊ သဗ္ဗတ္ထ ဗုဒ္ဓါသနံ ပညတ္တမေဝ ဟောတိ။*

ဗုဒ္ဓကာလေ၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော်အခါ၌။ ယတ္ထ ယတ္ထ၊ အကြင်အကြင် ကျောင်း၌။ ကောပိ၊ တပါးတည်းလည်းဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝိဟရတိ၊ နေ၏။ သဗ္ဗတ္ထ၊ ရဟန်းတော်များနေရာ ကျောင်းဟူသမျှတို့၌။ ဗုဒ္ဓါသနံ၊ မြတ်စွာဘုရားနေရာတော်ကို။ ပညတ္တမေဝ၊ ခင်းထားအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသာဓကအရ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော လက်ထက်က ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းဟူသမျှတို့၌ ရှင်တော်မြတ်ဘုရား ကြွလာတော်မူလျှင် အရုံသင့် သီတင်းသုံးတော်မူရန် ဗုဒ္ဓါသန ခေါ်သော "ဘုရား နေရာတော်" ခင်းကျင်း ထားကြကြောင်း အတိအကျ သိမှတ်ရသည်။

ဤ စည်းမျဉ်းအရ ရှေးရှေးက ဆရာ့ဆရာတော်ကြီးများသည်လည်း ကျောင်းဦးဘုရား ခမ်း၌ ဘုရား နေရာတော်များကို ခင်းကျင်း ထားကြကြောင်း အဆင့်ဆင့် ကြားဖူးရသည်။

ထို့ကြောင့် မြတ်စွာဘုရား သာသနာတော်အတွင်း၌ ဘုရားရှင်၏ အာဏာတော်စက် အောက်ဝယ် ဘုရားရှင်၏ ဩဝါဒကို ခံယူ၍ ဘုရားရှင်ကို ကိုးကွယ်နေကြသော ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်း

---

* သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ–ဆ–၄၃။

အထူးသဖြင့် ရဟန်းတော်များ၏ ကျောင်းတိုင်း ကျောင်းတိုင်း၌ "ဗုဒ္ဓါသန ခေါ်သော ဘုရား နေရာတော်" များကို တင့်တယ်စွာ အမွန်အမြတ်ဆုံး စီမံ၍ ခင်းကျင်း ထားသင့်ကြောင်း လေးလေးနက်နက် မှတ်ယူ ရပေမည်။

ဤ၌ စောဒနာဘွယ်ရှိသည်ကား.... ဘုရားလက်ထက်တော်က ဆိုလျှင် ဘုရားရှင် ကိုယ်တော်တိုင်ရှိ၍ ကြွလာတော်မူပါက အရိုသင့်ဖြစ်စေရန် "ဘုရားနေရာတော်ရှိသင့်သည်" ဟူသောယူဆချက်ကို လျှဉ်းပါးဘွယ်မရှိပါ။ ယခုမူကား သက်တော်ထင်ရှား ဘုရားမရှိတော့ပြီဖြစ်သောကြောင့် "အဘယ်ပုဂ္ဂိုလ် ကြွလာမည်နည်း, အဘယ်ပုဂ္ဂိုလ်အတွက် ခင်းထားရာရောက်မည်နည်း" ဟု စောဒနာသည် ဖြစ်အံ့။

**အဖြေကား....** မြတ်စွာဘုရား၏ သရီရ ဓာတ်တော် များ ယခုအခါ အထင်အရှား ရှိသေးသည် ဖြစ်သောကြောင့် ဓာတ်တော်တည်းဟူသော ဘုရားရှင်တို့ ကြွရောက်လာပါလျှင် အရိုသင့်သီတင်းသုံးတော်မူရန်အတွက် "ဓာတ်တော်များ ကျိန်းဝပ်ရန်" နေရာတော်ရှိသင့်ကြောင်း အဖြေမှန်ကို ဖြေကြားသင့်ပေသည်။

ယခု ဘုရားရှိပါသေးသလား........

မြတ်စွာဘုရားသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြု၍ ချုပ်ငြိမ်းကွယ်ပျောက်သွားပြီ'မဟုတ်မါလော၊ အဘယ်မှာ ဘုရားရှိပါသေးသလဲ-ဟု မေးခွဲသည်ရှိသော် အောက်ပါ သာဓကများဖြင့် ယခုအခါ ကိုးကွယ်ရာ ဘုရားထင်ရှားရှိကြောင်း ယုံကြည်ကြရမည်။

## ၄။ မြတ်စွာဘုရား ထင်ရှားရှိကြောင်း။

၁။ ဓာတုစေတီတော်
၂။ ဓမ္မစေတီတော်
၃။ ပရိဘောဂစေတီတော်
၄။ ဥဒ္ဒိဿက စေတီတော်

ဤစေတီတော် လေးမျိုးသည် ယခုအခါ အထင်အရှားရှိသည်ဖြစ်သောကြောင့် မြတ်စွာဘုရားထင်ရှားရှိကြောင်း လေးလေး နက်နက် ယုံကြည်ရမည်၊ ထင်ရှားစေအံ့....

### (၁) ဓာတုစေတီတော်အကြောင်း။

ဓာတုစေတိယံ ပန ဓာတုယော နိဒဟိတွာ ကတံ။*
ဓာတုဂဗ္ဘထူပါ သဓာတုကာ ဓာတုစေတိယံ။**

ဓာတုယော၊ ဓာတ်တော်တို့ကို။ နိဒဟိတွာ၊ ထည့်သွင်း ဌာပနာ၍။ ကတံ၊ တည်ထားပြုစုသော စေတီသည်။ ဓာတုစေတိယံ၊ ဓာတုစေတီမည်၏။

သဓာတုကာ၊ ဓာတ်တော်နှင့်တကွသော။ ဓာတုဂဗ္ဘထူပါ၊ ဓာတ်တော်တိုက်ကို ထည့်သွင်းဌာပနာ၍ တည်ထားသောစေတီသည်။ ဓာတုစေတိယံ၊ ဓာတုစေတီမည်၏။

---

* သာရတ္ထဒီပနီဋီကာ-ပ-ဆ-၁၇၂။
** ခုဒ္ဒကပါဌ် ဋ္ဌကထာ—နိဓိကဏ္ဍသုတ်—၂၃၁။

မြတ်စွာဘုရား ဓာတ်တော်များသည်ရင်း, သရီရဓာတ်တော်များကိုထည့်သွင်းဌာပနာ၍ တည်ထားကိုးကွယ်သောစေတီတော်များသည်ရင်း “ဓာတုစေတီ” မည်၏။ ဓာတ်တော်များရှိပါက ဘုရားရှိကြောင်း ထင်ရှားအောင်ပြဦးမည်။

ဓာတူသု ဟိ ဌိတာသု ဗုဒ္ဓါ ဌိတာ ဝ ဟောန္တိ။*

ဟိ၊ အမှန်အတိုင်း ထင်ရှားအောင်ပြဆိုအံ့။ ဓာတူသု၊ ဓာတ်တော်တို့သည်။ ဌိတာသု၊ တည်ရှိကုန်သေးသည်ရှိသော်။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဌိတာဝ၊ တည်ရှိကုန်သေးသည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသာခကအတိုင်း ဓာတုပရိနိဗ္ဗာန်မစံဝင်သေးမီ မြတ်စွာဘုရားတို့ ထင်ရှားရှိကြောင်း အတိအကျမှတ်ယူရမည်။ (ဓာတုပရိနိဗ္ဗာန်အကြောင်း နောက်၌ ပြလတ္တံ့)။

သာဓက တရပ် တင်ပြဦးမည်။

ကြီးသော ဘုန်းပညာရှိတော်မူ၍ တမ္ဗပဏ္ဏိမည်သောသီဟိုဠ်ကျွန်း၌ သာသနာပြုတော်မူသော အရှင်မဟိန္ဒ ရဟန္တာ အရှင်မြတ်သည် ဒေဝါနံပိယ တိဿမင်းကြီးအား ဤသို့ မိန့်တော်မူ၏။ လူတို့ကို အစိုးရသောမင်းကြီး- ငါတို့သည် နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို မဖူးမြင်ရသည်ကား ကြာမြင့်ပြီ၊ ကိုးကွယ်ရာမရှိသော နေခြင်းဖြင့် ငါတို့ နေရကုန်၏။ ဤအရပ်၌ ငါတို့ ပူဇော်အပ်သော ဆရာသည်

---

* သမန္တပါသာဒိကာ - ဥာဏ်ဝိဘင်း - ဆ - ၄၁၂။

မရှိတော့ချေ။ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်းသို့ သွားလိုသည်-ဟု ဆို၏။

ထိုစကားကို ကြားသော် မင်းကြီးကလည်း "အရှင်ဘုရား သည် အကျွန်ုပ်အား ဘုရားသခင် ပရိနိဗ္ဗာန် ဝင်တော်မူပြီ"ဟု ဟောသည် မဟုတ်ပါလော-ဟု လျှောက်၏။

မြတ်သောမင်းကြီး ဘုရားပရိနိဗ္ဗာန်ဝင်သည်ကား မှန်၏။ ဓာတ်တော်တို့ကို ဖူးမြင်ရသည်ရှိသော် ဘုရားကိုယ်တော်ကို ဖူး မြင်ရသည်နှင့် တူ၏-ဟူ၍ မိန့်တော်မူသော်-"အရှင်ဘုရားတို့သည် စေတီတည်လိုကြောင်းကို ကျွန်ုပ် သိပါပြီ" စေတီတည် လုပ်ပါ အံ့။ ဓာတ်တော်တို့ကို ရအောင်သာလျှင် အရှင်မြတ်တို့ လုံ့လ ပြုတော်မူပါ-ဟု လျှောက်၏။

ဤသို့ ညွှန်ပြအပ်သော မဟာဝင်ကျမ်းလာ ဒေသနာကို ထောက်သဖြင့်လည်း ဓာတ်တော်များသည်ကား ဘုရားကိုယ်စား တော် အမှန်ဖြစ်ကြောင်း ဓာတ်တော်များ ရှိပါက ဘုရား ရှိကြောင်းကို လေးနက်စွာ မှတ်ယူရမည် ဖြစ်၏။

ဤ ဒေသနာတော်များကို လေးနက်စွာ စဉ်းစားကြည့်ပါ လျှင် ဘုရား ဓာတ်တော်များ ထင်ရှားရှိသမျှ ကာလပတ်လုံး ဘုရားရှင်တို့ ထင်ရှားရှိတော် မူကြောင်းကို ယုံကြည်စွာ သိမှတ် ရပါသောကြောင့် ရဟန်းတော်များ ကျောင်းတိုင်း ကျောင်း တိုင်း၌ ဓာတ်တော်များ သိတင်းသုံးရန် "ဓာတု ဗုဒ္ဓါသန" ခေါ်သော နေရာတော် ရှိသင့်ကြောင်း ခင်းကျင်း ထားသင့် ကြောင်း တိုက်တွန်း အပ်ပါသတည်း။

## (၂) ဓမ္မစေတီအကြောင်း

ပဋိစ္စ သမုပ္ပါဒါဒိ လိခိတ ပေါတ္ထကေ
နိဒဟိတွာ ကတံ ပန ဓမ္မစေတိယံ နာမ။*

ပဋိစ္စသမုပ္ပါဒါဒိ လိခိတ ပေါတ္ထကေ၊ ပဋိစ္စ သမုပ္ပါဒ် ဒေသနာ စသည်တို့ကို ရေးသားရာ ပေစာ စသည်တို့ကို။ နိဒဟိတွာ၊ ထည့်သွင်း ဌာပနာ၍။ ကတံ၊ တည်ထား ပြုစုသော စေတီသည်။ ဓမ္မစေတိယံနာမ၊ ဓမ္မစေတီမည်၏။

ပဋိစ္စသမုပ္ပါဒ် စသော ဘုရားမုက္ခပါဠ်တော်များကို ထည့်သွင်းဌာပနာ၍တည်ထားကိုးကွယ်သော စေတီသည် "ဓမ္မစေတီ" မည်၏။ ထင်ရှားစေဦးအံ့-

သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝ မဿ အတီတ
သတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာတိ၊ န ခေါ
ပနေတံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ။ ယော ဝေါ အာနန္ဒ
မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော
သော ဝေါ မမစ္စယေန သတ္ထာ။**

အာနန္ဒ၊ အာနန္ဒာ။ ပါဝစနံ၊ ဘုရား စကားတော်သည်။ အတီတသတ္ထုကံ၊ လွန်ပြီးသော ဘုရားရှိ၏။ နော၊ ငါတို့အား။ သတ္ထာ၊ ဆရာ ဘုရားသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ တုမှာကံ၊ သင်တို့အား။ သိယာ ခေါ ပန၊ စင်စစ်လျှင်။ ဧဝံ၊ ဤသို့ အကြံသည်။ အဿ၊ ဖြစ်ရာ၏။

---

* သာရတ္ထ ဒီပနီဋီကာ ပ-ဆ-၁၇၂။
** မဟာဝဂ္ဂပါဠိ ဆ-၁၂၆။

အာနန္ဒ၊ အာနန္ဒာ။ ဧတံ၊ ထိုအကြံကို။ ဧဝံ၊ ဤသို့ကြံတိုင်း။ နခေါ ပန ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်၊ မမှတ်သင့်။ အာနန္ဒ၊ အာနန္ဒာ။ ဝေါ၊ သင်တို့အား။ မယာ၊ ငါဘုရားသည်။ ယောဓမ္မောစ၊ အကြင် သုတ် အဘိဓမ္မာကိုလည်း။ ဒေသိတော၊ ဟောအပ်ပြီ။ ယောဝိနယောစ၊ အကြင် ဝိနည်းကိုလည်း။ ပညတ္တော၊ ပညတ်အပ်ပြီ။ သော ထိုသုတ်အဘိဓမ္မာ ဝိနည်းသည်။ မမစ္စယေန၊ ငါဘုရားကွယ်လွန်သဖြင့်။ ဝေါ၊ သင်တို့၏၊ သတ္ထာ၊ ဆရာဖြစ်သော ဘုရားပင်တည်း။

ချစ်သား အာနန္ဒာ ဆရာဘုရား ပရိနိဗ္ဗာန်စံလျှင် ငါတို့မှာ ဆုံးမ သွန်သင်မည့်သူ ဆရာဘုရား မရှိတော့ပြီဟူ၍ ကြံစည်တွေးတောကာ ပူပန်ခြင်း မရှိလေနှင့်၊ သင်တို့အား ငါဘုရားသည် သုတ်, အဘိဓမ္မာ, ဝိနည်းဟူသော ပိဋကသုံးဖြာ ပရိယတ်ဒေသနာတော်များကို ဟောကြားတော် မူခဲ့ပြီ။ ထို ပိဋကတ်တော်များသည် ငါဘုရားကွယ်လွန်သည်ရှိသော် သင်တို့၏ဆရာ "ဘုရား" ပင်တည်း- ဟူ၍ ဟောကြားတော်မူခဲ့သောကြောင့် ဗုဒ္ဓပါဝစန ပိဋကတ်တော်များသည်ကား– "ဘုရားမြတ်စွာ" ပင်တည်း။ ပိဋကတ်သုံးဖြာ ပရိယတ္တိဒေသနာတော်များ ပျောက်ကွယ်ခြင်း မရှိသမျှ ကာလပတ်လုံး "ဘုရားရှင်" တို့ ရှိတော်မူကြောင်း မှတ်ရမည်။

တံ သာကလမ္ပိ မယိ ပရိနိဗ္ဗုတေ တုမှာကံ
သတ္ထုကိစ္စံ သာဓေဿတိ။*

---

* မဟာဝဂ္ဂဋ္ဌကထာ-ဆ-၁၈၃။

သကလမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တံ၊ ထိုသုတ် အဘိဓမ္မာ ဝိနည်း-ဟူသော ပိဋကတ်သုံးဖြာ ဒေသနာတော်သည်။ မယိ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် ဝင်စံသည်ရှိသော်။ ဘုမ္မာကံ၊ သင်ချစ်သားတို့၏။သတ္ထုကိစ္စံ၊ ဘုရားအရာ၌တည်သော ကိစ္စကို။ သာဓေဿတိ၊ ပြီးစေလတ္တံ့။

ဤဒေသနာဖြင့်လည်း ပိဋကတ်တော် သုံးပါးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော် မူသည်နောက် "ဓမ္မစေတီဘုရား" အရာ၌တည်ကြောင်း ထင်ရှားသော အထောက်အထား ဖြစ်၏။

အဟံ ဧကော ဝ ပရိနိဗ္ဗာယာမိ၊ အဟာဥ္စ ခေါ ပန ဒါနိ ဧကကော ဝ သြဝဒါမိ၊ အနုသာသာမိ၊ မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ တုမှေ သြဝဒိဿန္တိ အနုသာ သိဿန္တိ။*

အဟံ ဧကော ဝ၊ ငါဘုရား တပါးတည်းသာလျှင်။ ပရိနိဗ္ဗာ သာမိ၊ ပရိနိဗ္ဗာန်စံ၏။ ဣဒါနိ၊ ယခုအခါ၌။ အဟာဥ္စ ခေါ ပန ဧကကော ဝ၊ ငါဘုရားတပါးတည်းသာလျှင်။ သြဝဒါမိ၊ ဆုံးမ နေရ၏။ အနုသာသာမိ၊ တားမြစ်နေရ၏။ မယိ ပရိနိဗ္ဗုတေ၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးသော်။ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ၊ ဤဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တို့သည်။ တုမှေ၊ သင်တို့ကို။ သြဝဒိဿန္တိ၊ ဆုံးမရစ်ကုန်လတ္တံ့။ အနုသာသိဿန္တိ၊ တားမြစ်ရစ်ကုန်လတ္တံ့။

---

* မဟာဝဂ္ဂ ဋ္ဌကထာ-ဆ-၁၈၃။

ငါဘုရားရှိစဉ်က သင်တို့အား ငါဘုရား ဟောပါးတည်းသော ဆုံးမပြသဝါဒပေးနေရ၏။ ငါဘုရား ပရိနိဗ္ဗာန်ပြုခဲ့သော် ဟော ကြားထားခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ သည် သင်တို့အား ဆုံးမရစ်ကုန်လတ္တံ့-ဟူသော ဤဒေသနာ တော်ဖြင့် "ယခုအခါ၌မူကား-ဘုရားတဆူပင်မက ဘုရားပေါင်း ရှစ်သောင်းလေးထောင်ပင်လျှင် ကိုးကွယ်ရာ ဘုရားထင်ရှား ရှိကြောင်း" အတိအကျ မှတ်ယူရမည်ဖြစ်၍ ဘုရားဟော ဒေသနာ ပိဋကတ်တော် ဓမ္မစေတီများ မကွယ်ပျောက်သေးသမျှ ကာလပတ်လုံး "ဘုရားရှင်" တို့အထင်အရှားရှိကြောင်းယုံမှား ဘွယ် မရှိဖြစ်၏။

ကွယ်ပျောက်ခြင်း ငါးမျိုးရှိသည်အနက် ပရိယတ္တိ-ဟူသော ပိဋကတ်တော်ဘုရား ကွယ်ပျောက်ခြင်းသည်ကား-မြတ်စွာဘုရား သာသနာတော် တဖြေးဖြေး ဆုတ်ယုတ် သွားသောအခါ ဘုရား ဟော ဒေသနာများ လေးပါဒရှိသော "ဂါထာ" လောက်ပင် ရှာဖွေမရ မည်သူမျှသိသူ, နားလည်သူ မရှိသောအခါသို့ ရောက် လျှင် ပိဋကတ်တော် ဓမ္မစေတီဘုရား" ကွယ်ပျောက်သည်မည်၏။ ထိုသို့ ပရိယတ္တိ ကွယ်ပျောက်သောအခါကျလျှင် ပိဋကတ်သုံးဖြာ ·ပရိယတ္တိ ဒေသနာဖြစ်သော "ဘုရား" မရှိတော့ပြီ ဖြစ်၏။

(ပရိယတ္တိ ကွယ် ပျောက် ခြင်း အ ကျယ် ကို ကောင်္ဂုတ္တရ အဋ္ဌကထာ ဆမူ ၆၇-မှာ ယူပါကုန်)

မြတ်စွာဘုရား သာသနာတော်ကြီး ကြီးပွားခြင်းကိုအလိုရှိကြ သော သာသန မာမကပုဂ္ဂိုလ်အပေါင်းတို့သည် ဓမ္မစေတီတော် ပိဋကတ်တော်ဘုရားတည်းဟူသော "ပရိယတ္တိသာသနာ" တော်

ကြီးကို အားပေးသင့်, ကူညီသင့်, တိုးတက်အောင် ဆောင်ရွက်သင့်ကြောင်းဖြင့် အကြောင်းဆိုက်သည့်အခါ တိုက်တွန်းလိုက်ချပါသတည်း။

## (၃) ပရိဘောဂစေတီအကြောင်း

ပရိဘုတ္တ]ပကရဏာနိ နိဒဟိတွာ ကတစေတိယံ
ပရိဘောဂ စေတိယန္တိ ဒဠှဗ္ဗံ။*
ဗောဓိရုက္ခော ပရိဘောဂ စေတိယံ။**

ပရိဘုတ္တ]ပကရဏာနိ၊ မြတ်စွာဘုရား အသုံးအဆောင်တော်ဖြစ်သော ရေစစ်, ခါးပန်း, သင်္ကန်း, သပိတ်-စသော အဆောက်အဦတို့ကို။ နိဒဟိတွာ၊ ထည့်သွင်း ဌာပနာ၍။ ကတစေတိယံ၊ ဘည်ထားပြုစုသောစေတီသည်။ ပရိဘောဂစေတိယံ၊ ပရိဘောဂ စေတီမည်၏။ ဣတိ၊ ဤသို့။ ဒဠှဗ္ဗံ၊ မှတ်အပ်၏။

ဗောဓိရုက္ခော၊ ဗောဓိပင်သည်။ ပရိဘောဂစေတိယံ၊ ပရိဘောဂစေတီမည်။

ဤသာခက အတိုင်း မြတ်စွာဘုရား အသုံးအဆောင်တော်ဖြစ်သော "ဗောဓိပင်" နှင့်တကွ ရေစစ်တော်, ခါးပန်းတော်, သင်္ကန်းတော်, သပိတ်တော်, တောင်ဝှေးတော်, ဂန္ဓကုဋီကျောင်းတော် အစရှိသော အဆောက်အဦ ဟူသမျှတို့သည် "ပရိဘောဂစေတီတော်ဘုရား" မည်၏။ ပရိဘောဂစေတီတော်များ ထင်ရှား

---

* သာရတ္ထဒီပနီဋီကာ-ပ-ဆ-၁၇၂။
** ခုဒ္ဒကပါဌ် ဋ္ဌကထာ-နိဓိကဏ္ဍသုတ်-၂၃၁။

ရှိသရွေ့ ကာလပတ်လုံး မြတ်စွာ ဘုရား ထင်ရှား ရှိကြောင်း မှတ်ရမည်။

## (၄) ဥဒ္ဒိဿကစေတီတော်

ဗုဒ္ဓပဋိမာ ဥဒ္ဒိဿက စေတိယံ။*
ပဋိမာရူပဿ ပိ ဥဒ္ဒိဿက စေတိယေနေဝ
သင်္ဂဟိတတ္တာ သုဒ္ဓုတရံ ယုဇ္ဇတိ။**

ဗုဒ္ဓပဋိမာ၊ မြတ်စွာဘုရား ကိုယ်တော်စား ရည်မှတ်၍ သွန်းလောင်းရေးထု ပြုစုကိုးကွယ်အပ်သော ဆင်းတုတော်, ရုပ်ပွားတော်များသည်။ ဥဒ္ဒိဿကစေတိယံ၊ ဥဒ္ဒိဿက စေတီမည်၏။

ပဋိမာရူပဿပိ၊ ဆင်းတုတော်ကိုလည်း။ ဥဒ္ဒိဿက စေတိယေနေဝ၊ ဥဒ္ဒိဿကစေတီဖြင့်သာလျှင်။ သင်္ဂဟိတတ္တာ၊ သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့်။ သုဒ္ဓုတရံ၊ အတိုင်းထက် အလွန်။ ယုဇ္ဇတိ၊ သင့်၏။

ဤဒေသနာတော် အတိုင်း မြတ်စွာဘုရား ကိုယ်တော်စား ရည်မှတ်၍ ရွှေ, ငွေ, ကြေး, သံ, စသည်တို့ကို ပုံသွန်းလောင်းခြင်း, ပုံတော်ရေးခြင်း, ပုံတော်ထုလုပ်ခြင်း, ဓာတ်ပုံတော်ကူး၍ ပူဇော်ခြင်း-စသောအားဖြင့် ပြုလုပ်ကိုးကွယ်ကြသော ဆင်းတုတော်, ရုပ်ပွားတော် မှန်သမျှသည် "ဥဒ္ဒိဿက စေတီဘုရား"

---

* ခုဒ္ဒကပါဌ် ဋ္ဌကထာ·နိဓိကဏ္ဍသုတ်-၂၃၁။
** သာရတ္ထဒီပနီဋီကာ-ပ-ဆ-၁၇၃။

မည်၏။ ၎င်းဥဒ္ဒိဿက စေတီတော်များသည် ယခုအခါ အနှံ့အပြား ထင်ရှားစွာ အပူဇော်ခံလျက် ရှိသော ဘုရားရှင်တို့ပင်တည်း၊ ယင်းဥဒ္ဒိဿက စေတီတော်များ ထင်ရှားရှိသမျှ ကာလပတ်လုံး မြတ်စွာဘုရား ထင်ရှား ရှိကြောင်း မှတ်ရမည်။

## ၅။ စေတီတော်များ ကွယ်ပျောက်ခြင်း အကြောင်း

ပရိယတ္တိ ပဋိဝေဓ ပဋိပတ္တိသင်္ခါတဿ တိဝိဓဿ
ပိ သာသနဿ အန္တရ ဓာနေန ဓာတုပရိနိဗ္ဗာနေ
သတိ တာနိ စေတိယာနိ ဝိနဿန္တိ။*

ပရိယတ္တိ ပဋိဝေဓ ပဋိပတ္တိသင်္ခါတဿ၊ ပရိယတ်၊ ပဋိဝေဓ၊ ပဋိပတ်-ဟု ဆိုအပ်သော။ တိဝိဓဿ၊ သုံးပါးအပြား ရှိသော။ သာသနဿ၊ သာသနာတော်၏။ အန္တရဓာနေန၊ ကွယ်လွန်သဖြင့်။ (ဝါ) ကွယ်လွန်သောကြောင့်။ ဓာတုပရိနိဗ္ဗာနေ၊ ဓာတ်တော်များ ပရိနိဗ္ဗာန်ပြုသည်။ သတိ၊ ရှိသော်။ တာနိစေတိယာနိ၊ ထိုစေတီတော်အပေါင်းတို့သည်။ ဝိနဿန္တိ၊ ပျောက်ကွယ်ကြကုန်လတ္တံ့။

ဤဒေသနာတော် အတိုင်း ဖော်ပြခဲ့သော ဓမ္မစေတီ ခေါ်သော "ပိဋကတ်တော် ဘုရား"၊ ဓာတုစေတီခေါ်သော "ဓာတ်တော်ဘုရား" ဤနှစ်မျိုး ကွယ်ပျောက်သည်ရှိသော်... မြတ်စွာဘုရား အသုံး အဆောင်တော် ဖြစ်သော သပိတ်၊ သင်္ကန်း-အစရှိသော "ပရိဘောဂစေတီတော်များ"၊ ဘုရား အသုံးအဆောင်

---

* သာရတ္ထဒီပနီဋီကာ-ပ-ဆ-၁၇၃။

တော်များကိုထည့်သွင်းဌာပနာ၍ တည်ထားအပ်သော ရန်ကုန်မြို့ "ရွှေတိဂုံစေတီတော်, ပဲခူးမြို့ရွှေမော်ဓောစေတီတော်, စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်" အစရှိသော အဌကျောက်တို့ဖြင့် တည်ထားအပ်သော စေတီတော်ကြီးများ။

ရုပ်ပွား ဆင်းတုတော်များ ဖြစ်သော ဥဒ္ဒိဿက စေတီဟူ၍ သမုတ် ပညတ်အပ်သော ရန်ကုန်မြို့ 'ကိုးထပ်ကြီးဘုရား, ခြောက်ထပ်ကြီးဘုရား, ငါးထပ်ကြီးဘုရား' မန္တလေးမြို့ 'ကျောက်တော်ကြီး ဘုရား, မဟာမုနိရုပ်ရှင်တော်' အစရှိသော စေတီတော်ကြီးများ။ ၎င်းစေတီတော်ကြီးများပါ အားလုံးပျက်ပြုန်း ကွယ်ပျောက်၍ ကိုးကွယ်စရာဘုရားရှင်တို့ မရှိကြတော့ပြီဖြစ်လတ္တံ့။

ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား၏ တပေါင်းတခဲတည်း ကျန်ရစ်ခဲ့သော ဓာတ်တော်များကို "တယူဇနာ" အမြင့်ရှိသော ကြီးစွာသော စေတီတော်ကြီးတည်ထားခဲ့သော်လည်း သာသနာ တော်ကုန်၍ ဓာတုပရိနိဗ္ဗာန် စံပြီးသောအခါ အလွန်ကြီးမားမြင့်မောက်သော ယင်းစေတီတော်ကြီးပါ ကွယ်ပျောက်ခဲ့ခြင်းမှာ သာဓကတရပ် ဖြစ်ပေသည်။

(ဤကျမ်းငယ်၌ ဓာတုစေတီတော်အကြောင်းကိုသာ ပဓာနထား၍ ညွှန်ပြလိုသောကြောင့် တပါးသော စေတီတော်များအကြောင်းအရာကို ကျယ်အံ့စိုး၍ ချုံးခဲ့ပြီ။ စေတီတော်လေးပါးအကျယ်ကို အလိုရှိပါမူ ညွှန်ပြခဲ့သော ကျမ်းဂန်များမှ၎င်း, မိုင်းခိုင်ဆရာတော်၏ "တိပေဋကဝိနိစ္ဆယကျမ်း" ပထမတွဲမှ၎င်း ယူပါကုန်)။

**မြွတ် (၂)**

## ၆။ ဓာတ်တော်များ ပင့်ဖိတ်ခြင်း

တိုက်တွန်းသူသည် ဤဒေသနာတော်များကို တွေ့ရှိကာ စဉ်းစားဆင်ခြင်၍ မှန်ကန်စွာ အားထုတ် သင့်သော နည်းလမ်းဟု ယုံကြည်စွာ သိမှတ်ရပါသောကြောင့် "မဟာဗုဒ္ဓါသန နေရာတော်" ကို ခင်းကျင်း စီမံဖန်တီးပြီးလျှင် ဓာတ်တော်များ ကြွရောက် မလာသေးမီ ဘုရားနေရာတော်ကို "ပရိဘောဂစေတီ" အဖြစ်ဖြင့် ကြည်ညို ကိုးကွယ်လျက် နေ့စဉ် နေ့တိုင်း မြတ်စွာ ဘုရားဓာတ်တော်များ ကြွရောက်ကာ အပူဇော် ခံတော်မူရန် ပင့်လျှောက်သော "ဓာတုနိမန္တနကထာ" စာတန်းများဖြင့် ရွတ်ဖတ် သရဇ္ဈာယ်၍ ပင့်လျှောက်ခြင်းပြု၍ နေ၏။ (ဓာတ်တော်ပင့်သော စာတန်းများကို နောက်၌ ပြလတ္တံ့။)

## ၇။ ဓာတ်တော်များ ကြွရောက်တော်မူခြင်း

လေးမြတ်ယုံကြည်စွာ နေ့စဉ်နှင့်အမျှပင် ပင့်လျှောက်ခြင်း၊ ဓာတ်တော်များ ကြွရောက် သီတင်းသုံးတော်မူရန် ပြင်းပြသော စိတ်ဆန္ဒဖြင့် တောင့်တ ပန်ကြားလျက်နေသည့်အပြင်....

ပုညဉ္စေ ပုရိသော ကယိရာ၊
ကယိရာ တံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊
သုခေါ ပုညဿ ဥစ္စယော။ *

---

* မူလပဏ္ဏာသ အဋ္ဌကထာ-ပြည်ကြီး မဏ္ဍိုင်-ဒု-၂၅၊

ပုရိသော၊ ယောကျ်ားသည်။ ပုညံ၊ ကောင်းမှုကုသိုလ်ကို။ စေကယိရာ၊ အကယ်၍ ပြုလုပ်သည်ဖြစ်အံ့။ နံ၊ ထို မိမိ အားထုတ်သည့် ကောင်းသောအလုပ် ဖြစ်သော ကုသိုလ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝ၊ မပြတ်မလပ် အထပ်ထပ်။ ကယိရာ။ ပြုရာ၏။ တမှိ၊ ထို ကုသိုလ်အလုပ်၌။ဆန္ဒံ၊ အလိုဆန္ဒကို။ (ဥဿာဟံ၊ အားထုတ်ခြင်းကို။ ထည့်) ကယိရာထ၊ ပြုရာ၏။ ကိံကာရဏာ၊ အဘယ်ကြောင့်နည်း-ဟူမူကား။ပုညဿ၊ ကောင်းမှု၏။ ဥစ္စယော၊ တိုးပွားခြင်းသည်။ သုခေါ၊ လိုတိုင်းပြည့်ဝ ချမ်းသာရ၏။

ကောင်းသော အလုပ်ကို ပြုလုပ်သည်ဖြစ်အံ့- ထိုအလုပ်ကို တကြိမ်နှင့်မတန်ဘဲ အထပ်ထပ်ပြုလုပ်ပါ။ထိုအလုပ်၌အားထုတ်၍ ဘဲ့ကောင်းသောဆန္ဒကို ဦးတည်လုပ်ပါ။ ကောင်းသော အလုပ် တိုးတက်လာလျှင် တောင့်တတိုင်း ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ချမ်းသာရာကို ရနိုင်၏။

ဤ ဒေသနာတော်အတိုင်း မလျှော့သောဆန္ဒဖြင့် အထပ်ထပ် ပင့်ဖိတ်ခြင်း, စုံစမ်းခြင်း, ဓာတ်တော်များ ရရှိနိုင်ရန် အကူအညီတောင်းခြင်း, မြို့ရွာနယ်ပယ် အရပ်ရပ်သို့ မှာကြားချာဖွေခြင်းသော ပြင်းပြသော ဆန္ဒဖြင့် အားထုတ်မှုတို့ကြောင့် မြတ်စွာဘုရား၏ သာရီရိက စေတီဖြစ်သော "ဘုရားဓာတ်တော်များသည်" အမြို့မြို့ အနယ်နယ်မှ ကြွရောက်တော်မူပြီးလျှင် အတူးတလည် ခင်းကျင်း စီမံထားသော "မဟာဗုဒ္ဓါသန ပလ္လင်တော်" ၌ ကြွရောက်စမွယ် သီတင်းသုံးတော်မူလျက် ရှိလေပြီ။

## ဂ။ ကျေးဇူးတင်စကား ပြောကြားခြင်း

မြတ်စွာဘုရား၏ ဓာတ်တော်များနှင့် ပတ်သတ်၍ ကျေးဇူးတင်စကား ပြောကြားလိုသည်မှာ—အလိုဆန္ဒ ပြင်းပြစွာဖြင့် ကြောင့်ကြစိုက်၍ ရှာဖွေ ပင့်ဖိတ်နေဆဲမှာပင်—

(၁) ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်တိုက် အနုနာယက ဆရာတော် ဦးဇောတိက အထံမှ-ဘုရားဓာတ်တော် (၁၂) ဆူ။

(၂) မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် လက်ဝဲရွာ ကျောင်းသစ်ကျောင်း ဆရာတော် ဦးသီဟ အထံမှ ဘုရားဓာတ်တော် (၃၆၁) ဆူ။

(၃) မုံရွာမြို့နယ် မအူရွာ ရွှေတာဦး ကျောင်းတိုက် အတွင်းရှိ မဏိစည်သူမင်း တည်ထားခဲ့သော ဖောင်တော်ဦး စေတီတော်မှ ဓာတ်တော်များကို ၎င်းရွာ ဘုရားကြီးကျောင်း ဘုန်းတော်ကြီး ဦးပါရမီ အထံမှ ရခဲ့သဖြင့် ညောင်ပင်စောက်ရွာ စေတီရာမကျောင်း ဘုန်းကြီး ဦးဝိသုတ ပင့်ဆောင်ခဲ့သော ဘုရားဓာတ်တော် (၂၁) ဆူ။

(၄) နွားထိုးကြီးမြို့နယ် လျှော်ဖြူရွာ ဦးဘိုးမြစ် အထံမှ ရခဲ့သော ဘုရားဓာတ်တော် (၁၃) ဆူ။

(၅) ဒေါပုံမြို့သစ်နေ ဆရာဦးအောင်ဘုံ အထံမှ ရခဲ့သော ဘုရားဓာတ်တော် (၁) ဆူ။

ဝင်းဘုရားခတ်တော်ပေါင်း (၄၀၈) ဆူကို အသီးအသီး ပင့်ဆောင်ကာ လာရောက်အပ်နှင်း၍ ရှက်ဆောင် ပေးတော်မူကြသော ပုဂ္ဂိုလ်အပေါင်းတို့အား များစွာ ကျေးဇူး တင်သောအားဖြင့် ဤ စာတမ်း၌ ထည့်သွင်း၍ မှတ်တမ်းတင် အပ်သည် ဖြစ်ပါသတည်း။ (ဣစ္ဆိတံ ပတ္ထိတံ တုမှာကံ ခိပ္ပမေဝ သမိဇ္ဈတု၊ အလိုရှိတိုင်း တောင့်တတိုင်း လျင်မြန်စွာ ပြည့်စုံကြပါစေ)။

တိုက်တွန်းသူကဲ့သို့ ခတ်တော်များကို ပူဇော် ကိုးကွယ်လိုကြသော ပုဂ္ဂိုလ်များသည် မိမိတို့ နေရာ၌ အထွဋ် အမြတ်ဖြစ်သော ဓာတုဗုဒ္ဓါသန ပလ္လင် "ဘုရား နေရာတော်" ကို ဘင့်တယ်စွာ စီမံ ခင်းကျင်းထားပြီးလျှင် စိတ်ဆန္ဒ ပြင်းပြစွာဖြင့် ဂရုတစိုက် ရှာဖွေခြင်း, တောင့်တခြင်း, ပင့်ဖိတ်ခြင်း ပြုလုပ်သင့်ကြောင်း နည်းလမ်းပေး၍ တိုက်တွန်း အပ်ပါသတည်း။

## ၉။ ခတ်တော်များ ပင့်ဆောင် ပူဇော်ထိုက်ကြောင်း

ဒီဃာယုက ဗုဒ္ဓါနံ ပန သုဝဏ္ဏက္ခန္ဓော ဝိယ
ဧကဃနံ ဓာတုသရီရံ တိဋ္ဌတိ။*

ဒီဃာယုက ဗုဒ္ဓါနံ၊ သက်တော်ရှည်သော ဘုရားရှင်တို့၏။ ဓာတုသရီရံ၊ သရီရ ခတ်တော်သည်။ သုဝဏ္ဏက္ခန္ဓော ဝိယ၊ ရွှေတုံးကြီးကဲ့သို့။ ဧကဃနံ၊ မခြားမကွဲ တပေါင်းတခဲတည်း ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။

---

* မူလပဏ္ဏာသ အဋ္ဌကထာ ပြည်ကြီးမဏ္ဍိုင်-ဒု-၂၇။

ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော "ကကုသံ" မြတ်စွာဘုရားသည်ကား- သက်တော် လေးသောင်း ရှည်တော်မူ၏။ ပရိနိဗ္ဗာန် ဝင်စံလတ်သော် သရီရ ဓာတ်တော်များမှာ ပျံ့နှံ့ပြိုကွဲခြင်း မရှိမူ၍ တပေါင်းတခဲ တစုတည်းသာ ကျန်ရစ်တော်မူ၏။ ၎င်း ကကုသံ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များကို စေတီတည်ထား ကိုးကွယ်ကြရာ စေတီတော် ဥဒ္ဒက်တော်အမြင့်မှာ "တဂါဝုတ်" ရှိသောဟူ၏။ *

ဤ ဘဒ္ဒကမ္ဘာ၌ပင်လျှင် ပွင့်တော်မူပြီးသော "ကဿပ" မြတ်စွာဘုရားသည်ကား-သက်တော် နှစ်သောင်း ရှည်တော်မူ၏။ ပရိနိဗ္ဗာန် ပြုတော်မူလတ်သော် သရီရ ဓာတ်တော်များမှာလည်း ပျံ့နှံ့ ပြိုကွဲခြင်းမရှိ၊ တပေါင်းတခဲ တစုတည်းသာဖြစ်၍ မည်သို့မျှ ခွဲဝေပြန့်ကြဲအောင် ပြုပြင်၍ မရကုန်။ ၎င်း ကဿပ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များကို စေတီတည်ထား ကိုးကွယ်ကြရာ စေတီတော်၏ ဥဒ္ဒက်တော်အမြင့်မှာ "တယူဇနာ" အမြင့် ရှိတော်မူ၏။ **

ဤသို့လျှင် သက်တော်ရှည်သော မြတ်စွာဘုရားတို့၏ သရီရ ဓာတ်တော်များသည် တစုတပေါင်းတည်းသာ ကျန်ရစ်တော်မူသောကြောင့် စကြာဝဠာတိုက် အလုံးတွင် စေတီတော် တဆူ တည်းသာ တည်ရှိသည်ဖြစ်၍ ထို ဘုရားရှင်တို့၏ သာသနာတော်နှင့် ကြုံကြိုက်ကြကုန်သော အချို့လူတို့မှာ စေတီတော်ကို ပူဇော် ကိုးကွယ်ခွင့် မရကြကုန်။

---

* ဗုဒ္ဓဝံသပါဠိ-ဆ-၃၇၃။
** ဗုဒ္ဓဝံသပါဠိ-ဆ-၃၇၉။

သက်တော် တိုသည်ဖြစ်၍ အသက်ရှစ်ဆယ်မျှသာ စံတော်မူသွားရသော ငါတို့၏ ကိုးကွယ်ရာ "ဂေါတမ ရှင်တော်ဘုရား" ၏ သာသနာ့တော်ဝယ် ကြုံကြိုက် ကြရသော ယခုလူများမှာ မူကား–အပုံ့အနှံ့ တည်ရှိတော်မူသော ဓာတ်တော် စေတီများကို ဖူးမျှော် ပူဇော်ခွင့် ရကြသဖြင့် ထူးကဲသော အခွင့်ကောင်းကို ကျော်လွန်၍ မသွားကြရန် သတိပြုအပ် လှပေသတည်း။

အပ္ပါယုကာနံ ဟိ သရီရဓာတု နကေဃနာ
ဟောတိ၊ အစိဋ္ဌာနာနု ဘာဝေန ဝိပ္ပကိရိယတိ၊
တေနေဝ အမှာကံပိ ဘဂဝါ နစိရဋ္ဌိတိကော၊
အပ္ပကေဟိ သတ္တေဟိ အဟံ ဒိဋ္ဌော၊ ယေဟိ န
ဒိဋ္ဌော၊ တေဝ ဗဟုတရာ။ တေ မေ ဓာတုယော
အာဒါယ တတ္ထ တတ္ထ ပူဇေန္တာ သဂ္ဂပရာ
ယဏာ ဘဝိဿန္တီတိ ပရိနိဗ္ဗာန ကာလေ အတ္တနော
သရီရံ ဝိပ္ပကိရိယတူတိ အဓိဋ္ဌာသိ။*

အပ္ပါယုကာနံ၊ သက်တော်တိုသော မြတ်စွာဘုရားတို့၏။ သရီရ ဓာတု၊ သရီရဓာတ်တော်များသည်။ ကေဃနာ၊ တပေါင်း တခဲ တဆူတည်းသည်။ နဟောတိ၊ မဖြစ်။ အဓိဋ္ဌာ နုဘာဝေန၊ အဓိဋ္ဌာန် ခဲ့သော အာနုဘော်တော်ကြောင့်။ ဝိပ္ပကိရိယတိ၊ ကစင့်ကလျား ပျံ့နှံ့ကြဲတော်မူ၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ အမှာကံပိ၊ ငါတို့၏လည်း။ ဘဂဝါ၊ ဂေါတမ ရှင်တော်ဘုရား

---

* မူလပဏ္ဏာသ အဋ္ဌကထာ-ဝမ္မိကသုတ်-ပြည်ကြီးမဏ္ဍိုင်-ဒု-၂၅။

သည်။ အဟံ၊ ငါကား။ နစိရဋ္ဌိတိကော၊ ကြာမြင့်စွာတည်ရမည် မဟုတ်။ အပ္ပကေဟိ၊ အနည်းငယ်ကုန်သော။သတ္တေဟိ၊ သတ္တဝါ တို့သည်။ အဟံ၊ ငါ့ကို။ ဒိဋ္ဌော၊ ဖူးမြင်ဘူးကြ၏။

ယေဟိ၊ အကြင်သူတို့သည်။ နဒိဋ္ဌော၊ မမြင်ဘူးကြပေ။ တေဝ၊ မမြင်ဘူးကြသော ထိုသူတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ တေ၊ ထို မမြင်ဘူးကြသော သူတို့သည်၊ မေ၊ ငါဘုရား၏။ ဓာတု ယော၊ ဓာတ်တော်တို့ကို။ အာဒါယ၊ ပင့်ဆောင် ကြကုန်၍။ တတ္ထ တတ္ထ၊ ထိုထိုသော အရပ်ဌာနၥ်။ ပူဇေန္တာ၊ ပူဇော်ကြကုန် လျက်။ သဂ္ဂပရာ ယဏာ၊ နတ်ရွာသို့ လားရောက်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ ဆင်ခြင်တော်မူ၍။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန် ပြုလုံးအခါ၌။အတ္တနော၊ မိမိ၏။ သရီရံ၊ ကိုယ်တော်သည်။ ဝိပ္ပကိရိယတု၊ ကစင့်ကရဲ ပျံ့ကြဲစေ သတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန်တော် မူခဲ့လေပြီ။

သက်တော်တိုသော မြတ်စွာဘုရားတို့၏ သရီရဓာတ်တော် များသည် တစုတပေါင်းတည်း, တဆုတည်း မဖြစ်ကုန်။ မြတ်စွာ ဘုရားတို့၏ အဓိဋ္ဌာန် အာနုဘော်ကြောင့် အစိတ်စိတ် အကွဲကွဲ ပျံ့ကြဲလျက် ဖြစ်တော်မူကုန်၏။

ထို့ကြောင့် ငါတို့ မြတ်စွာဘုရားသည်လည်း ငါဘုရားမှုကား ရှည်မြင့်စွာ နေရမည်မဟုတ်။ အနည်းငယ်မျှသော သတ္တဝါတို့ သည်သာ ငါဘုရားကို ဖူးမြင်ဘူးကြကုန်၏။ မဖူးမြင်ဘူးသော သူကသာ များကြပေသည်။ ထိုသူတို့သည် ငါဘုရား၏ ဓာတ် တော်များကို ပင့်ဆောင်၍ ထိုထိုအရပ်၌ ပူဇော်သက္ကာရ ပြုကြ ပါကုန်မူကား-အပါယ်လေးပါးမှလွတ်ကင်း၍ သုဂတိ နတ်ပြည်၌

ဖြစ်ကြကုန်လတ္တံ့ဟု ဆင်ခြင်တော်မူပြီးလျှင် ပရိနိဗ္ဗာန်ပြုသောအခါ၌ ငါ၏ကိုယ်တော်သည် အစိတ်စိတ် အကွဲကွဲ ပျံ့ကြဲလျက် တည်ရစ်စေသတည်း-ဟု အဓိဋ္ဌာန်တော် မူခဲ့ပြီ။

ထိုကြောင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို မတွေ့ကြုံကြရ, မဖူးမျှော်ကြရသော ကျန်ရစ်သူ ဝေနေယျ သတ္တဝါများအပေါ်၌ သနားခြင်း ကရုဏာ ရှိတော်မူသော မဟာ ကာရုဏိကဂုဏ်ရှင် ဘုရားသခင်၏ ရည်ရွယ်တော် မူချက်အတိုင်း နတ်ရွာသုဂတိသို့ လားရောက်ရခြင်းတို့အပြင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရစေနိုင်သော "ဥပနိဿယ" နှင့် ပြည့်စုံစေခြင်းငှာ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ပင့်ဆောင် ပူဇော် ထိုက် ကြောင်း သိမှတ် ကြရမည် ဖြစ်သတည်း။

## ၁၀။ ဓာတ်တော်များ စေတီဘည်ထားထိုက်ကြောင်း

စတု မဟာပထေ တထာဂတဿ ထူပေါ
ကာတဗ္ဗော၊ တတ္ထယေမာလံဝါဂန္ဓံဝါစုဏ္ဏကံဝါ
အာရောပေဿန္တိဝါ အဘိဝါဒေဿန္တိဝါ
ပသာဒေဿန္တိ။ တေသံ တံ ဘဝိဿတိ ဒီဃရတ္တံ
ဟိတာယ သုခါယ။*

စတုမဟာပထေ၊ ခရီးလမ်းမ လမ်းလေးခွ၌။ တထာဂတဿ၊ ငါဘုရား၏။ ထူပေါ၊ ကိုးကွယ်ရာ စေတီတော်ကို။ ကာတဗ္ဗော၊

---

* မဟာဝဂ္ဂပါဠိ-ဆ-၁၁၇။

တည်ထားကိုးကွယ်အပ်၏။ တတ္ထ၊ ထိုစေတီတော်၌။ ယေ၊ အကြင်သူတို့သည်။ မာလံဝါ၊ ပန်းကိုငှင်း။ ဂန္ဓံဝါ၊ နံ့သာကိုငှင်း။ စုဏ္ဏကံဝါ၊ နံ့သာမှုန့်ကိုငှင်း။ အာရောပေဿန္တိဝါ၊ တင်၍ လှုမူလည်း လှုဒါန်းကုန်ငြားအံ့။အဘိဝါဒေဿန္တိဝါ၊ ရှိသေစွာ ရှိခိုးမူလည်း ရှိခိုးကုန်ငြားအံ့။ စိတ္တံ၊စိတ်ကို။ပသာဒေဿန္တိဝါ၊ ကြည်ညိုမူလည်း ကြည်ညိုစေကုန်ငြားအံ့။ တေသံ၊ ထိုသူတို့၏။ တံ၊ ထိုသို့လှုဒါန်းခြင်း, ရှိခိုးခြင်း, စိတ်ကို ကြည်ညိုစေခြင်းသည်။ ဒီဃရတ္တံ၊ ရှည်စွာသော ညဉ့်ပတ်လုံး။ ဟိတာယ၊ အစီးအပွား ပြည့်စုံခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ငါဘုရား၏ သရီရဓာတ်တော်များကို လူတို့ သွားလာမှု လွယ်ကူရာ တွေ့မြင်မှု ထင်ရှားရာ ဖြစ်သောလမ်းဆုံ လမ်းမ လမ်းလေးခွစသည်တို့၌ စေတီတည်ထား ကိုးကွယ်အပ်၏။ ကိုးကွယ်ကြလေ၊ ထိုစေတီ၌ ပန်း, နံ့သာ, နံ့သာမှုန့် စသည်တို့ဖြင့် ပူဇော်ခြင်း, ရှိခိုးခြင်း, စိတ်ကိုကြည်ညိုစေခြင်း အမှုပြုသော သူတို့အားရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး စီးပွားချမ်းသာ ဖြစ်လတ္တံ့-ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြားခွင့်ပြုတော်မူခဲ့သော ဤ ဒေသနာတော်အရ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို စေတီတည်ထား ကိုးကွယ်ထိုက်ကြောင်း မှတ်သား ကြရမည်။

ထိုမှတပါးလည်း-

စတ္တာရောမေ အာနန္ဒ ထူပါရဟာ။*

---

* မဟာဝဂ္ဂပါဠိ-ဆ-၁၁၇။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ထူပါရဟာ၊ စေတီတည်ထား ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်တို့သည်။ ဣမေစတ္တာရော၊ ဤလေးပါး တို့တည်း။ ဤသို့ စသည်ဖြင့် စေတီတည်ထား ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်လေးပါးကို မြတ်စွာဘုရား မိန့်ကြားတော် မူခဲ့သည်မှာ—

(၁) သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား။
(၂) ပစ္စေက ဗုဒ္ဓါဘုရား။
(၃) မြတ်စွာဘုရား၏ တပည့်ဖြစ်သော အရိယ သာဝက။
(၄) စကြာမင်း။

ဤသို့ ခွင့်ပြု မိန့်ကြားတော်မူခဲ့သော ပုဂ္ဂိုလ်လေးပါးတို့ အနက် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည်ကား- စေတီတည်ထား ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်တို့တွင် အထွဋ်အမြတ်ဆုံး အထင် ရှားဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်းမှာ ပေါ်လွင်ပြီး ဖြစ်လေပြီ။

ထိုမှတပါးလည်း—

ဘဂဝါ ပန နစိရံ ဌတွာ ပရိနိဗ္ဗာယာမိ၊ မယှံ သာသနံ တာဝ သဗ္ဗတ္ထ န ဝိတ္ထာရိတံ၊ တသ္မာ ပရိနိဗ္ဗုတဿာပိ မေ သာသပ မတ္တမ္ပိ ဓာတုံ ဂဟေတွာ အတ္တနော အတ္တနော ဝသနဋ္ဌာနေ စေတိယံ ကတွာ ပရိစရန္တော မဟာဇနော သဂ္ဂ ပရာ ယနော ဟောတူတိ ဓာတူနံ ဝိကိရဏံ အဓိဋ္ဌာသိ။*

---

* မဟာဝဂ္ဂ ဋ္ဌကထာ-ဆ-၁၉၆။

ဘဂဝါပနာ၊ မြတ်စွာဘုရားသည်ကား။ အဟံ၊ ငါသည်။ နစိရံ၊ မကြာမြင့်မီ။ ဌတွာ၊ တည်၍။ ပရိနိဗ္ဗာယာမိ၊ ပရိနိဗ္ဗာန် ပြုရတော့အံ့။ မယှံ၊ ငါ၏။ သာသနံ၊ သာသနာတော်သည်။ ဘာဝ အတိဝိယ၊ အလွန်လျှင်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ် ဒေသတို့၌။ နဝိတ္ထာရိတံ၊ မပျံ့နှံ့သေး။ တသ္မာ၊ ထို့ကြောင့်။ ပရိနိဗ္ဗု တဿာပိ၊ ပရိနိဗ္ဗာန် ပြုလတ္တံ့သည်လည်း ဖြစ်သော။ မေ၊ ငါ၏။ သာသပမတ္တံပိ၊ မုန်ညင်းစေ့ ပမာဏမျှ ရှိသည်လည်း ဖြစ်သော။ ဓာတုံ၊ ဓာတ်တော်ကို။ ဂဟေတွာ၊ ပင့်ဆောင်၍။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဝသနဋ္ဌာနေ၊ နေရာအရပ်၌။ ခေတိယံ၊ စေတီကို။ ကတွာ၊ ပြု၍။ ပရိစရန္တော၊ လုပ်ကျွေးပြုစု ပူဇော် ဆည်းကပ်သော။ မဟာဇနော၊ လူအပေါင်းသည်။ သဂ္ဂပရာယဏော၊ သုဂတိ နတ်ရွာသို့ လားရောက်သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့ ဆင်ခြင် စဉ်းစား နှလုံးထား၍။ ဓာတူနံ၊ ဓာတ်တော်တို့၏။ ဝိကိရဏံ၊ အစိတ်စိတ် အမြွာမြွာ အဖြာဖြာ အနဲနဲ ပျံ့ကြဲစွာ ဖြစ်ပေါ်ရစ်အောင်။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန်တော် မူခဲ့လေပြီ။

မဟာကာရုဏိကဂုဏ်ရှင် ဘုရားသခင်သည် ငါဘုရားမူကား မကြာမြင့်မီ ပရိနိဗ္ဗာန် ပြုရတော့မည်၊ ငါ၏သာသနာ အဆုံးအမ ဒေသနာတော်များမှာ အမြို့မြို့ အသွယ်သွယ် အနယ်နယ်၌ ထင်ရှားကျယ်ပြန့်အောင် မရှိသေး။

ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ငါဘုရား၏ မုန်ညင်းစေ့ မျှပမာဏ သေးငယ်လှသော ဓာတ်တော်များကိုပင် ပင့်ဆောင် ယူငင်ကြ၍ မိမိတို့နေရာ ရပ်ရွာ ဌာန ထိုထိုဒေသတို့၌ စေတီ

တည်ကြပြီးလျှင် ဆည်းကပ် ကော်ရော် ပူဇော်ခြင်း ပြုကြသော လူများအပေါင်းသည်သုဂတိနတ်ရွာသို့ကောင်းစွာရောက်ကြောင်း အကျင့်ကောင်းတခု ဖြစ်စေသတည်း-ဟု ကျန်ရစ်သူ တပည့်သား အပေါင်းတို့အား အလွန်သနားတော်မူလှသော မဟာကရုဏာ တော် စိတ်ဓာတ်ဖြင့် ကိုယ်တော်မှဖြစ်သော သရီရ ဓာတ်တော် များသည် အစိတ်စိတ် အမွှာမွှာ အဖြာဖြာ အကွဲကွဲ ပျံ့ကြဲ အောင် ဖြစ်ရစ်စေသတည်း-ဟု အဓိဋ္ဌာန်တော်မူခဲ့သော ဒေသနာ တော်ကိုလည်း ထောက်ထားကြပြီးလျှင် မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များကို စေတီ တည်ထား ကိုးကွယ်ထိုက် ကြောင်း ယုံကြည်လေးစားစွာ မှတ်သားကြရမည် ဖြစ်၏။

ထိုမှတပါးလည်း ယခုလိုအခါ၌ နိဗ္ဗာနဓာတ်နန်းသို့ ကြွမြန်း စံယူတော်မူသော မြတ်စွာဘုရား၏ မုန်ညင်းစေ့ပမာဏဖြစ်သော ဓာတ်တော်မျှကိုပင်လျှင် ပင့်ဆောင်၍ စေတီတော် တည်ထား ကြပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် တူမျှသဒ္ဓါ ယုံကြည်စွာ ပူဇော် ကိုးကွယ်ကြပါမူကား တူမျှသော အကျိုး ရှိကြောင်းကို အောက်ပါဒေသနာတော်ဖြင့် သိမှတ်ကြရမည်။

ယော စ ပူဇေယျ သမ္ဗုဒ္ဓံ၊
တိဋ္ဌန္တံ လောကနာယကံ။
ဓာတုံ သာသပမတ္တမ္ပိ၊
နိဗ္ဗုတဿပိ ပူဇယေ။ ။

သမေ စိတ္တေ ပသန္နမှိ၊
သမံ ပုညံ မဟဂ္ဂတံ။

တသ္မာ ဟိ ထူပံ ကတွာန၊
ပူဇေယျ ဇိနဓာတုယော။ *

ယောစ၊ အကြင်သူသည်လည်း။ တိဋ္ဌန္တံ၊ သက်တော်ထင်ရှား ရှိသော။ လောကနာယကံ၊ လူသုံးပါးတို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေယျ၊ ပူဇော်ရာ၏။ ယောစ၊ အကြင်သူသည်လည်း။ နိဗ္ဗုတဿ၊ ပရိနိဗ္ဗာန် ယူတော်မူပြီးသော မြတ်စွာဘုရား၏။ သာသပမတ္တံ၊ မုန်ညင်း စေ့ ခန့် လောက်သော။ ဓာတုံပိ၊ ဓာတ်တော်ကိုလည်း။ ပူဇယေ၊ ပူဇော် ရာ၏။

တေသံ၊ ထိုသူနှစ်ယောက်တို့၏။ ပသန္နမိ၊ ကြည်ညိုသော။ စိတ္တေ၊ စိတ်သည်။ သမေ၊ တူမျှသည် ရှိသော်။ မဟဂ္ဂတံ၊ ကြီးမြတ်သော။ ပုညံ၊ ကောင်းမှုသည်။ သမံ၊ တူမျှသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာဟိ–တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဇိနဓာတုယော၊ မြတ်စွာဘုရား ဓာတ်တော်တို့ကို။ ထူပံ၊ စေတီ တော်ကို။ ကတွာန၊ ထည့်သွင်းတည်ထားသည်ကိုပြု၍။ ပူဇေယျ၊ ပူဇော်ရာ၏။

အကြင်သူသည် သက်တော်ထင်ရှား ဘုရားမြတ်စွာကို ပူဇော် ကိုးကွယ်ရာ၏။ အကြင်သူသည် မြတ်စွာဘုရား ကွယ်လွန်သွားနိဗ္ဗာန် ဝင်စံတော်မူသော်လည်း ကိုယ်တော်မြတ်ကို ရည်မှတ်၍ ကိုယ်စား တော်စား ရုပ်ပွားဆင်းတုတော်, ဓာတ်တော်, မွေတော်တို့ကို ပူဇော် ကိုးကွယ်ရာ၏၊ ထိုသူနှစ်ယောက်တို့သည် စေတနာ တူမျှ

* ထေရဂါထာ အဋ္ဌကထာ–ပ–ဆ–၁၉၃။

ကြသည်ရှိသော် တူမျှသောအကျိုးကို ရနိုင်သည် – ဟူသော ကျမ်းလာထောက်ရှု သာဓကစုကို အလေးပြု ယုံကြည်ကြလျက် သရိရ ဓာတ်တော်များကို စေတီ တည်ထားထိုက်ကြောင်း မှတ်သားကုန်ရာသတည်း။

## ၁၁။ အမှန်အစဖြစ်သော ဓာတ်တော်စေတီများ

ဓာတ်တော်များကို စေတီ တည်ထားထိုက်ကြောင်း ညွှန်ပြသော ဤစကားရပ်၌- မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် သဗ္ဗညု ရှင်တော်ဘုရား၏ အဆုံးအမတော်ကို နာယူ၍ အစဉ်းစွာ လိုက်နာကျင့်ကြံသောအနေဖြင့် ဗုဒ္ဓ ဓာတ်တော်များကို အမှန်အစ ပထမဦးစွာ စေတီတည်ထား ကိုးကွယ်ကြသော ဒါယကာများနှင့်–ဓာတ်တော် စေတီတော်များတည်ရှိရာဌာနကို အောက်ပါအတိုင်း ညွှန်ပြလိုက်သည်။

အကြောင်းရင်းမှာမူကား....

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူကြောင်း ကြားသိရသောအခါ ခုနစ်ပြည်ထောင်မင်းများနှင့် ဝေဋ္ဌဒီပကပုဏ္ဏားမင်း ရှစ်ပြည်ထောင်မင်းတို့သည် အချင်းချင်း အောက်ကျမခံ မင်းသံကြိမ်းပ ဒေါမာန်ထလျက် သူ့ထက်သူ တန်ခိုးပြပြီးလျှင် ဗုဒ္ဓကား ငါ့ဆရာ၊ ငါတို့သာ အကြောင်းဆိုက်သဖြင့် ဓာတ်တော်ကို ရထိုက်သည်–ဟု တိုက်ခိုက်ဆုံညင်း သေနင်ကျင်း၍ စစ်ခင်းကြတော့မည်အခြေသို့ ရောက်သောအခါ ဒေါနပုဏ္ဏား ဖြန်ဖြေနားချ၍ တရားပြပြီးလျှင်....

ဘဂဝတော သရီရာနိ အဌမာ သမံ
ဝိဘဇိတွာ။*

ဒေသနာတော်အတိုင်း ဘုန်းတော်ကြီးမား ရှင်တော်ဘုရား၏ သရီရ ဓာတ်တော်များကို ပိုင်းခြားကာ ရှစ်ပုံ ရှစ်စု ပြု၍ အညီအမျှ ပေးဝေလိုက်သောအခါ–မိမိတို့ ဝေစုရသော ဓာတ်တော်များကို အသီးအသီး ပင့်ဆောင်ကြပြီးလျှင်....

(၁) ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းတည်သော စေတီတော်တဆူ။

(၂) ဝေသာလီပြည်၌ လိစ္ဆဝီမင်းများ တည်သော စေတီတော်တဆူ။

(၃) ကပိလဝတ်ပြည်၌ သာကီဝင်မင်းများ တည်သော စေတီတော်တဆူ။

(၄) အလ္လကပ္ပတိုင်း၌ ဗုလမင်းတို့ တည်သော စေတီတော်တဆူ။

(၅) ရာမ ရွာ၌ ကောလိယမင်းတို့ တည်သော စေတီတော်တဆူ။

(၆) ဝေဌဒီပက တိုင်း၌ နေသော ဝေဌဒီပက ပုဏ္ဏား တည်သော စေတီတော်တဆူ။

---

* သုတ်မဟာဝါပါဠိ ဆ–၁၃၇။

(၇) ပါဝါမြို့၌ မလ္လာမင်းများ တည်သော စေတီတော်တဆူ။

(၈) ကုသိနာရုံပြည်၌ မလ္လာမင်းများ တည်သော စေတီတော်တဆူ(ဤရှစ်ဆူသောစေတီများနှင့်တကွ)

(၉) ဒေါနပုဏ္ဏားမ ဓာတ်တော်ချင်ခွက်ကိုယူ၍ တည်သော တုမ္ဗစေတီတော်တဆူ။

(၁၀) ပိပ္ပလိဝနအရပ်၌ မောရိယမင်းတို့ နောက်ဆုံး ရရာ မီးသွေးကို ယူ၍တည်သော အင်္ဂါရစေတီတော်တဆူ။

ဤစေတီတော်ဆယ်ဆူတို့သည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက် အမှန်အစ ပထမဦးစွာ ဖြစ်ပေါ်လာသော နတ်, လူတို့၏ ကိုးကွယ်ရာ စေတီတော်တို့ ဖြစ်၏။

(သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာန သုတ်တော်မှ)

## ၁၂။ ပုံ့နှံ့တည်ရှိသော ဓာတ်တော်စေတီများ

ဧဝံ ပတိဋ္ဌိတေသု ပန ထူပေသု မဟာကဿပ-
ထေရော ဓာတူနံ အန္တရာယံ ဒိသွာ ရာဇာနံ
အဇာတသတ္တုံ ဥပသင်္ကမိတွာ မဟာရာဇ ဧကံ
ဓာတုနိဓာနံ ကာတုံ ဝဋ္ဋတီတိ အာဟ။*

ဧဝံ၊ ဤသို့။ ထူပေသု၊ စေတီတို့သည်။ ပတိဋ္ဌိတေသု၊ တည် ကုန်ပြီးသော်။ မဟာကဿပထေရော၊ အရှင်မဟာကဿပထေရ်

---

* သုတ်မဟာဝါ အဋ္ဌကထာ-ဆ-၂၀၃။

သည်။ဓာတူနံ၊ ဓာတ်တော်တို့၏။ အန္တရာယံ၊မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီး အံ့သော အန္တရာယ်ကို။ ဒိသွာ၊ မြင်၍။ အဇာတသတ္တု၊ အဇာတသတ္တု အမည်ရှိသော။ ရာဇာနံ၊ မင်းကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ မဟာရာဇ၊ မင်းမြတ်။ ဧကံ၊ တခုသော။ ဓာတုနိဓာနံ၊ ဓာတ်တော်ကို ဌာပနာခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့၊ အာဟ၊ ဆို၏။

ဤဒေသနာအတိုင်း ဓာတ်တော်စေတီ "ဆယ်ဆူ" တည်ပြီး သည်ရှိသော် အရှင်မဟာကဿပ မထေရ်မြတ်သည် ရတနာ သုံးပါးကို မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် ဓာတ်တော် တို့ကို ဖျက်ဆီးကုန်လတ္တံ့-ဟူသော အန္တရာယ်ကို မြင်တော်မူ၍ အဇာတသတ်မင်းနှင့် တွေ့ဆုံပြီးလျှင် "မြတ်သောမင်းကြီး-ဘုရား ဓာတ်တော်များကို သိမ်းဆည်း သိုမှီးထားမှ သင့်လျော်မည်" ဟု တိုင်ပင်တော်မူပြီးလျှင်....

အမင်းမင်းတို့ သွားလေရာရာ ယူဆောင်ကိုးကွယ်ကြသော "ပရိဘောဂဓာတ်တော်" များနှင့် ရာမရွာက ဓာတ်တော်များကို ချွင်းချန်ထားပြီးလျှင် အားလုံးသော ဓာတ်တော်များကို တန်ခိုး တော်ဖြင့် အရှင်မဟာကဿပထေရ်မြတ် ပင့်ဆောင်ပေးလေ၏။

အဇာတသတ်မင်းသည် အားလုံးသော ဗုဒ္ဓဓာတ်တော်များကို အလွန့်အလွန် လုံခြုံသည်ထက်လုံခြုံအောင် စေတီတော် အဆင့်ဆင့် အထပ်ထပ် ဖုံးဖိ အုပ်ချုပ်၍ သိကြားမင်းအကူအညီဖြင့် ခိုင်ခန့်စွာ စီမံဆောင်ရွက် သိမ်းဆည်း၍ "ဓာတုနိဓာန စေတီတော်" ကို တည်ထားခဲ့၏။

အနာဂတေ ပိယဒါသော နာမ ကုမာရော
ဆတ္တံ ဥဿာပေတွာ အသောကော ဓမ္မရာဇာ
ဘဝိဿတိ၊ သော ဣမာ ဓာတုယော ဝိတ္ထာရိကာ
ကရိဿတိ။*

နောင်သောအခါ ပိယဒါသ အမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ အသောက အမည် ရှိ သော ဓမ္မရာဇာမင်း ဖြစ်လတ္တံ့။ ထို အသောက မင်းသည် ဤ ဓာတ်တော်တို့ကို နိုင်ငံတော်အဝှန်း ပျံ့နှံ့အောင်ပြုပြီးလျှင် ကိုးကွယ်ခြင်းပြုလတ္တံ့-ဟူ၍ ရွှေပြား၌ ကမ္ဗည်းအက္ခရာ ရေးထိုး၍ အရှင်မဟာကဿပ ထေရ် ထားတော်မူခဲ့၏။

ကာလ ကြာညောင်းသော နောင်အ ခါ သာသနာတော် (၂၁၈)ခုနှစ်၌ မင်းအဖြစ်သို့ရောက်၍ အလွန်ပင် ကျော်စော ထင်ရှားတော်မူသော သီရိဓမ္မာသောကမင်းကြီးသည် အရှင် မဟာကဿပ၏ ဗျာဒိတ်တော် ကမ္ဗည်းအက္ခရာများကို တွေ့ရှိ ဖတ်ကြားရသောအခါ အရှင်မြတ်သည် ထိုအခါကပင် ငါ့ကို မြင်ခဲ့လေပြီ-ဟု ဝမ်းမြောက်ဝမ်းသာ လက်ပန်းပေါက်ခပ်ပြီးလျှင် အဇာတသတ်မင်း တည်ထားခဲ့သော ဓာတ်တော်များကို ထုတ်ယူ ပင့်ဆောင်ကာ မိမိပိုင် နိုင်ငံတော် အဝှန်း ရှိ မြို့ရွာပေါင်း ရှစ်သောင်းလေးထောင်တို့၌ စေတီတော်ပေါင်း ရှစ်သောင်း လေးထောင် အပျံ့အနှံ့ တည်ထားကိုးကွယ်တော်မူစေ၏။

---

* သုတ်မဟာဝါ အဋ္ဌကထာ—ဆ—၂၀၄။

ယခုတိုင်အောင် ဓာတ်တော်များ ဌာပနာ၍ တည်ထားခဲ့သော စေတီတော်များကို အနှံ့အပြား အမြို့မြို့ အရပ်ရပ်တိုင်း ကိုးကွယ်ပူဇော်ရခြင်း၊ ငါတို့ဌာနီ မြန်မာပြည်၌လည်း ဓာတ်တော် စေတီတော်များ အနှံ့အပြား ရှိ၍ ဘုရားရှင်အား ကိုးကွယ်ပူဇော်မှု ပြုရခြင်းတို့မှာ– ပါဋလိပုတ်ပြည်ရှင် ဘုရင် သီရိဓမ္မာသောကမင်းကြီး၏ ကျေးဇူးတော်ပေတကား – ဟု များစွာ ကျေးဇူးတင်ထိုက်ပါပေ၏၊ ကျေးဇူးတင်ကြပါကုန်။

ဓမ္မာသောကမင်းကြီး ပြုလုပ်ခဲ့သော ကျေးဇူးဂုဏ်ကို အာရုံပြု၍ ကျေးဇူးတင်ခြင်းသည်လည်း "ကတညုတ မင်္ဂလာ" တပါး ဖြစ်၍ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်၏။

## ၁၃။ အသမ္ဘိန္န ဓာတ်တော် ခုနစ်ဆူ

ဥဏှီသံ စတဿော ဒါဌာ၊  
အက္ခကာ ဒွေစ ဓာတုယော။  
အသမ္ဘိန္နာ ဣမာ သတ္တ၊  
သေသာ ဘိန္နာဝ ဓာတုယော။ ။*

ဥဏှီသံ၊ — သင်းကျစ်တော်ရင်း။  
စတဿောဒါဌာ၊ — စွယ်တော်လေးဆူတို့ရင်း။  
ဒွေအက္ခကာ၊ — ညှပ်ရိုးတော်နှစ်ဆူတို့ရင်း။

* ဗုဒ္ဓဝံသပါဠိ-ဆ-၃၇၄။

သတ္တာ၊ — ခုနစ်ဆူကုန်သော။
ဏ္ဏမာဓာတုယော — ဤဓာတ်တော်တို့သည်။
အသမ္ဘိန္နာ၊ — မကွဲမပြိုသော အသမ္ဘိန္နဓာတ် တော်တို့တည်း။
သေသာ၊ — ကြွင်းကုန်သော။
ဓာတုယော၊ — ဓာတ်တော်တို့သည်။
ဘိန္နာဝ၊ — ပြိုကွဲကုန်သည်သာလျှင်တည်း။

## ၁၄။ သင်းကျစ်တော် ညှပ်ရိုးတော်များ တည်ရာ

ဥဏှီသံ သီဟဠဒီပေ၊
ဗြဟ္မလောကေ စ ဝါမကံ။
သီဟဠေ ဒက္ခိဏက္ခဉ္စ၊
သဗ္ဗပေတာ ပတိဋ္ဌိတာ။ ။*

ဥဏှီသံ၊ — သင်းကျစ်တော်သည်။
သီဟဠဒီပေ၊ — သီဟိုဠ်ကျွန်း၌။
ဝါမကံ၊ — လက်ဝဲ ညှပ်ရိုးတော်သည်။
ဗြဟ္မလောကေ၊ — ဗြဟ္မာပြည်၌။
ဒက္ခိဏက္ခဉ္စ၊ — လကျာညှပ်ရိုးတော်သည်လည်း။
သီဟဠဒီပေ၊ — သီဟိုဠ်ကျွန်း၌။

* ဗုဒ္ဓဝံသပါဠိ–ဆ-၃၀၄။

ဓာတုသမ္ဗာ၊ — ဤအလုံးစုံသော ဓာတ်တော်တို့သည်။
ပတိဋ္ဌိတာ၊ — တည်ကြကုန်၏။

## ၁၅။ စွယ်တော်လေးဆူတို့၏ တည်ရာ

ဧကာ ဒါဌာ တိဒသပုရေ၊
ဧကာ နာဂပုရေ အဟု။
ဧကာ ဂန္ဓာရ ဝိသယေ၊
ဧကာ ကလိင်္ဂရာဇိနော။ ။*

ဧကာဒါဌာ၊ — လကျ်ာအထက် စွယ်တော်တဆူသည်။
တိဒသပုရေ၊ — တာဝတိံသာ နတ်ပြည်၌။
ဧကာ၊ — လကျ်ာအောက် စွယ်တော်တဆူသည်။
နာဂပုရေ၊ — နဂါးပြည်၌။
ဧကာ၊ — လက်ဝဲအထက် စွယ်တော်တဆူသည်။
ကလိင်္ဂရာဇိနော၊ — ကလိင်္ဂမင်း နိုင်ငံ၌။
ဋ္ဌိတာ၊ — တည်တော်မူသည်။
အဟု၊ — ဖြစ်ပြီ။

## ၁၆။ သမ္ဘိန္န ဓာတ်တော်များ တည်ရာ

စတ္တာလီသ သမဒန္တာ၊
ကေသာ လောမာ စ သဗ္ဗသော။

---

* ဗုဒ္ဓဝံသပါဠိ-ဆ-၃၈၄။

ဒေဝါ ဟာရိံသု ကောကံ၊
စက္ကဝါဠ ပရမ္ပရာ။ ။*

| | |
|---|---|
| စတ္တာလီသ သမဒ္ဒန္တာ၊ | —လေးဆယ် အညီအမျှရှိသော သွားတော်တို့ကိုရင်း။ |
| ကေသာလောမာစ၊ | —ဆံတော်မွေးညင်းတော်တို့ကိုရင်း။ |
| ကောကံ၊ | —တဆူ တဆူစီ။ |
| စက္ကဝါဠ ပရမ္ပရာ၊ | —စကြာဝဠာအဆင့်ဆင့်သို့။ |
| သဗ္ဗသော၊ | —အကြွင်းမဲ့အားဖြင့်။ |
| ဒေဝါ၊ | —နတ်တို့သည်၊ |
| ဟာရိံသု၊ | —ပင့်ဆောင်ကြကုန်ပြီ။ |

(အမှာစကား-ကြွင်းသောဓာတ်တော်များ၏တည်ရာဌာနကို ဗုဒ္ဓဝံသ ပါဠိတော်မှ ယူပါကုန်။ မြန်မာလို သက်သက်သိလိုသော သူတို့သည် လက်ျာဖက်၌ ဖော်ပြထားသော ဘာသာပြန်ကို ဖတ်ပါ။ အနက်ပါဠိ အပြည့်အစုံ ရွတ်ဖတ်လိုသူများ- သို့မဟုတ် ကျက်မှတ်လိုသူများသည် လက်ဝဲ, လက်ျာ ပါဠိမြန်မာ တွဲဖက်၍ ရွတ်ဖတ်ပါ)

## ၁၇။ ပါဠိဘာသာအတွက် အထူးတိုက်တွန်းချက်

ပါဠိဘာသာ ခေါ်သော မဂဓ သာသာသည်ကား-ကမ္ဘာဦးသူများ, ဗြဟ္မာများ, တပါးသော စကားကို မကြားဘူး

* ဗုဒ္ဓဝံသပါဠိ-ဆ-၃ဂ၄။

ကုန်သော တောကြီးသားများနှင့် သဗ္ဗညု မြတ်စွာဘုရားများ သုံးစွဲပြောဆိုသော "မူလဘာသာ" ဖြစ်၏။

အထူးအားဖြင့် ဗုဒ္ဓ ရှင်တော်မြတ်သည် ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်ရှိသော မိမိ၏ စကားတော်များကို မဂဓ ဘာသာဖြင့်သာလျှင် ပါဠိတော်အစဉ်သို့ တင်သွင်း ဟောကြား ထားတော်မူခဲ့၏။

> သမ္မာသမ္ဗုဒ္ဓေါ ပိ တေပိဋကံ ဗုဒ္ဓဝစနံ တန္တိံ
> အာရောပေန္တော မာဂဓ ဘာသာယ ဧဝ
> အာရောပေသိ။*

သမ္မာသမ္ဗုဒ္ဓေါပိ၊ မြတ်စွာဘုရားသည်လည်း။ တေပိဋကံ၊ ပိဋကတ်သုံးပုံ-ဟုဆိုအပ်သော။ ဗုဒ္ဓဝစနံ၊ မိမိဟောကြား ဘုရားစကားကို။ တန္တိံ၊ ပါဠိတော် အစဉ်သို့။ အာရောပေန္တော၊ တင်သည်ရှိသော်။ မာဂဓ ဘာသာယ ဧဝ၊ မဂဓဘာသာဖြင့်သာလျှင်။ အာရောပေသိ၊ မိန့်မြွက် ဟောကြား တင်ထားတော်မူခဲ့ပြီ။

ပဋ္ဌိဘာသာဖြစ်သောမဂဓ ဘာသာသည်ကား-ငါတို့ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား သုံးနှုန်း ဟောကြားသော ဘာသာ ဖြစ်ပေသည်-ဟု ဘုရားရှင်သို့ ရောက်အောင် အာရုံပြု၍ ဘုရားဟော ဒေသနာ ပါဠိ အက္ခရာများကို ရွတ်ဖတ် သရဇ္ဈာယ် ကြရန် တိုက်တွန်းပါသည်။

---

* သမ္မောအဋ္ဌကထာ-ပဋိသမ္ဘိဒါ ဝိဘင်္ဂ-ဆ-၃၇၂။

ကတ္တဗ္ဗ မေဝိဒန္တိ အရိယ ဘာဝံ နိယာယ သမာဒိန္န ပဏီတံ။*

မေ၊ ငါသည်။ ဣဒံ၊ ဤအမှုကို။ ကတ္တဗ္ဗံ၊ လိုက်နာပြုကျင့်ဆိုက်၏။ ဣတိ၊ ဤသို့။အရိယဘာဝံ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင် သူတော်စင်တို့ ပြုမှုကျင့်ကြံသော နည်းလမ်းကို။ နိယာယ၊ မှီ၍။ သမာဒိန္နံ၊ ကျင့်ကြံသော အပြုအမူသည်။ ပဏီတံ၊ မွန်မြတ်၏။

ဤ သာဓကကို ထောက်ထားကြ၍ ဗုဒ္ဓတရားတော်များကို ပါဠိ အက္ခရာပါ တွဲဖက်ပြီး ရွတ်ဖတ် ကျက်မှတ်ခြင်း ပြုကြပါမူ ဘုရားရှင်တို့ သုံးနှုန်း ပြုမူသော အကျင့်ကို အတုလိုက်၍ ကျင့်ရာရောက်သောကြောင့် မြင့်မြတ်သော အကျိုးကိုပင် ခံစားခွင့် ရနိုင်သည်။ ထို့ကြောင့်-ပါဠိဘာသာ အက္ခရာများကို မိမိချည်း မဖတ်ဘတ်ပါမူ ဖတ်ဘတ်သောသူများထံ၌ လေ့ကျက် ဆည်းပူး၍ ရွတ်ဖတ်သင့်ကြောင်း တိုက်တွန်းပါသည်။

## ၁၇။ ဓာတ်တော်သုံးဖြာ ကြည်ညိုစရာ

မဟန္တာ မုဂ္ဂမာသာ စ၊
မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပ မတ္တာစ၊
နာနာ ဝဏ္ဏာစ ဓာတုယော။**

---

* ဝိသုဒ္ဓိမဂ်-ပထမ-ဆ-၁၃။
** ဗုဒ္ဓဝံသပါဠိ-ဆ-၃၇၄။

မဟန္တာ၊ — အကြီးဖြစ်သော ဓာတ်တော်တို့သည်။
မုဂ္ဂမာသာ၊ — ပဲနောက်စေ့ ပမာဏ ရှိကုန်၏။
မဇ္ဈိမာ၊ — အလတ်ဖြစ်သော ဓာတ်တော်တို့သည်။
ဘိန္နတဏ္ဍုလာ — ဆန်ကျိုး ပမာဏ ရှိကုန်၏။
ခုဒ္ဒကာ၊ — အငယ်ဖြစ်သော ဓာတ်တော်တို့သည်။
သာသပမတ္တာ၊ — မုန်ညင်းစေ့ ပမာဏ ရှိကုန်၏။
ဓာတုယော၊ — ဓာတ်တော်တို့သည်။
နာနာဝဏ္ဏာစ၊ — အသီးအသီး မတူသောအဆင်း ရှိကြကုန်၏။

## ၁၉။ ဓာတ်တော်များ အဆင်းတော်နှင့် အချင့်ပမာဏ

မဟန္တာသုဝဏ္ဏ ဝဏ္ဏာ၊
မုတ္တာဝဏ္ဏာ စ မဇ္ဈိမာ။
ခုဒ္ဒကာ ဗကုလဝဏ္ဏာ စ၊
သောဠသ ဒေါနမတ္တိကာ။*

မဟန္တာ ပဉ္စ နာဠိယော၊
နာဠိယော ပဉ္စ မဇ္ဈိမာ
ခုဒ္ဒကာ ဆ နာဠိစေဝ၊
တော သဗ္ဗာပိ ဓာတုယော။*

မဟန္တာ — ကြီးကုန်သော ဓာတ်တော်တို့သည်။
သုဝဏ္ဏဝဏ္ဏာ — ရွှေအဆင်းရှိကုန်၏။

---

* ဗုဒ္ဓဝံသပါဠိ-ဆ-၃၈၄။

မဇ္ဈိမာ၊ — အလတ်ဖြစ်သောခေတ်တော်တို့သည်၊
မုတ္တာဝဏ္ဏာ၊ — ပုလဲအဆင်း ရှိကုန်၏။
ခုဒ္ဒကာ၊ — အငယ်ဖြစ်သောခေတ်တော်တို့သည်။
ဗကုလဝဏ္ဏာ၊ — ချယားစေ့ အဆင်းရှိကုန်၏။
မဟန္တာ၊ — ကြီးကုန်သော ခေတ်တော်တို့သည်၊
ပဉ္စနာဠိယော၊ — ငါးပြည် ရှိကုန်၏။
မဇ္ဈိမာ၊ — အလတ်ဖြစ်သောခေတ်တော်တို့သည်
ပဉ္စနာဠိယော၊ — ငါးပြည် ရှိကုန်၏။
ခုဒ္ဒကာ၊ — အငယ်ဖြစ်သော ခေတ်တော်တို့သည်၊
ဆ နာဠိစော၊ — ခြောက်ပြည် ရှိကုန်၏။
သဗ္ဗာပိ — အလုံးစုံကုန်သော၊
ဧတာ ခေတုယော၊ — ထိုမြတ်စွာဘုရားခေတ်တော်တို့သည်၊
သောဠသ ဒေါဏ
မတ္တိကာ၊ — တဆယ့် ခြောက်ပြည်မျှ ရှိကုန်၏။

(ရှင်းလင်း ဖော်ပြချက်-ညွှန်ပြခဲ့သော ခေတ်တော်များ၏ အချင့် ပမာဏသည်ကား "ဗုဒ္ဓဝံသ ပါဠိတော် မြန်မာပြန်" အတိုင်းဖော်ပြခြင်း ဖြစ်၏။ ၎င်းအတိုင်းဆိုလျှင် မြတ်စွာဘုရား ခေတ်တော်များ၏ အချင့်ပမာဏမှာ တဆယ့်ခြောက်ပြည် "တတင်း" ပမာဏ ရှိ၏။)

နလာဋ ခေတုဝင်တွင် ဘုရားခေတ်တော်သည် တင်းအားဖြင့် နှစ်တင်းရှိသည်၊ ဒေါဏအားဖြင့် ရှစ်ဒေါဏရှိ၍ စလယ်ဟူသော ကွမ်းစားအားဖြင့် တရာ့နှစ်ဆယ်ရှစ်စလယ် ရှိသည်-ဟု ပြလို ရကား—

စက္ခုမန္တဿဘာဂဝတောသရီရဓာတု အဌဒေါဏ
မတ္တံ သုဝဏ္ဏနာဠိယာ ကေသတ အဌမိသတိ
နာဠိကာ အဟောသိ-

ဟူ၍ ဆိုကြောင်း ကျိုးသဲလေးထပ် ဆရာတော်၏ "ဇိနတ္ထပကာသနီကျမ်း" ၌ ညွှန်ပြချက်အားဖြင့် မြတ်စွာဘုရား၏ သရီရဓာတ်တော်များသည် "နှစ်တင်း" ပမာဏ ရှိ၏။

ဓာတ်တော်များ၏ အချင့်ပမာဏ ယူဆပုံ ဝါဒကွဲများကို ကျယ်အံ့စိုး၍ ချုံးလိုက်သည်။ ဤအရာ၌ ဝိနိစ္ဆယ ပြုရန်ကား "မဟာဝိသယ" ဖြစ်၍ မိမိအရာ မဟုတ်-ဟု ယူဆပါသည်။

သာသပမတ္တမ္ပိ ဓာတုံ ဂဟေတွာ-ဒေသနာတော်က ပြသော ကြောင့် မုန်ညင်းစေ့ ပမာဏလောက် ဓာတ်တော်တဆူမျှကိုပင် ပူဇော်ကိုးကွယ်ပါက သဂ္ဂပရာယဏဖြစ်၍ အချင့်အတွယ် ပမာဏ သိရန်မှာ အဓိက မဟုတ်ကြောင်း ရှင်းပြအပ်ပါသတည်း။

ဤတွင် ပထမပိုင်း ပြီးပြီ။

# ဒုတိယပိုင်း

ဤ ဒုတိယပိုင်းဖြင့် သဗ္ဗညု ဘုရားရှင်၏ သရီရ ဓာတ်တော်များကို ကိုးကွယ် ဆည်းကပ် ပူဇော်ကြခြင်းကြောင့် ရရောက်ခံစားကြရမည်ဖြစ်သော အကျိုးအာနိသင်တို့ကို ဖော်ပြလိမ့်မည်။

## ၂၀။ မြတ်စွာဘုရားသိတင်းသုံးရာ အရပ်၌ ဘေးရန်ကင်းကြောင်း

ယတ္ထ ကိရ ဘဂဝါ ပဋိဝသတိ၊ တတ္ထ မဟေသက္ခာ
ဒေဝတာ အာရက္ခံ ဂဏှန္တိ၊ တံ နိဿာယ
မနုဿာနံ ဥပဒ္ဒဝေါ နဟောတိ။ ပံသုပိသာစကာ-
ဒယော ဝေ ဟိ မနုဿေ ဝိဟေဌေန္တိ၊ တေ
တာသံ အာနုဘာဝေန ဒူရံ အပက္ကမန္တိ၊ အပိစ
ဘဂဝတော မေတ္တာဗလေန ပိ န အမနုဿာ
မနုဿေ ဝိဟေဌေန္တိ။*

ယတ္ထ၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဋိဝသတိ၊ သိတင်းသုံးတော်မူ၏။ တတ္ထ၊ ထိုအရပ်၌။ မဟေသက္ခာ

---

* သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ-ဆ-၂၅၆။

တန်ခိုးကြီးကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ အာရက္ခ၊
အစောင့်အရှောက်ကို။ ဂဏှန္တိ၊ ယူကုန်၏။ တံ၊ ထိုတန်ခိုး ကြီး
သော နတ်တို့၏ အစောင့်အရှောက်ကို။ နိဿာယ၊ မှီ၍။
မနုဿာနံ၊ လူတို့အား။ ဥပဒ္ဒဝေါ၊ ဘေးရန်သည်။ နဟောတိ၊
မဖြစ်။ ပံသုပိသာစကာ ဒယော ဝေ၊မြေဘုတ်ဘီးလူးအစရှိသည်
တို့သည်သာလျှင်။မနုဿေ၊ လူတို့ကို။ဝိဟေဌေန္တိ၊ ညှဉ်းဆဲနှိပ်စက်
ကုန်၏၊ တေ၊ ထိုမြေဘုတ်ဘီလူး အစရှိသည်တို့သည်။ တာသံ၊
ထိုတန်ခိုးကြီးသော နတ်တို့၏။ အာနုဘာဝေန၊ တန်ခိုးအာနု
ဘော်ကြောင့်။ ဒူရံ၊ ဝေးသောအရပ်သို့၊ အပက္ကမန္တိ၊ ဖဲသွား
ကြရကုန်၏။ အပိစ၊ စင်စစ်သော်ကား။ ဘဂဝတော၊ မြတ်စွာ
ဘုရား၏။ မေတ္တာ ဗလေနာပိ၊ မေတ္တာတော် အစွမ်းကြောင့်
သည်း။ အမနုဿာ၊ ဘီလူး, သဘက်တို့သည်။ မနုဿေ၊လူတို့ကို။
နဝိဟေဌေန္တိ၊ မနှိပ်စက်, မညှဉ်းဆဲနိုင်ကြကုန်။

ဤဒေသနာတော်ဖြင့် ညွှန်ပြတော် မူသည်မှာ အရဟံ
ဂုဏ်တော်ရှင် ဖြစ်တော်မူသော ဗုဒ္ဓရှင်တော် မြတ်ဘုရား
သီတင်းသုံးတော်မူရာ အရပ်၌ တန်ခိုးကြီးသောနတ်များ လာ
ရောက်ပြီးလျှင် ရှင်တော်မြတ်ဘုရားထံ ဆည်းကပ်ကြသည်၊ စောင့်
ရှောက်ကြသည်။ ထို နတ်ကြီးများ လာရောက် စောင့်ရှောက်
မှုကြောင့် လူတို့ကို နှိပ်စက်, ညှဉ်းဆဲတတ်, ဥပါဒ် ဖြစ်အောင်
ပြုလုပ်တတ်သော မြေဘုတ်ဘီးလူးစသော မကောင်းဆိုးဝါး
သတ္တဝါအများတို့သည် ဘုရားရှင် သီတင်းသုံးရာ အနီးအစပ်၌
ချဉ်းကပ် မှီခို၍မနေနိုင်ကြပဲ အဝေးသို့ ရှောင်လွှဲ ဖဲခွာ၍
သွားကြရမည်။

မြတ်စွာဘုရား၏ မေတ္တာတော်ဓာတ် ဂုဏ်တော်မြတ်ကြောင့်လည်း မကောင်းဆိုးဝါး သတ္တဝါအများတို့သည် လူတို့ကို နှိပ်စက်ညှင်းဆဲ အကျိုးနဲ့အောင် မပြုလုပ်ဝန့်ကြပဲ ဓေးရာသို့ ရှောင်လွှဲ ထွက်ခွာ သွားကြရမည် ဖြစ်၏။

ထိုနည်းအတူ ရှင်တော်မြတ်ဘုရား၏ ကိုယ်စားတော်ဖြစ်သော သရီရ ဓာတ်တော်များ စမွယ်ရာဒေသ သီတင်းသုံးရာဌာနသို့လည်း ဂုဏ်သိန်ကြီးမြင့် အဆင့်အတန်းရှိသော လူကြီးများ လာရောက်သောအခါ ဂုဏ်ဝါနဲ့ပါး အောက်တန်းစားဖြစ်သော သူများ ရှောင်ရှားဖယ်ခွာ၍ သွားကြရသလို ဘုရားရှင်အား အဖူးအမျှော် လာရောက်ကြသော တန်ခိုးကြီးသော နတ်များ၏ အရှိန်အစော်ကြောင့် ယုတ်ညံ့သော မိစ္ဆာကောင်များ ရှောင်ဖယ် သွားကြရမည် ဖြစ်သောကြောင့် သရီရ ဓာတ်တော်များကို ပင့်ဖိတ် ကိုးကွယ် ထားကြခြင်းကြောင့် ဘေးအန္တရာယ် ကင်းခြင်းတည်းဟူသော လက်ငင်းခံစားကြရမည့် အကျိုးကိုလည်း သုံကြည်စွာ အာရုံ ပြုကြရမည် ဖြစ်ပါသတည်း။

## ၂၁။ ဓာတ်တော် ပူဇော်ခြ[illegible] အကျိုးကိုပြသော

### ဓာတုပူဇကမ[illegible]ဿ။

နိဗ္ဗုတေ လောက နာယမှိ၊
သိဒ္ဓတ္ထေ လောကနာယကေ။
မမ ဉာတီ သမာနေတွာ၊
ဓာတုပူဇံ အကာသဟံ။

အဟံ၊ ငါသည်။ လောက နာယကော၊ လောကတွင် တဦး ဂုဏ်တော် အထူးကြောင့် အကြီးအမှူး ဖြစ်တော်မူသော။ သိဒ္ဓတ္ထေ၊ သိဒ္ဓတ္ထ အမည်တော်ရှိသော။ လောက နာထမှို၊ မြတ်စွာဘုရား သည်။ နိဗ္ဗုတေ၊ ပရိနိဗ္ဗာန် ပြုပြီးသည်ရှိသော်။ မမ၊ ငါ၏ ဉာတိ၊ သားချင်း ဆွေမျိုးအပေါင်းတို့ကို။ သမာနေတွာ၊ စုရုံး ခေါ်ငင်၍။ ဓာတုပူဇံ၊ ဓာတ်တော်ကို ပူဇော်ခြင်းကို။ အကာသိ၊ ပြုစု အားထုတ်ခဲ့လေပြီ။

စတုန္နဝုတိတော ကပ္ပေ၊
ယံ ဓာတု မဘိ ပူဇယိံ။
ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊
ဓာတုပူဇာယိဒံ ဖလံ။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ စတုန္နဝုတိတော ကပ္ပေ၊ ကိုးဆယ့် လေးကမ္ဘာထက်၌။ ယံ-ယေန၊ အကြင်ကြောင့်။ ဓာတုံ၊ ဘုရားဓာတ်တော်မြတ်ကို။ အဘိပူဇယိံ၊ ကိုးကွယ် ပူဇော်ခဲ့လေပြီ။ တေန၊ ထို ဓာတ်တော်ကို ပူဇော်ခဲ့သော ကောင်းမှုကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးဝ ဒုဂ္ဂတိ ဘုံဌာနကို။ နာဘိဇာနာမိ၊ မသိဘူးပေ။ ဣဒံ၊ ဤသို့ အပါယ်လေးပါးသို့ မလားမရောက် ရခြင်းသည်။ ဓာတုပူဇာယ၊ ဓာတ်တော်ကို ပူဇော်ခဲ့ရခြင်း၏။ ဖလံ၊ အကျိုး ပေတည်း။

ကိလေသာ ဈာပိတာ မယှံ၊
ဘဝါ သဗ္ဗေ သမူဟတာ။

နာဂေါဝ ဗန္ဓနံ ဆေတွာ၊
ဝိဟရာမိ အနာသဝေါ။

မယှံ၊ ငါသည်။ ကိလေသာ၊ ကိလေသာတို့ကို။ ဈာပိတာ၊ ရှို့မြိုက် လောင်ကျွမ်း စေအပ်ကုန်ပြီ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဘဝါ၊ ဘဝကြီး ဘဝငယ် အသွယ်သွယ်တို့ကို။ သမူဟတာ၊ နုတ်ပယ်အပ်ကုန်ပြီ။ နာဂေါ၊ ဆင်ပြောင်ကြီးသည်။ ဗန္ဓနံ၊ အနှောင်အဖွဲ့ကို။ ဆေတွာ၊ ဖြတ်၍။ ဝိဟရတိ ဣဝ၊ နေသကဲ့သို့။ အနာသဝေါ၊ အာသဝေါ ကင်းဘည်ဖြစ်၍။ ဝိဟရာမိ၊ ငါနေရ၏။

သွာဂတံ ဝတ မေ အာသိ၊
မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

မမ၊ ငါ၏။ အာဂတံ၊ လာခြင်းသည်ကား။ ဝတ၊ စင်စစ်။ သွာဂတံ၊ ကောင်းသောလာခြင်းသည်။ အာသိ၊ ဖြစ်လေပြီ။ မေ၊ မယှံ၊ ငါသည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ တိဿော ဝိဇ္ဇာ၊ သုံးပါးသော ဝိဇ္ဇာတို့ကို။ အနုပ္ပတ္တာ၊ အစဉ်ရအပ်, ရောက်အပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာပြုကျင့် အပ်ပြီ။

ပဋိသမ္ဘိဒါ စတဿော၊
ဝိမောက္ခာ ပိ စ အဋ္ဌိမေ။

* ထေရာပဒါနပါဠိ-ဆမူ-၆၃။

ဆဠာဘိညာ သစ္စကတာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါ စ၊ ပဋိသမ္ဘိဒါတို့ကိုရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေ ဝိမောက္ခာစ၊ ဤဝိမောက္ခ တရားတို့ကိုရင်း။ ဆဠာဘိညာစ၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း။ သစ္စကတာ၊ မျက်မှောက် ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာကျင့်သုံး ပြီးပါပြီ။

(အမှာစကား-ဘုရားဟော ဒေသနာတော်ကို ရွတ်ဖတ်၍ ကြည်ညို စိတ်ထား သဒ္ဓါပွား ကြစေရန် ပါဠိအနက် အပြည့်အစုံ ဖော်ပြလိုက်သည်။ မဂဓ ဘာသာခေါ်သော ပါဠိဘာသာသည် ကား-မြတ်စွာဘုရားတို့ သုံးနှုန်း ပြောဆိုသော ဘာသာဖြစ်၍ လေးစားထိုက်သော ဘာသာ ဖြစ်ကြောင်းကိုလည်း သတိပေးခဲ့ပြီး ဖြစ်ပေသည်။)

ဤ အပဒါန်ပါဠိတော်ဖြင့်ဓာတုပူဇက မထေရ်သည်အတိတ်ဘဝက မိမိကိုယ်တိုင် အားထုတ် ဆည်းပူးခဲ့သော အကြောင်းအရာများကို ဝမ်းမြောက် ဝမ်းသာ ထုတ်ဖော် ဟောကြားခြင်း ဖြစ်၏။ ဟောကြားပုံမှာ—

ငါသည် သိဒ္ဓတ္ထ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည်ရှိသော် ငါ၏ ဆွေမျိုး ညာတကာ မိတ်သဟာ အပေါင်းတို့ကို စုရုံးခေါ်ဆောင်ပြီးလျှင် သိဒ္ဓတ္ထ ဘုရားရှင်၏ သရီရ ဓာတ်တော်များကို လေးလေးစားစား စိတ်ထားကြည်နူး အထူးယုံကြည်

သော သဒ္ဒါတရားဖြင့် ရိုသေစွာ ပူဇော် ကိုးကွယ်ခြင်း ကောင်းမှုကို အားထုတ် ဆည်းပူးခဲ့ပြီ။

ဤကောင်းမှုကို ပြုခဲ့သောအခါသည်ကား ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ကိုးဆယ်လေးကမ္ဘာထက်က ဖြစ်၏။ ထိုအခါက အားထုတ်ဆည်းပူးခဲ့သော ဘုရားဓာတ်တော်များကို ပူဇော်ခဲ့ရခြင်း ကောင်းမှုစေတနာကြောင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူသော အပါယ်လေးပါးသို့ ကိုးဆယ်လေးကမ္ဘာ ပတ်လုံး မလားမရောက်ခဲ့ရပါ။ ဤသို့ အပါယ်လေးပါးက လွတ်မြောက်ခဲ့ရခြင်းသည်ကား ဓာတ်တော်များကို ကိုးကွယ် ပူဇော်ခဲ့ရသော ကောင်းမှုကြောင့် ခံစားရသော အကျိုးဖြစ်၏။

ဓာတ်တော် ပူဇော်ရသော ကောင်းမှုကြောင့် လောဘ, ဒေါသ စသည်များစွာ ကိလေသာ ဟူသမျှတို့ကို တစ မကြွင်း အကုန်ရှင်းအောင် ထန်ပြင်းသော မဂ်လက်နက်ဖြင့် ဖျက်ဆီး ရှို့ဖြုတ် နင်းသတ်နိုင်ခဲ့ပြီ။ ဘဝကြီး ဘဝငယ်တို့၌ အသွယ်သွယ် ဖြစ်စရာတို့ကိုလည်း နုတ်ခွာ ပယ်ရှင်းအပ်ကုန်ပြီ။ အနှောင်အဖွဲ့ကို ဖြုတ်တောက်၍ အေးချမ်းစွာ နေရသော ဆင်ပြောင်ကြီးကဲ့သို့ အာသဝေါကင်းကွာ၍ ငြိမ်းအေးစွာ ယခု ငါနေရလေပြီ။

ဓာတ်တော် ပူဇော်ရသော ကောင်းမှုကြောင့် ငါ၏ လာခြင်းကား ကောင်းသော လာခြင်း ဖြစ်ပေ၏။ မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးဆင့် အခေါင်တင့်ပြီးလျှင် အမြင့်ဆုံးအဖြစ်သို့ ငါရောက်ရလေပြီ။

ထိုမှတပါး ပဋိသမ္ဘိဒါ လေးပါး, ရှစ်ပါးသော ဝိမောက္ခ, ခြောက်ဝသောအဘိညာဉ်တို့ကိုဆောလျင်စွာသိရ, အဆင့်အတန်း

မြင့်လှသဖြင့် ဗုဒ္ဓ၏ ဆုံးမဆံကို နာခံကာ ကျင့်သုံးပြီး အမြင့်ဆုံး အဖြစ်သို့ ငါရောက်လေပြီ။

ဤသို့ ထူးကဲသောအဖြစ်ကို ရခြင်းသည်ကား မြတ်စွာဘုရား၏ ဓာတ်တော်များကို ပူဇော်ကိုးကွယ်ရသော အကျိုးပေတည်း။ ဤကား ဓာတုပူဇကမထေရ် ထုတ်ဖော် ဟော ကြား သော ဒေသနာတော် ဖြစ်၏။

ဤဒေသနာ သာဓကကို ကောင်းစွာယူကျုံး နှလုံးသွင်းမိကြပါမူကား သယမ္ဘူ မြတ်ဘုရား၏ သရီရ ဓာတ်တော်များကို ကိုးကွယ်ပူဇော်ရခြင်းကြောင့် အတိုင်းမသိသော အကျိုးခံစားခွင့် ရှိကြောင်းကို ကောင်းကောင်းချည်း သိကြပါသဖြင့် လေးဝ အပါယ် ကြောက်ဖွယ်ရာဌာန ဘုံဘဝမှ လွတ်ကင်း၍ သန့်ရှင်း လေသော သန္တိရိပ်မြုံ ရွှေဘုံကြငှန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းလို သော ဆန္ဒ ရှိကြသူတိုင်း မြတ်စွာဘုရား၏ ဓာတ်တော်များကို လေးလေးစားစား ဆည်းကပ်ကော်ရော် ပူဇော် ကိုးကွယ်ထိုက် ကြောင်း ကောင်းကောင်းချည်း သတိချပ်သင့်ပါသတည်း။

## ၂၂။ ဓာတ်တော် ပူဇော်ရခြင်းအကျိုးကိုပြသော ကောသာငှကီ နတ်သမီး ဝတ္ထု

သမ္မာသမ္ဗုဒ္ဓ အတုလသင်းကျစ် မမ္မရာဇ် အရဟံ စောဘုန်း လျှံသည်ရွှေပြည်နိဗ္ဗာန်သို့ဝင်စံတော်မူပြီးသောအခါအဇာတသတ် မင်းသည် မိမိအဖို့ ရအပ်သော သရီရ ဓာတ်တော် များ ကို ရာဇဂြိုဟ်ပြည်သို့ ပင့်ဆောင်၍ စေတီတော် တည်ထားကိုးကွယ်

ပြီးလျှင် ထူးကဲစွာ နေ့စဉ်နေ့တိုင်း ပူဇော်သက္ကာရပြုလျက် နေ၏။

(ဤနေရာ၌ မြတ်စွာဘုရား ဓာတ်တော်များကို ပူဇော်ပွဲ ကျင်းပသော အဇာတသတ်မင်း၏ ဘုရားရှင်အပေါ်၌ အလွန့်အလွန် သူမတူအောင် ကြည်ညိုသော သဒ္ဓါပသန္နရှိပုံ, ဓာတ်တော်ကို ပင့်ဆောင်သော ပူဇော်ပွဲကြီး၏ ခမ်းနားကြီးကျယ်ပုံကို သိရှိနာယူကြရန် ဖော်ပြဦးအံ့။)

## ၂၃။ အဇာတသတ်မင်း ဓာတ်တော် ပင့်ဆောင်ခဏ်း

အထခေါ ရာဇာ မာဂဓော အဇာတသတ္တု၊
ဝေဒေဟိပုတ္တော ရာဇဂဟေ ဘဂဝတော
သရီရာနံ ထူပဉ္စ မဟဉ္စ အကာသိ။ *

အထခေါ၊ ဓာတ်တော်တို့ကို ဒေါနပုဏ္ဏား ရှစ်ပြည်ထောင်မင်းတို့အား အသီးအသီး ဝေခြမ်းပေးပြီးသောအခါ၌။ မာဂဓော၊ မဂဓတိုင်းကို အစိုးရသော။ ဝေဒေဟိပုတ္တော၊ ဝေဒေဟီမိဖုရားကြီး၏ သားဖြစ်သော။ အဇာတသတ္တု၊ အဇာတသတ် အမည်ရှိသော။ ရာဇာ၊ မင်းသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ထူပဉ္စ၊ စေတီတော်ကိုငင်း။ မဟဉ္စ၊ ကြီးစွာသော ပူဇော်ခြင်းကိုငင်း။ အကာသိ၊ ပြုပြီ။

---

* သုတ်မဟာဝါ အဋ္ဌကထာ–ဆ–၂၀၃။

(ကုသိနာရုံပြည်မှ မြတ်စွာဘုရား ဓာတ်တော်များကို အဇာတသတ်မင်း အဘယ်ကဲ့သို့ ရာဇဂြိုဟ်ပြည် သို့ ပင့်ဆောင်သနည်း၊ အဘယ်မျှလောက် ပူဇော်သနည်း ဟူသော အမေးကို "ကုသိနာရတော ယာဝ ရာဇဂဟံ" အစရှိသည်ဖြင့် သုတ်မဟာဝါ အဋ္ဌကထာ-ဆမူ-၂၀၂-၌ ဖွင့်ဆိုသည့်အတိုင်း ညွှန်ပြပါအံ့။)

ကုသိနာရုံပြည်မှ ရာဇဂြိုဟ်ပြည်သည် နှစ်ဆယ့်ငါးယူဇနာ ဝေးကွာ၏။ ဤမျှ ဝေးကွာသော ခရီးအတွင်း၌ ဘုရား ဓာတ်တော်များကို တခမ်းတနား ပင့်ဆောင်သွားနိုင်ရန် လမ်းမ တော်ကြီးကို "ရှစ်ဥသဘ" မျှ ကျယ်ပြန့်စွာ သန့်ရှင်းညီညွတ်အောင် ပြုပြင် ဖောက်လုပ်ကြရသည်။

(ဤ၌ "ရှစ်ဥသဘ" ဆိုသည်မှာ အတောင်အားဖြင့် ၁၁၂၀-အတောင် ရှိ၏။ ပေအားဖြင့် ၁၆၈၀-ပေ ကျယ်ပြန့်၏။)

**ပင့်ဆောင်ပုံမှာ**—မလ္လာမင်းတို့၏ မကိုဋ်တန်ဆာ ဆင်မြန်းရာ အရပ်အသေပြုရာဖြစ်သော "မကုဋဗန္ဓန" ခေါ်သော စေတီ,

ပြည်ရေးပြည်မှုကို စီရင်ရာဖြစ်သော "သန္ထာဂါရ" ခေါ်သော မင်းကွန်း—

၎င်း အဆောက်အဦနှစ်ခုတို့၏အကြား ဖြစ်သော ကုသိနာရုံ ပြည်အတွင်း၌ အလွန် ခမ်းနားကြီးကျယ်စွာ ပူဇော်ပွဲ ကျင်းပ၍ ဓာတ်တော်များကို ပင့်ဆောင်၏။

မြို့အတွင်း၌ ပင့်ဆောင်ပူဇော်သော နည်းအတိုင်း မြို့အပြင်နှစ်ဆယ့်ငါးယူဇနာ ရှည်သော ခရီး တလျှောက်လုံးမှာလည်း အလျော့မပေးပဲ တမူတည်း, တပုံတည်းပင် အလွန့်အလွန်ကြီးကျယ်စွာ ပူဇော်သက္ကာရပြု၍ ဓာတ်တော်များကိုပင့်ဆောင်ကြရ၏။

လမ်းခရီး၌ ပူဇော်ပွဲ ကျင်းပ ဆောင်ရွက်သော လူအများပျင်းရိငြီးငွေ့ခြင်း မဖြစ်ရအောင်, စားဝတ်နေရေး မချို့တဲ့ရအောင်, ဆိုင်ကြီး ကနားကြီးများ လိုလေသေးမရှိရအောင်ဖွင့်လှစ်တည်ခင်း၍ ပြည့်စုံစွာ ရောင်းချစေရန် စီမံထားစေ၏။

ရွှေစကျင်းတော်၌ ထည့်၍ ပူဇော်ထားသော ဓာတ်တော်များကို ရန်သူတို့ မနှောင့်ယှက်စေရန် လှံချိုင့်များဖြင့် ဝန်းရံစောင့်ရှောက်ထားစေ၏။ ယူဇနာငါးရာ အဝန်းကျယ်သော မိမိနိုင်ငံတော် ရာဇဂြိုဟ်ပြည်၌လည်း လူအများကို စုရုံး စည်းဝေးလျက် နေစေ၏။

ဓာတ်တော်များကို ပင့်ဆောင်၍ သာဝတ္ထိကို ခေါ်သော သူတော်ကောင်းတို့၏ ကစားနည်းဖြင့် ကစား ပူဇော် ပြီး လျှင် ကုသိနာရုံပြည်မှ ထွက်ခဲ့သော အခါ အကြင်အကြင်အရပ်၌ ရွှေအဆင်းရှိသော, တင့်တယ်သော ပန်းများကို မြင်ရကုန်၏။ ထိုထို မြင်ရသောအရပ်၌ ဓာတ်တော်များကို လှံချိုင့်၌ ထားပြီးလျှင် ရှေ့သို့ မတက်စေပဲ ရပ်တန့်ကာ ပူဇော်ပွဲကြီးဖြင့် ပူဇော်ပြန်၏။ မြင်ရသော ပန်းများ ညှိုးနွမ်း ကုန်ခမ်းသောအခါမှသာလျှင် ရှေ့သို့ ချီတက်ပြီး သွားရ၏။

မည်မျှလောက် နှေးဖင့်လေးကန်စွာ သွားနေသနည်းဆိုလျှင် ပထမဦးစွာ ထွက်သော ရထားဦး နေရာသို့ နောက်ဆုံးရထား ရောက်အောင် ခုနစ်ရက်ပတ်လုံး သာဒုက္ခိဋ္ဌန ပူဇော်ပွဲ ကျင်းပကြရကုန်၏။

(ပထမဆုံး ရထားနေရာသို့ နောက်ဆုံးရထား ရောက်လျှင် ခုနစ်ရက်ကြာသော–ဟူ၏။)

ဤသို့ အလွန့်အလွန် ဖြေးနှေးစွာ တရွေ့ရွေ့သွားစေလျက် ဓာတ်တော်များကို ပင့်ဆောင်သွားသော ကာလ အပိုင်းအခြားမှာ ရာဇဂြိုဟ်ပြည်သို့ မရောက်မီ "ခုနစ်နှစ်-ခုနစ်လ-ခုနစ်ရက်" ကြာမြင့်ပြီ ဖြစ်သတည်း။

ထိုသို့ တဖြည်းဖြည်း သွားစေသဖြင့် ရက်ကြာညောင်းလာသောအခါ ဘုရားကို မကြည်ညိုသော မိစ္ဆာဒိဋ္ဌိတို့သည် "ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုကတည်းက စပြီးတော့ ငါတို့ကို နှိပ်ထက်စီးနင်း သာဒုက္ခိဋ္ဌန ပွဲတော်ကြီးကို လုပ်ခိုင်းပြီးတော့ နှိပ်စက်ညှဉ်းပန်းနေတာပဲ၊ ငါတို့ဟာ ဒီပွဲတော်ကြီး ဆောင်ရွက်နေရတဲ့အတွက် လယ်ယာ လုပ်ကိုင်ခြင်း, ကုန်ရောင်းကုန်ဝယ် ပြုခြင်း အစရှိတဲ့ အလုပ်အကိုင်တွေလဲ ပျက်ကုန်ပြီ၊ ဒီအလုပ်ဟာ အကျိုးမရှိတဲ့ အလုပ်တွေပဲ" စသည်ဖြင့် ဓာတ်တော်ပူဇော်ပွဲကြီးကို ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောဆိုပြီး ပြစ်မှားကြသော မိစ္ဆာဒိဋ္ဌိ လူအပေါင်းတို့ကား ရှစ်သောင်းခြောက်ထောင်မျှပင် အပါယ်ငရဲ၌ကျရောက်ကြကုန်၏။

ဤအခြင်းအရာကို ခီဏာသဝ ဖြစ်တော်မူသော ရဟန္တာမထေရ်ကြီးများ ဆင်ခြင်၍ သိတော်မူကြသည့်အတွက်

တာဝတိံသာ သိကြားမင်း အထံသို့ ကြွ သွား ကြ ပြီး လျှင် ခါတ်တော်များကို ရာဇဂြိုဟ်ပြည်သို့ အမြန် ပင့်ဆောင်စေရန် နည်းလမ်းတခု စီမံပေးစေလိုကြောင်း သိကြားမင်းအား အကူ အညီ တောင်းသောအခါ—

ဘန္တေ ပုထုဇ္ဇနော နာမ အဇာတသတ္တုနာ
သမော သဒ္ဓေါ နတ္ထိ၊ န သော မမ ဝစနံ
ကရိဿတိ။ ။*

အရှင်ဘုရားတို့—ပုထုဇဥ်ထဲမှာ အဇာတသတ်မင်းနှင့် တူတဲ့ သဒ္ဓါတရားရှိသူဟာ တယောက်မျှ မရှိဘူး၊ တပည့်တော် ပြော ပေတဲ့ လိုက်နာလိမ့်မယ် မဟုတ်ဘူး—ဟု သိကြားမင်း လျှောက် ထားပြီးလျှင်—

တနည်းတော့ ရှိပါ၏၊ မာရဝိဘိံသက ခေါ်တဲ့ မာန်မင်းကြီး ၏ ခြိမ်းခြောက်ခြင်းနှင့်တူသော အထူးထူးအပြားပြား ကြောက် မက်ဖွယ်အဆင်းတွေကိုပြ, ကြောက်လန့်ဖွယ်သော အသံတွေနဲ့ ဟစ်ကြွေး, ဘီလူးဖမ်းစားသော အနာ, ချေဆတ်သော အနာ, အစာမစားချင်သောအနာ-ဋ္ဌင်းရောဂါတွေဖြစ်အောင် ပရိယာယ် ဆောင်ပြီးတော့ တပည့်တော်ဆောင်ရွက်ပေးပါမည်၊အရှင်ဘုရား တို့သာ ဒကာတော် မင်းကြီး—ဘီလူး သဘက်တွေ အမျက်ထွက် စိတ်ဆိုးပြီးတော့ လူတွေကို ညှဉ်းဆဲကုန်ကြပြီ၊ ဓါတ်တော်များ ကို နိုင်ငံတော်ရောက်အောင် အမြန်ဆောင်ကြဉ်းပါ-လို့ အမိန့်

* သုတ်မဟာဝါ အဋ္ဌကထာ—ဆ—၂၀၂။

ရှိပေတော့-ဟု အကြံပေးကာ သိကြားမင်းလျှောက်ထားပြီးလျှင် သူ၏ အစီအမံအတိုင်း ဆောင်ရွက်ပေးလေ၏။

မထေရ်များလည်း သိကြားမင်း လျှောက်ထားသောအတိုင်း အဇာတသတ်မင်းအား ပြောကြားသောအခါ–

ရာဇာ န တာဝ ဘန္တေ မယှံ စိတ္တံ တုဿတိ၊
ဓဝံ သန္တေပိ အာဟရန္တု။

အရှင်ဘုရားတို့–တပည့်တော်၏ စိတ်မှာတော့ ဓာတ်တော် ပူဇော်ရခြင်းကိစ္စကို တင်းတိမ် အားရခြင်း မရှိသေးပါ၊ သို့ပါ သော်လဲအရှင်ဘုရားတို့၏ အလိုအတိုင်းဆောင်ယူကြပါတော့-ဟု လျှောက်ထားသောအခါ ခုနစ်ရက်မျှဖြင့် ဓာတ်တော်များကို ရာဇဂြိုဟ်ပြည်သို့ ရောက်အောင် ပင့်ဆောင်ကြ၏။

(ဤကား အဇာတသတ်မင်း၏ ဓာတ်တော်ပင့်ဆောင်ခဏ်း တည်း။)

## ၂၄။ ကောသလဌကိနတ်သမီး ဝတ္ထုအဆက်

ဤသို့ ဓာတ်တော်များကို ပင့်ဆောင်၍ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း စေတီတည်ထားကိုးကွယ်လျက်ရှိရာ ရာဇဂြိုဟ် ပြည်၌နေသော သီတင်းသည် မိန်းမသည် နံနက်စောစောကပင် ကိုယ်လက်သုတ်သင်၍ ဘုရားရှင်၏ ဓာတ်တော်စေတီကို ပူဇော်အံ့ ဟု သပွတ်ခါးပန်း လေးပွင့်ကို ယူ၍ ဘုရား၌ ယုံကြည်သော သဒ္ဓါဟုန်သည် တိုက်တွန်းအပ်သော စိတ် ရှိသည်ဖြစ်၍ မိမိ

သွားမည့် ခရီးလမ်း၌ ဘေးရန် ရှိ, မရှိကိုမဆင်ခြင်ပဲ ခေတ်တော် စေတီသို့ ရှေ့ရှုသွား၏။

ထိုအခါ၌ သီတင်းသည် မိန်းမကို နွားငယ်ရှိသော နွားမသည် မြန်သောအဟုန်ဖြင့် ပြေး လာ ပြီး လျှင် ဂျိုဖြင့်ဝှေ့၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ထို သီတင်းသည် မိန်းမသည် စတိုခဏ၌ပင်လျှင် စုတေ၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

ထိုအခါ ဥယျာဉ်ကစားအံ့သောငှာ သွားသော သိကြားမင်း၏ အခြံအရံဖြစ်ကုန်သော နှစ်ကုဋေ ငါးသန်းကုန်သော နတ်က,ချေသည်တို့၏အလယ်၌ မိမိ၏ ထွန်းပြောင် ထိန်ဝင်း ရွှေအဆင်းရှိသော ကိုယ်ရောင်တို့ဖြင့် တောက်ပစေလျက် အလုံးစုံသော နတ် က,ချေသည်တို့၏အရောင်အဆင်းကို လွှမ်းမိုးပြီးလျှင် စီးနင်းစရာ ရထားနှင့်တကွ အထင်အရှား ဖြစ်ပေါ်လေ၏။

ထိုနတ်သမီး တခဏတွင်းဖြစ်ပေါ်လာပုံကိုမြင်၍ သိကြားမင်းသည် ရင်သပ်ရှုမော အံ့ဩပြီးလျှင် ထိုနတ်သမီးအား အဘယ်သို့သဘောရှိသော, မြင့်မြတ်သော ကောင်းမှုကံကြောင့် ဤသို့ အံ့ဩမခမ်း ရွှင်လန်းနှစ်သက်စရာ ကြီးစွာရိပ်ငြိမ် တန်ခိုးရှိန်ရှိသော နတ်စည်းစိမ်ကို ရခဲ့ပါသနည်း—ဟု အောက်ပါ ဂါထာများဖြင့် မေးမြန်း၏။

(၁) ပီတဝတ္ထေ ပီတဓဇေ၊
ပီတာလင်္ကာရ ဘူသိတေ။
ပီတစန္ဒန လိတ္တင်္ဂေ၊
ပီတဥပ္ပလ မာလိနိ။ ။

(၂) ပီတပါသာဒ သယနေ၊
ပီတာ်သနေ ပီတဘာဇနေ။
ပီတစ္ဆတ္တေ ပီတရထေ၊
ပီတဿေ ပီတဗီဇနေ။ ။

(၃) ကိကမ္မ မကရိ ဘဒ္ဒေ၊
ပုဗ္ဗေ မာနုသကေ ဘဝေ။
ဒေဝတေ ပုစ္ဆိတာစိက္ခ၊
ကိဿ ကမ္မဿိဒံ ဖလံ။ ။

(၁) ပီတဝတ္ထေ၊ ရွှေအဝတ်ရှိထသော။ ပီတဓဇေ၊ ရွှေတန်ခွန်ရှိထသော။ ပီတာလင်္ကာရ ဘူသိတေ၊ ရွှေတန်ဆာတို့ဖြင့် ဆင်ယင်ထသော။ ပီတစန္ဒန လိတ္တင်္ဂေ၊ ရွှေအဆင်းနှင့်တူသော စန္ဒကူးတို့ဖြင့် လိမ်းကျံသောကိုယ် ရှိထသော။ ပီတဥပ္ပလမာလိနီ၊ ရွှေကြာပန်းကို ဆောင်ထသော။

(၂) ပီတပါသာဒ သယနေ၊ ရွှေပြာသာဒ် ရွှေနေရာတို့ဖြင့် ပြည့်စုံထသော။ ပီတဘာဇနေ၊ ရွှေခွက် ရှိထသော။ ပီတစ္ဆတ္တေ၊ ရွှေထီး ရှိထသော။ ပီတရထေ၊ ရွှေရထား ရှိထသော။ ပီတဿေ၊ ရွှေမြင်း ရှိထသော။ ပီတဗီဇနေ၊ ရွှေယပ် ရှိထသော။

(၃) ဘဒ္ဒေ၊ ကောင်းမြတ်သော။ ဒေဝတေ၊ နတ်သမီး။ တွံ၊ သင် နတ် သ မီး သည်။ ပုဗ္ဗေမာနုသကေ ဘဝေ၊ ရှေး လူဖြစ်သော ဘဝ၌။ ကိံ ကမ္မံ၊ အဘယ် ကောင်းမှုကို။

အကာရိ၊ ပြုခဲ့ဘူးသနည်း။ ပုစ္ဆိတာ၊ မေးအပ်သော၊ တံ၊ သင် နတ်သမီးသည်။ အာစိက္ခ၊ ပြောကြားပါလော့။ ဣဒံ၊ ဤကောင်းကျိုးသည်ကား။ ကိဿ ကမ္မဿ၊အဘယ် ကောင်းမှု၏။ ဖလံ၊ အကျိုးပါနည်း။

ဤသို့ သိကြားမင်း မေးသည်ကို အောက်ပါ ဂါထာတို့ဖြင့် နတ်သမီးက ပြန်လည် ဖြေကြား၏။

(၁) ကောသာဠကီ လတာ အတ္ထိ၊
ဘန္တေ တိတ္တိကာ အနဘိစ္ဆိတာ။
တဿာ စတ္တာရိ ပုပ္ဖါနိ၊
ထူပံ အဘိဟရိံ အဟံ။ ။

(၂) သတ္ထုသရီရံ ဥဒ္ဒိဿ၊
ဝိပ္ပသန္နေန စေတသာ။
နဿ မဂ္ဂံ အဝေက္ခိဿံ၊
တဒပိ မနသာ အသိ။ ။

(၃) တတော မံ အဝဓိ ဂါဝီ၊
ထူပံ အပတ္တမာနသံ။
တံ စာဟံ အဘိသဉ္စေယျံ၊
ဘိယျော နူန ဣတော သိယာ။ ။

(၄) တေန ကမ္မေန ဒေဝိန္ဒ၊
မာဃဝါ ဒေဝကုဉ္ဇရ။

ပဟာယ မာနုသံ ဒေဟံ၊
တဝ သဟဗျတ မာဂတာ။ ။

(၁) ဘန္တေ၊ အရှင် သိကြားမင်း။ တိတ္တိကာ၊ ခါးသော။ အနဘိစ္ဆိတာ၊ အလိုမရှိအပ်သော။ ကောသာတကီလတာ၊ သပွတ်နွယ်သည်။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထိုသပွတ်ခါးနွယ်၏။ စတ္တာရိပုပ္ဖါနိ၊ လေးပွင့်ကုန်သော ပန်းတို့ကို။ အဟံ၊ ငါသည်။

(၂) သတ္ထုသရီရံ၊ မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ ထူပံ၊ စေတီတော်ကို။ အဘိဟာရိံ၊ ရှေ့ရှုဆောင်သွား၏။ အဟံ၊ ငါသည်။ တဒပိမနသာ၊ ထိုဘုရားရှင်၏ သရီရဓာတ်တော်၌ စိတ်ရှိသည်။ အသိ၊ ဖြစ်၏။ အဿ၊ ထိုနွားအပေါင်း၏။ မဂ္ဂံ၊ လာလတ္တံ့သော ခရီးကို။ နအဝေက္ခိဿံ၊ မဆင်ခြင်။

(၃) တတော၊ ထို့ကြောင့်။ ထူပံ၊ စေတီတော်ကို။ အပတ္တမာနသံ၊ ကိုယ်တိုင် မရောက်သေးသော စိတ်ရှိသော။ မံ၊ ငါ့ကို။ ဂါဝီ၊ သားရှိသည့် အမိ နွားမသည်။ အဝဓိ၊ သတ်၏။ အဟံ၊ ငါသည်။ တံ၊ ထိုပန်းဖြင့် ပူဇော်ခြင်း ကောင်းမှုကို။ စေအဘိသဉ္စေယျံ၊ အကယ်၍ စေတီတော်သို့ ရောက်၍ အလိုအတိုင်း ဆည်းပူးမိငြားအံ့။ ဣတော၊ ဤစည်းစိမ်ထက်။ ဘိယျော၊ လွန်ကဲသော စည်းစိမ်သည်။ သိယာနနု၊ ဖြစ်လေရာ၏-ဟု ထင်မှတ်ပါ၏။

(၄) မာဃံဝါ၊ မာဃအနွယ်ဖြစ်သော။ ဒေဝကုဥ္ဇရ၊ နတ်တို့ ထက် မြတ်သော။ ဒေဝိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါသည်။ တေနကမ္မေန၊ ထို ကောင်းမှုကံကြောင့်။ မာနုသံ၊ လူ့ဘဲ ဖြစ်သော။ ဒေဟံ၊ ခန္ဓာကိုယ်ကို။ ပဟာယ၊ ပယ်စွန့်၍။ တဝ၊ သိကြားမင်း၏။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ အာဂတော၊ လာရောက် ဖြစ်ပေါ်ရ၏။

ဤသို့ နတ်သမီးက ပြန်လည်ဖြေကြား ပြောဆိုသော စကား ကို ကြားသောအခါ သိကြားမင်းသည် မာတလိနတ်သား အမှူး ရှိသော နတ်အပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာ အောက်ပါ ဂါထာဒေသနာများဖြင့် ဟောကြားပြသ၍ သြဝါဒ ပေးလိုရကား-

(၁) ပဿ မာတလိ အစ္ဆေရံ၊
စိတ္တံ ကမ္မဖလံ ဣဒံ။
အပ္ပကံပိ ကတံ ဒေယျံ၊
ပုညံ ဟောတိ မဟပ္ဖလံ။ ။

မာတလိ၊ အချင်း မာတလိ။ အစ္ဆေရံ၊ အံ့ဘွယ်သရဲရှိသော။ စိတ္တံ၊ ဆန်းကြယ်သော။ ဣဒံ ကမ္မဖလံ၊ ဤ ကံ၏အကျိုးကို။ ပဿ၊ ရှုကြည့်ပါလော။ အပ္ပကံပိ၊ အနည်းငယ်မျှသည်းဖြစ်သော။ ဒေယျံ၊ ဒါနဝတ္ထုကို။ ကတံ၊ ပူဇော်ပြုလုပ်သော။ ပုညံ၊ ကောင်းမှု ကုသိုလ်သည်။ မဟပ္ဖလံ၊ အကျိုးကြီးသည်။ ဟောတိ၊ ဖြစ်၏။

(၂) နတ္ထိ စိတ္တေ ပသန္နမှိ၊
အပ္ပကာ နာမ ဒက္ခိဏာ။

တထာဂတော စ သမ္ဗုဒ္ဓေါ၊
အထဝါ တဿ သာဝကော။ ။

တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူသော။ သမ္ဗုဒ္ဓေါစ၊ သဗ္ဗညုဘုရားရှင်၌ လည်းကောင်း။ အထဝါ၊ ထိုမှ။ တဿ၊ ထိုဘုရားရှင်၏။ သာဝကေစ၊ တပည့်၌ လည်းကောင်း။ စိတ္တေ၊ စိတ်သည်။ ပသန္နမှိ၊ ကြည်ညိုသည် ရှိသော်။ ဒက္ခိဏာ၊ အလှူသည်။ အပ္ပကာ နာမ၊ နည်းသော မည်သည်။ နတ္ထိ၊ မရှိ။

(၃) ဧဟိ မာတလိ အမှေဟိ၊
ဘိယျော ဘိယျော မဟေမသေ။
တထာဂတဿ ဓာတုယော၊
သုခေါ ပုညာန မုစ္စယော။ ။

မာတလိ၊ မာတလိ။ ဧဟိ၊ လာလော့။ အမှေဟိ၊ ငါတို့သည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဓာတုယော၊ ဓာတ်တော်တို့ကို။ ဘိယျော ဘိယျော၊ လွန်စွာ လွန်စွာ။ မဟေမသေ၊ ပူဇော် ကုန်အံ့။ ပုညာနံ၊ ကောင်းမှုတို့ကို။ ဥစ္စယော၊ ဆည်းပူးခြင်းသည် သုခေါ၊ ချမ်းသာခြင်း၏ အကြောင်း ဖြစ်၏။

(၄) တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတူဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။ ။

တိဋ္ဌန္တေ စာပိ၊ သက်တော်ထင်ရှား ရှိသော ဘုရားရှင်၌လည်းကောင်း။ နိဗ္ဗုတေ စာပိ၊ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားရှင်၌လည်းကောင်း။ စိတ္တေ၊ စိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ ဖလံ၊ကောင်းကျိုးသည်။ သမံ၊တူမျှ၏။ စေတော ပဏိဓိဟေတူဟိ၊ စိတ်ကို ကောင်းစွာထားခြင်းဟူကုန်သော အကြောင်းတို့ကြောင့်။ သတ္တာ၊ သတ္တာ ါတို့သည်။ သုဂ္ဂတိံ၊ သုဂတိဘဝသို့၊ ဂစ္ဆန္တိ၊ လားရကုန်၏။

(၂) ဗဟူနံ ဝတ အတ္ထာယ၊
ဥပ္ပဇ္ဇန္တိ တထာဂတာ။
ယတ္ထ ကာလံ ကရိတ္វာန၊
သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ။

ယတ္ထ၊ အကြင် ဘုရားရှင်တို့၌။ ဒါယကာ၊ လှူဒါန်းကုန်သော သူတို့သည်၊ ကာလံ ကရိတွာန၊ စုတေကြကုန်၍။ သဂ္ဂံ၊ နတ်ပြည်သို့၊ ဂစ္ဆန္တိ၊ လားရောက်ရကုန်၏။ ဝတ၊ စင်စစ်။ တထာဂတာ၊ ဘုရားရှင်တို့သည်။ ဗဟူနံ၊ များစွာကုန်သော သူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

၂၅။ သိကြားမင်း အတူယှဉ်၍ ခေါ်ဆောင် ပူဇော်ခြင်း

ဤသို့ မာတလိနတ်သား အမှူးရှိသော နတ်အပေါင်းတို့အား လက်တွေ့ ညွှန်ပြ ဆုံးမ တရားဟောကြားပြီးသည်နောက် သပ္ပတ်ခါးပန်း လေးပွင့်ဖြင့် ခေတ်တော်စေတီအား သွားရောက် ပူဇော်ရင်းပင်လျှင် စေတီတော်သို့ မရောက်မီ နွားငှေ့၍ စုတေခဲ့သော ကြောင့် ဤအဖြစ်သို့ ရောက်ခဲ့ရကြောင်းဖြင့် လူ့ဘဝက မိမိပြုခဲ့

သော ကောင်းမှုကံမှာ မပြောပလောက်သော ကောင်းမှုကံ ဖြစ်ကြောင်းကို နတ်သမီး ဖြေကြား ပြောဆိုသောအခါ ရှင်သပ်ရှုမော အံ့သြမကုန် ပီတိဟုန် လွှမ်းပြီးလျှင်—

ဟော မာတလိ အမှေဟိ၊
ဘိယျော ဘိယျော မဟေမသေ။
တထာဂတဿ ဓာတုယော၊
သုခေါ ပုညာန မုစ္စယော။ ။

မာတလိ၊ ငါနှင့်ယှဉ်တွဲပြီး အမြဲတော်လှသဖြင့် အဖော်ရခဲ့သော မာတလိ။ ဟော၊ ယခုဆင်ထားတဲ့ ဥယျာဉ် ကစားပွဲကို နေပါစေ ထားခဲ့တော့၊ စေတီသွားဘို့ အကြောင်းတခုကြောင့် အပေါင်းတစုပါ အသာဖွဲ့ပြီး လာခဲ့တော့ မာတလိ၊ အမှေဟိ၊ မျက်မှောက်တွင် အမြတ်ကြီးလှတဲ့ နတ်သမီးရဲ့ အပြုအမူကို အတုယူထိုက်သော ငါတို့သည်။ တထာ ဂတဿ၊ ရှင်တော်မြတ်ဘုရား၏။ ဓာတုယော၊ သက်တော်ထင်ရှား ဘုရားနှင့်တမူ အလားတူ အမည်ရသည့် သရီရ ဓာတ်တော်တို့ကို။ ဘိယျော ဘိယျော၊ နေ့စဉ် နေ့တိုင်း ညွတ်ကိုင်းသည်ထက် အမွန်ပြုပြီးတော့ လွန်စွာ လွန်စွာ တိုးတက်ကာ။ မဟေမသေ၊ ချက်ခြင်းပင် ယခုမှကို အတုယူကာ အသီးအသီးနွဲ့ပြီး ကြီးကြီးကဲကဲချည်း ပူဇော်ကြပါကုန်စို့။ ပုညာနံ၊ ပျင်းရိကာ မမေ့ကြနှင့်တော့ တွေ့သမျှ ကုသိုလ်တရားတွေကို။ ဥစ္စယော၊ ရှာဖွေအားထုတ် ပြုလုပ်ဆည်းပူးခြင်းသည်။ သုခေါ၊ ချမ်းသာဘို့ အကြောင်းပါပေတည်း။ သုခေါ၊ ငါတို့မျက်မြင် အမြတ်ကြီးတဲ့ နတ်သမီးကိုသာ

ရှုကြတော့ ပြုသမျှ ကုသိုလ်ကံဟာ ယခုလို အမှန်လန်းဖြာပွင့်ပြီး ချမ်းသာဘို့အခွင့် ဖြစ်ကြပေလိမ့်သတည်း။

ဤသို့ သိကြားမင်းသည် မျက်မြင်ဒိဋ္ဌ အစ္ဆရိယ အဗ္ဘုတ ဖြစ်လောက်အောင် ခမ်းနားကြီးကျယ်စွာ အကျိုးပေးပုံကို တွေ့မြင်ရသောကြောင့် အချင်းမာတလိ – ကောင်းမှု ကုသိုလ် ကို ဆည်းပူး အားထုတ်ခြင်းသည်ကား – များစွာ ချမ်းသာကို ပေးတတ်၏။ မာတလိ-လာခဲ့ကြပေတော့ ငါတို့သည်လည်း မြတ်စွာဘုရား၏ ခါတ်တော်များကို ရှေးက ပူဇော်သည်ထက် အလွန့်အလွန် တိုး၍ ပူဇော်ကြကုန်အံ့-ဟု ခေါ်ငင်ပြီးလျှင်-

ဥယျာဉ်ကစားပွဲကို သိမ်းစေလျက် တာဝတိံသာမည် နတ်တို့ ပြည်၌ ပဝေဏီရှေးအထက်က ရက်ဆက်ပင် နေ့စဉ်ပူဇော်ခဲ့သော စူဠာမဏိ စေတီတော်သို့ သွားကြပြီးလျှင် ခုနစ် ရက် ပတ်လုံး ခါတ်တော်ပူဇော်ပွဲကြီး ပြုလုပ်လျက် သိကြားမင်း ကျင်းပ ပူဇော်ခြင်း ပြုလေ၏။

( ကောက်နှုတ်ချက် )

(၁) ရာဇဂြိုဟ်ပြည်သူ သိတင်းသည်မသည် ခါတ်တော်စေတီ၌ ပန်းတို့ဖြင့် ပူဇော်ခြင်းမပြုရသေးမီ စုတေ၍ တာဝတိံသာ နတ်ပြည်၌ နတ်စည်းစိမ်ကိုရခြင်းသည်ကား ပုဗ္ဗစေတနာ မျှနှင့်ပင် အကျိုးခံစားရ၏။

(၂) ခါတ်တော်ကို ပူဇော်ခဲ့သော အနည်းငယ် မျှသော ကံကြောင့် ကြီးမားသော အကျိုးခံစားရပုံကို မျက်မြင် တွေ့ကြုံရသော သိကြားမင်းသည် အတုယူ၍ ခါတ်တော် ပူဇော်ခြင်း ကုသိုလ်ကို ချက်ခြင်း ပြုလုပ်၏။

ပထမကောက်နုတ်ချက်ဖြင့် ကုသိုလ်ဆိုသည်ကား နည်းများမဆို မလှူရသေးမီ “ပုဗ္ဗစေတနာ” မျှပင်လျှင် အကျိုးပေးနိုင်၏။ အလှူ အထမြောက်သော မုဉ္စစေတနာသို့ထိ ရောက်ပါမူကား အဘယ်မှာ အကျိုးမပေးပဲ ရှိမည်နည်း–ဟု ကျိန်းသေ ဆုံးဖြတ်၍ ကုသိုလ်ကံများကို အားထားကြရမည် ဖြစ်၏။

ဒုတိယ ကောက်နုတ်ချက်ဖြင့် ဒိဗ္ဗသမ္ပတ္တိပိုင်ရှင် နတ်စည်းစိမ်ကြီးများနှင့် ပြည့်စုံပြီးဖြစ်သော သိကြားမင်းသည်ပင်လျှင် အတုယူလျက် ဓာတ်တော်များကို ပူဇော်ခြင်း ပြုလုပ်သေးပါလျှင် ပြောပလောက်အောင် စည်းစိမ်မရှိသော လူတို့အဖို့မှာမူကား အဘယ်မှာလျှင် ပူဇော်ခြင်းအမှုကို မပြုသင့်ပဲ ရှိပါမည်နည်း-ဟု တိကျအောင် ဆုံးဖြတ်ပြီးလျှင်–

ဓာတုပရိနိဗ္ဗာန် မစံဝင်သေးမီ မြတ်စွာဘုရား ဓာတ်တော်များ ထင်ရှားရှိတော်မူခိုက် ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းသောအနေဖြင့် အားကြီးသော ကုသိုလ်စေတနာ ဥပနိဿယ အထောက်အကူကို အရယူကြပြီးလျှင် လောကသံသရာ နှစ်ဖြာနှစ်ဝ သမ္ပတ္တိဟူသမျှတို့နှင့် ပြည့်စုံစေလျက် နိဗ္ဗာန်ထိအောင် အကျိုးဆောင်နိုင်သော “ဓာတုပူဇက ကုသိုလ်” ကို အားထုတ်သင့်ကြောင်း ထပ်လောင်း၍ တိုက်တွန်းအပ်ပါသတည်း။

## ( သံဂါယနာတင် အတ္တုပ္ပတ္တိ ဖြစ်ကြောင်း )

အခါတပါး၌ ရဟန္တာဖြစ်သော အရှင်နာရဒ မထေရ်မြတ်သည် တာဝတိံသာ နတ်ပြည်သို့ ဒေသစာရီ ကြွချီသောအခါ

သိကြားမင်း လျှောက်ထားသဖြင့် ကောသာဋကီ နတ်သမီး၏ အတ္တုပ္ပတ္တိ ဖြစ်ပုံ အခြင်းအရာကို ဥဿုံ ကြားခဲ့ရ၏။

ဤအကြောင်းအရာများကို သံဂါယနာတင်တော်မူကြသော ရဟန္တာမထေရ်ကြီးများအား လျှောက်ထားသောကြောင့် ဤကောသာဋကီနတ်သမီး၏ အတ္တုပ္ပတ္တိကို "ဝိမာနဝတ္ထုပါဠိတော်" ၌ သွတ်သွင်း၍ သံဂါယနာ တင်တော်မူခဲ့ကြသည် ဖြစ်ပါသတည်း။

(ဝိမာနဝတ္ထုပါဠိတော်-ဆဋ္ဌမူ-၆၅။ ၎င်း အဋ္ဌကထာ-ဆ-၁၀၄-မှ ထုတ်ယူ ပြထားသည်။)

## ၂၆။ ပရိနိဗ္ဗာန် သုံးပါး

တိဏ္ဏံပရိနိဗ္ဗာနာနံ ကိလေသပရိနိဗ္ဗာနံ ခန္ဓပရိနိဗ္ဗာနံ ဓာတုပရိနိဗ္ဗာနန္တိ။

.....စသည်ဖြင့် အင်္ဂုတ္တရနိကာယ ကေနိပါတ ဋ္ဌကထာ ဆဋ္ဌမူ-ပ-၇၀။ သမ္မောဟဝိနောဒနီ ဋ္ဌကထာ ဆဋ္ဌမူ – ၄၁၃ – ၌ ဟောသော ဒေသနာတော်များအတိုင်း ညွှန်ပြပါအံ့။

၁။ ကိလေသ ပရိနိဗ္ဗာန်၊

၂။ ခန္ဓ ပရိနိဗ္ဗာန်၊

၃။ ဓာတု ပရိနိဗ္ဗာန်။

ဤသုံးပါးတို့တွင် ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ ငါးထွေသော မာန်အများကို ပယ်ရှား စွန့်ပစ်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ တထောင့် ငါးရာ

ကိလေသာတို့မှ သန့်ရှင်းစွာ ငြိမ်းတော်မူခြင်းသည် "ကိလေသာ ပရိနိဗ္ဗာန်" မည်၏။

ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်၌ မြောက်သို့ ဦးခေါင်းပြု၍ စံတော်မူပြီးလျှင် စုတိကမ္မဇရုပ် ပယ်ချုပ်ရုတ်သိမ်း ခန္ဓာငါးပါး ငြိမ်းတော်မူခြင်းသည် "ခန္ဓပရိနိဗ္ဗာန်" မည်၏။

"ဓာတုပရိနိဗ္ဗာနံ အနာဂတေ ဘဝိဿတိ" စသည်ဖြင့် ကျမ်းလာသည်နှင့်အညီ မြတ်စွာဘုရား၏ သရီရဓာတ်တော်များ ကွယ်ပျောက် ရုတ်သိမ်း၍ ချုပ်ငြိမ်းတော်မူလျက် ပရိနိဗ္ဗာန် ပြုခြင်းသည် နောင်အခါ ဖြစ်လတ္တံ့။ အဘယ်သို့ ဖြစ်လတ္တံ့နည်း ဟူမူကား—

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မမူမီအခါက အဓိဋ္ဌာန်တော်မူခဲ့သောကြောင့် မြတ်စွာဘုရား၏ ဓာတ်တော်, မွေတော်တို့သည် ပူဇော်သက္ကာရပြုသောသူတို့ မရှိသည်ရှိသော် ပူဇော်သက္ကာရပြုရာ ဌာနသို့ ပြောင်းရွှေ့ စံနေတော်မူကြကုန်၏။

သာသနာတော်ကို ကိုးကွယ်ဆည်းကပ်သောသူများ တဖြည်းဖြည်းနည်းပါးလာကြပြီးလျှင် သာသနာတော် အင်အားနည်းလာသောအခါ အရပ်တိုင်းအရပ်တိုင်းမှာပင်ဓာတ်တော်များအား ပူဇော်သက္ကာရပြုခြင်း မရှိကြကုန်လတ္တံ့။

ပူဇော်သက္ကာရပြုသူ မရှိ, ကိုးကွယ်သူမရှိ၍ မြတ်စွာဘုရား သာသနာတော်ဆုတ်ယုတ်ကွယ်ပျောက်သောအခါ ဓာတ်တော် မွေတော်တို့သည် တမ္ဗပဏ္ဏိဒီပ ခေါ်သော သီဟိုဠ်ကျွန်း မဟာစေတီတော်သို့ ကြွ၍ စုကုန်လတ္တံ့။

(ဤ၌ မဟာစေတီဆိုသည်ကား – ဒေဝါနံပိယတိဿမင်း၏ မြေးတော် "ဒုဋ္ဌဂါမဏိအဘယ" မင်းသည် တမ္ဗပဏ္ဏိ မည်သော သီဟိုဠ်ကျွန်း၌ ရာဇဗိဒ္ဓိ, ဒေဝိဒ္ဓိ, အရိယိဒ္ဓိ – ဟူသော ဣဒ္ဓိသုံးပါး အထောက်အကူဖြင့် အတောင် ၁၂၀ – မြင့်မောက်၍ ကြီးကျယ် ခမ်းနားစွာ တည်ထားကိုးကွယ်ခဲ့သော ကဥ္စနမာလီ အမည်တော် ရှိသော "မဟာစေတီတော်" ကို ဆိုလိုသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် တစိတ် အတိုင်းအရှည်ရှိသော ငါဘုရား၏ သာရီရိက ဓာတ်တော်တို့ သည် တမ္ဗပဏ္ဏိကျွန်း၌ မဟာစေတီ တည်လတ္တံ့ – ဟု ရဟန်း သံဃာများအား ဗျာဒိတ် ကြားတော်မူခဲ့၏။

အရှင်မဟာကဿပမထေရ်မြတ်သည်လည်း အဇာတသတ်မင်း နှင့် တိုင်ပင်၍ ဓာတ်တော်တို့ကို စုရုံး ပင့်ဆောင် စဉ် ကလည်း ရာမရွာ၌ရှိသော ဓာတ် တော် များ သည် ကား ဘေးရန် မရှိ၊ နေသင်သောအခါ တမ္ဗပဏ္ဏိကျွန်း၌ ဒုဋ္ဌဂါမဏိအဘယမင်းသည် ပင့်ဆောင်၍ တန်ခိုးအာနုဘော်ကြီးသော မဟာစေတီတော် တည်လတ္တံ့ – ဟု မိန့်ကြားထားခဲ့၏။ ၎င်း မဟာစေတီတော် အတ္တုပ္ပတ္တိ အကျယ်ကို မဟာထူပဝင်, စူဠထူပဝင် ကျမ်းများ၌ ကြည့်ပါကုန်။)

ထိုမှ နောက်၌ ယင်း မဟာစေတီတော်မှ တဖန် ရာဇာယန စေတီ ခေါ်သော လင်းလွန်းပင်စေတီသို့ ကြွ၍ ဓာတ်တော်များ စုဝေးကြကုန်လတ္တံ့။

ထိုမှ နောက်၌ ယင်းရာဇာယနစေတီမှ သစ္စာ လေးဆင့် အခေါင်တင့်၍ အမြင့်ဆုံး သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရာဖြစ် သော ဗောဓိမဏ္ဍိုင်သို့ ကြွ၍ စုကုန်လတ္တံ့။

နဂါးပြည်, နတ်ပြည် ဗြဟ္မာပြည်၌ သိတင်းသုံးသော ဓာတ် တော်, မွေတော် ဟူသမျှ အားလုံးတို့သည်လည်း မဟာ ဗောဓိ မဏ္ဍိုင်သို့သာလျှင် ကြွရောက်စုဝေးတော်မူကုန်လတ္တံ့။ မုန်ညင်း စေ့ပမာဏ အလွန်သေးငယ်လှသော ဓာတ်တော်မျှပင်လျှင် အကြား၌ ပျောက်ခြင်း, ပျက်ခြင်းမရှိလတ္တံ့။

အလုံးစုံသော ဓာတ်တော်, မွေတော်တို့သည် မဟာဗောဓိ မဏ္ဍိုင်၌ စုရုံးတော်မူကြပြီးလျှင် သက်တော်ထင်ရှား ဘုရား မြတ်၏ ရူပကာယ အသွင်တော်ကို ဆောင်လျက် ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ ကိုးထွေ့ဂုဏ်ပေါင်း စုလောင်းသပ္ပာယ် တင့်တယ်စွာ သောအဆင်းတော်ဖြင့် ဖူးမြင်မဝ အားမရအောင် အလွန်ကြည်ညို ဘွယ်သော ဗုဒ္ဓအသရေတော်ကို ထင်ရှားစွာ ပြတော်မူလတ္တံ့။

ထိုမြတ်စွာဘုရား၏ ရူပကာယတော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး, ရှစ်ဆယ်သောလက္ခဏာ တော်ငယ်, ခြောက်သွယ်သော ရောင်တော်လျှံတို့ဖြင့် ပြိုးပြိုး ပျက်ပျက် လက်လက်ငြိးမျှ အံ့ချီးမကုန်နိုင်အောင် ထူးကဲသော တန်ခိုးတော်တို့သည် ထင်ရှားဖြစ်ကုန်လတ္တံ့။

ထိုနောက် အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ သော နေ့ကဲ့သို့ ရေ, မီးအစုံ မြေကြီးတုန်မျှ ရောင်ဟုန်စိုက်ဖြာ ယမိုက်ပြာဋိဟာတို့ကိုလည်း ထင်ရှားစွာ ပြတော်မူလတ္တံ့။

ထိုနောက် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်သတ္တံ့။ ထိုခြောက်ပါးသော ရောင်ခြည်တော်တို့သည် တသောင်းသော စကြာဝဠာတိုင်အောင် ပျံ့နှံ့ထင်ရှားလတ္တံ့။ ထိုအခါ၌ အလွန်အလွန် ထူးကဲသော ဗုဒ္ဓရူပကာယတော်ကို လူတို့မပူဇော်ရ, ဖူးမျှော်ခွင့် မရကြကုန်လတ္တံ့။

တသောင်းသော စကြာဝဠာ၌နေသော နတ်ဗြဟ္မာတို့သည် စည်းဝေးကုန်၍ ယနေ့ အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ပရိနိဗ္ဗာန်ပြုသည် ဖြစ်ခဲ့၏။ ယနေ့ သာသနာတော်ကြီးသည် ရွေ့သည်ဖြစ်ခဲ့၏။ ယခု ငါတို့ ဖူးမြင်ရခြင်းသည်ကား အဆုံးစွန်သောဖူးမြင်ရခြင်းတည်း။ ဤနေ့မှ စ၍ လောကကြီးသည် အမိုက်အတိသာ ဖြစ်တော့လတ္တံ့။ ဤသို့အထွေထွေ အပြားပြား နှလုံးထား၍ စဉ်းစားကြကုန်လတ္တံ့။

ထိုအခါကား သဝိညာဏက သက်တော်ထင်ရှား ဘုရားရှင် ပရိနိဗ္ဗာန် ပြုသောနေ့ထက် လွန်စွာ သနားဘွယ် ဖြစ်ကြကုန်လတ္တံ့။ ထိုအခါ အနာဂါမ်, ရဟန္တာမှ တပါးကုန်သော နတ်ဗြဟ္မာတို့သည် မိမိတို့၏ ကိုယ်ကို ဆောက်တည် အံ့ သော ငှာ မတတ်နိုင်သည်ဖြစ်၍ ကြီးစွာသော စိုးရိမ်ခြင်း, ငိုကြွေးခြင်းသည် ဖြစ်လတ္တံ့။

ထိုနောက် ဓာတ်တော်တည်းဟူသော ကိုယ်တော်မှ မီးလျှံတို့သည် ထွက်လတ်၍ အထက်ဗြဟ္မာတိုင်အောင် တက်လတ္တံ့။ မုန်ညင်းစေ့ တစေ့မျှလောက်ပင် အကြွင်း အကျန် မရှိမူ၍ အားလုံးသော ဓာတ်တော် တို့သည် လောင်ကျွမ်း ပျက်ပြုန်း

အပြီးတိုင်ဆုံးလျက် အကုန်လုံး ကင်းပျောက်တော်မူကြပေကုန် လတ္တံ့ သတည်း။

ထိုအခါ အစည်းအဝေး ရောက်လာကြကုန်သော နတ်ပြဟ္မာ အပေါင်းတို့သည် သက်တော်ထင်ရှား မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောနေ့ကဲ့သို့ အတိုင်းမသိ များစွာသော ပူဇော်ဘွယ်ရာ အဖြာဖြာတို့ဖြင့် ပူဇော်သက္ကာရ ပြုကြကုန်လျက် ဓာတုပရိနိဗ္ဗာန် စံတော်မူရာဖြစ်သော "ဗောဓိမဏ္ဍိုင်တော်ကို" လက်ျာရစ်သုံးပတ် လှည့်လည်၍ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ကြပြီးလျှင်....

အနာဂတေ ဥပ္ပဇ္ဇနကံ ဗုဒ္ဓံ ပဿိတုံ လဘိဿာမ
ဘဂဝါ။

ဘဂဝါ၊ နတ်ပြဟ္မာတို့ အထူးမကိုဋ်ဖြင့် ဦးခိုက်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။ မယံ၊ အားကိုးရာမဲ့ ကျန်ရစ်ခဲ့သော တပည့်တော်တို့သည်။ အနာဂတေ၊ ကြုံကြိုက်သင့်ရာ နောင်သော အခါ၌။ ဥပ္ပဇ္ဇနကံ၊ အရှင်မြတ်တို့တမူ အလားတူ ပွင့်တော်မူ လတ္တံ့သော။ ဗုဒ္ဓံ၊ ဗုဒ္ဓရှင်တော်မြတ်ကို။ ပဿိတုံ၊ တွေ့ဆုံဦးတင် ဖူးမြင်ခြင်းငှာ။ လဘိဿာမ၊ ရပါလိုကုန်၏ မြတ်စွာဘုရား။

အရှင်မြတ်ဘုရား.... အရှင်မြတ်တို့ နိဗ္ဗာန်ပြည်ခွင်သို့ ဝင်စံ ပြောင်းကြွတော်မူကြပြီဖြစ်၍ တပည့်တော်တို့မှာ အားအင်ချိန့် ကိုးကွယ်ရာမဲ့ကာ ကျန်ခဲ့ရပါပြီ။ အရှင်မြတ်တို့လို နောင်ပွင့်တော်မူလတ္တံ့ ဖြစ်သော ဘုရားရှင်တို့အား ဆယ်ချောင်း လက်စုံ ကြာပဒုံဖြင့် တွေ့ဆုံဦးတင်၍ တပည့်တော်တို့ ဖူးမြင်ရပါစေသား မြတ်စွာဘုရား။

ဤသို့ လျှောက်ထားကြပြီးကာ လှမ်းမျှော်တသ ဆုတောင်း ကြ၍ မိမိတို့ဌာန (ဒေဝနဂရ) နတ်ဗိမာန်သို့ နောက်ပြန်ရှိးကျိုး လက်စုံမိုးပြီး ရှိခိုးကာ ပြန်ကြရလေကုန်အံ့ သတည်း။

(ဓာတုပရိနိဗ္ဗာန်ခဏ်းပြီး၏)

ဤသို့ ပြဆိုအပ်ခဲ့ပြီးသည်ကား မြတ်စွာဘုရား ဓာတ်တော် များ ကွယ်ပျောက်ရတ်သိမ်း ချုပ်ငြိမ်းတော်မူ၍ ဓာတုပရိနိဗ္ဗာန် ဝင်စံတော်မူသော အကြောင်းအရာများဖြစ်၏။

ဓာတု ပရိနိဗ္ဗာန် ဝင်စံတော် မူပြီးသည်နောက် ဘုရား ဓာတ်တော်များမရှိသည့် အခါသည်ကား ဘုရားမရှိသည့် အခါ ကိုးကွယ်ရာ, ပူဇော်ရာ မရှိသောအခါ ဖြစ်တော့မည်။

"ဓာတုသု ဌိတာသု ဗုဒ္ဓါ ဌိတာဝ ဟောန္တိ" ဟူ၍ ညွှန်ပြခဲ့ ပြီးသော ဒေသနာတော်အတိုင်း ယခုအခါမှာမူကား ကိုးကွယ် ရာစင်စစ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော် များ အထင်အရှား ရှိတော်မူသော သာသနာတော်တွင်း အခါ ဖြစ်ပါသောကြောင့် ရတနတ္တယ သရဏဂုံတို့ဖြင့် မှမ်းထုံပြည့်ဝ တိကျသော ဗုဒ္ဓသာဝကများဖြစ်ကြသည်အားလျော်စွာ ကျမ်းဂန် အရပ်ရပ်မှ ညွှန်ပြအပ်သော နည်းလမ်းများကိုလည်း နာယူ ကြပြီး ဖြစ်ပါသောကြောင့်—

(၁) မြတ်စွာဘုရား၏ သရီရဓာတ်တော်များ၊

(၂) ဓာတ်တော်ကို ဌာပနာအပ်သော စေတီတော်များ နှင့်တကွ

(၃) ဥဒ္ဒိဿကစေတီတော်များ၊

(၄) ပရိဘောဂစေတီတော်များ၊

(၅) ဓမ္မစေတီတော်များ၏ မျက်မှောက်တော်၌ ဗုဒ္ဓဂုဏ်တော်များသို့ထိ ရောက်အောင် လေးလေးနက်နက် အာရုံပြုလျက် ဗုဒ္ဓါနုဿတိ ဘာဝနာအဖြစ်ဖြင့် နှစ်သက်ကြည်ညိုစွာ ပူဇော်ကိုးကွယ်ကြရန် များစွာတိုက်တွန်းအပ်ပါသတည်း။

(ဗုဒ္ဓါနုဿတိ ဘာဝနာနည်းကို နောက်၌ပြလတ္တံ့။)

(ဤတွင် ဒုတိယပိုင်း ပြီး၏)

# တတိယပိုင်း

ဤတတိယပိုင်းဖြင့် ဗုဒ္ဓဓါတ်တော်များကို ပင့်ဖိတ် လျှောက်ထားကြရန် "ဗုဒ္ဓဓာတုနိမန္တနကထာ" ခေါ်သော ဓာတ်တော် ပင့်စာများနှင့်တကွ ဓာတုစေတီတော်များအား ရှိခိုး ပူဇော်ကြရန် "ဗုဒ္ဓဓာတုဝန္ဒနာ" ခေါ်သော ဓာတ်တော် ဘုရားရှိခိုး စာတမ်းများ၊ ထို့ပြင် ဆုတောင်းပတ္ထနာ ဂါထာများကို ညွှန်ပြလိမ့်မည်။

## ၂၇။ ဓာတ်တော်ပင့်ခန်း၌ ကြိုဘင်သတိချပ်သင့်သော အကြောင်းအရာများ

ယာဝဿ သာသပမတ္တာ ပိ ဓာတုယော ဓရန္တိ၊
တာဝ ဗဟုဇနဟိတာယ ပဋိပန္နောတိ ဝေဒိတဗ္ဗော။*

အဿ၊ ထိုမဟာကာရုဏိကဂုဏ်ရှင် ဘုရားသခင်၏။ သာသပမတ္တာပိ၊ မုန်ညင်းစေ့ပမာဏ အလွန်သေးငယ်လှသည်လည်း ဖြစ်ကုန်သော။ ဓာတုယော၊ ဓာတ်တော် တို့သည်။

---

* သုတ်မဟာဝါ အဋ္ဌကထာ-ဆ-၂၄၅။

ယာ၀၊ အကြွင်းမျှလောက်သော ကာလပတ်လုံး။ ဓရန္တိ၊ ထင်ရှား ရှိတော်မူကြကုန်၏။ တာ၀၊ ထိုဓာတ်တော်တို့ ထင်ရှားရှိတော် မူနေသမျှ ကာလပတ်လုံး။ ဗဟုဇနဟိတာယ၊ နတ်လူတို့ အကျိုး စီးပွား များစေခြင်းငှာ။ ပဋိပန္နောတိ၊ ကျင့်တော်မူ၏-ဟူ၍။ ဝေဒိတဗ္ဗော၊ သိမှတ်အပ်၏။

သဗ္ဗညု ဘုရားရှင်တို့၏ သတ္တဝါများအပေါ်၌ လွန်လွန် မင်းမင်း သနားတော်မူသော မဟာကရုဏာတော် စိတ်ဓာတ်ဖြင့် သတ္တဝါများ အကျိုးစီးပွားများစေခြင်းငှာ ကျင့်တော်မူခဲ့သော အခြင်းအရာတို့သည်ကား–

(၁) ဘုရားဆုကို စ၍ ပန်သည်က စပြီးလျှင် ဒါနပါရမီ အစရှိသော ပါရမီတွေကို ဖြည့်ဆည်းပူးတော်မူလျက် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကိုယ်စိတ် ပင်ပန်း ခြင်းကို ငဲ့ကွက်တော်မမူပဲ ထက်သန်သော လုံ့လဖြင့် ဘုရား အဖြစ်ကို ရအောင် အားထုတ်တော်မူခဲ့ခြင်း,

(၂) ဘုရားအဖြစ်ကို ရတော်မူပြီးသည်နောက် သက်တော် ရှစ်ဆယ်, ဝါတော် လေးဆယ့်ငါးဝါတို့ ပတ်လုံး မနားမနေ အထွေထွေသော မြို့ ရွာ နိုင်ငံတော်များသို့ ဒေသစာရီ ကြွချီ တော်မူပြီးလျှင် နည်းလမ်းပြသ တရားဓမ္မဖြင့် ဩဝါဒ ပေး တော်မူခဲ့ခြင်း,

(၃) နောက်ဆုံး ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်နောက်၌ ပင်လျှင် ကျန်ရစ်သူ အစားစား သတ္တဝါများအတွက် အကျိုး သက်ရောက်စေခြင်းငှာ အဓိဋ္ဌာန်တော် မူ ပြီး လျှင် သရီရ ဓာတ်တော်များကို ပူဇော်ရာအဖြစ် ထားတော်မူခဲ့ခြင်း,

(၄) ဖော်ပြခဲ့သောဒေသနာတော်အတိုင်း အလွန်သေးငယ်လှသော မုန်ညင်းစေ့ပမာဏ ဓာတ်တော်တဆူမျှပင်လျှင် ကိုးကွယ်ရာ ထင်ရှားရှိစေခြင်း။

ဤသို့ စသော အခြင်းအရာတို့သည်ကား လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွား များစေခြင်းငှာ ကျင့်တော်မူခြင်း ဖြစ်ပေသည်-ဟု အာရုံပြုကြရမည်။ မြဲမြဲ အသိအမှတ်ပြုကြရမည် ဖြစ်၏။

ဓာတ်တော်များဟာ တနေရာက တနေရာသို့ ပြောင်းရွှေ့ပြီး ကြွနိုင်သလား? ပင့်ဆောင်ပါက ကြွလာပါမလား-ဟု မေးဖွယ် ဖြစ်၏။ မေးလည်း မေးကြပေသည်။ အဖြေကား-အောက်ပါ အတိုင်း ဖြစ်၏။

တတ္ထ တတ္ထ သက္ကာရသမ္မာနံ အလာဘမာနာ
ဓာတုယော ဗုဒ္ဓါနံ အဓိဋ္ဌာန ဗလေန သက္ကာရ-
သမ္မာန လာဘနကဋ္ဌာနံ ဂစ္ဆန္တိ။ *

တတ္ထ တတ္ထ၊ ထို ထိုအရပ်၌။ သက္ကာရသမ္မာနံ၊ ပူဇော်ခြင်း, မြတ်နိုးစွာ ကိုးကွယ်ခြင်းကို။ အလာဘမာနာ၊ မရကုန်သော။ ဓာတုယော၊ ဓာတ်တော်တို့သည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ အဓိဋ္ဌာနဗလေန၊ အဓိဋ္ဌာန်တော်အစွမ်းကြောင့်။ သက္ကာရသမ္မာန လာဘနကဋ္ဌာနံ၊ ပူဇော်သက္ကာ မြတ်နိုးစွာ ကိုးကွယ်ရာ အရပ်ဌာနသို့။ ဂစ္ဆန္တိ၊ ကြွတော်မူကြကုန်၏။

---

* ဧကင်္ဂုတ္တရ ဋ္ဌကထာ-ဆမူ-၇၀။

ဤ ဒေသနာ သာဓကဖြင့် ထို ထိုအရပ်ဌာနတို့၌ သိတင်းသုံးသော ဓာတ်တော်တို့သည် မိမိတို့ သိတင်းသုံးရာဌာန၌ ပူဇော်သက္ကာရပြုခြင်း၊ ကြည်ညိုစွာကိုးကွယ်ခြင်းကို မရကြသည်ရှိသော် ပူဇော်သက္ကာရပြုရာ ဌာနသို့၊ ကြည်ညိုမြတ်နိုးစွာ ကိုးကွယ်ရာဌာနသို့ ပြောင်းရွှေ့ ကြွတော်မူကြောင်း ဖော်ပြ၏။ ထို့ကြောင့် ဓာတ်တော်များသည် တနေရာမှ တနေရာသို့ ပြောင်းရွှေ့ ကြွတော်မူကြောင်း မှတ်သားရမည်။

"သာသပမတ္တမ္ပိ ဓာတုံ ဂဟေတွာ" စသည်ဖြင့် ညွှန်ပြခဲ့ပြီးသည်အတိုင်း မုန်ညင်းစေ့ပမာဏ ဓာတ်တော်မျှကိုပင် ပင့်ဆောင်ကိုးကွယ်ကြပြီးလျှင် နတ်ရွာသုဂတိသို့ ရောက်ကြပါစေ-ဟူသော မြတ်စွာဘုရား၏ အမိန့်ဌာန်တော်ကို ထောက်သဖြင့် ပူဇော်ကိုးကွယ်ရန် ပင့်ဆောင်ထိုက်ကြောင်းကို မှတ်ရမည်။

"သမေ စိတ္တေ သမံ ဖလံ" ဒေသနာတော်အတိုင်း သက်တော်ထင်ရှား ရှင်တော်ဘုရားကို ပင့်သောအခါ ကြွတော်မူသကဲ့သို့ သရီရဓာတ်တော်များကိုလည်း သက်တော်ထင်ရှား ဘုရားမြတ်ကဲ့သို့ တူမျှစွာ အာရုံထားပြီး ပင့်ဆောင်ပါက ကြွရောက်လာနိုင်ကြောင်း မှတ်ရမည်။

မြို့ဟောင်း၊ ရွာဟောင်းများ၌ ဟောင်းနွမ်း ပျက်စီးနေ၍ မည်သူမျှ ကိုးကွယ် ပူဇော်ခြင်း မရှိသော စေတီဟောင်း၊ စေတီပျက်များမှ ဓာတ်တော်များသည် ပင့်ဆောင်ရာ၊ ပူဇော်သက္ကာရပြုရာသို့ ကြွလာလိမ့်မည်-ဟု မျှော်မှန်းရည်ရွယ်၍ ယုံကြည်စွာ ပင့်ဆောင်ထိုက်ကြောင်း မှတ်ရမည်။

ကြွလာနိုင်သော ရှင်တော်ဘုရားများကို ရည်ရော်ပင့်ဆောင်သောအားဖြင့် ရှေးက ဆရာတော်များသည်လည်း "ဘုရားပင့်" အမျိုးမျိုးတို့ကို စီစဉ်ရေးသားတော်မူခဲ့သောကြောင့် ယခုတိုင်အောင် ဘုရားပင့်များဖြင့် ပင့်ဆောင်နေကြခြင်းမှာလည်း ထင်ရှားသော အထောက်အထားများဖြစ်၏။

ဤသို့ ယုံကြည်ထိုက်သော နည်းလမ်းများကို အထောက်အထားပြု၍ သက်တော်ထင်ရှား ဗုဒ္ဓရှင်တော်ဘုရားကို ပင့်ဆောင်ကြသော အခါ၌ ရှင်တော်မြတ် ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်သည်ကို ပုံစံပြု၍ အရှင်မြတ်၏ အဓိဋ္ဌာန်တော်အတိုင်း ဘုရားတပည့်တော်များ အထံသို့လည်း ကြွရောက်၍ ပူဇော်ခံတော်မူရန် ချီးမြှောက်တော်မူပါမည့် အကြောင်းဖြင့် ပင့်လျှောက်နိုင်ကြစေရန် "ဗုဒ္ဓ ဓာတု နိမန္တန ကထာ" ဘုရားဓာတ်တော်များပင့်စာကို စီစဉ်ရေးသားအပ်ပါသတည်း။

(**အမှာစကား**။ ။အရဟံဂုဏ်တော်ကစပြီးလျှင် နောက်ဆုံး ဘဂဝါဂုဏ်တော်အထိ ဘုရားဂုဏ်တော်တပါးတပါးစီ ဦးတည်အစပြု၍ ပင့်စာ ကိုးပုဒ်စီစဉ်ထားသည်ဘို့တွင် မိမိတို့ စရိုက်အားလျော်စွာ စိတ်ကြည်နူး၍ အာရုံပြုနိုင်ရာ တပုဒ်ပုဒ်ကိုဖြစ်စေ, တတ်နိုင်ပါက ကိုးပုဒ်လုံးကိုပင်ဖြစ်စေ ကျက်မှတ်၍ ရွတ်ဖတ်ပင့်ဘိတ်ခြင်းပြုကြရန် ဖြစ်ပါသတည်း။)

မြွက် (၆)

## ၂၈။ ဗုဒ္ဓနိမ္မနဂါထာခေါ် - ဘုရားဓာတ်တော်ပင့်စာများ

### (၁) အရဟံ ဓာတ်တော်ပင့်စာ

အရဟံ ဝိကိရတုတိ၊
အဓိဋ္ဌာယ ဌပေသိ မေ။
သာရီရိကာ ဇနတ္ထာယ၊
ဟောတု နော သရဏံ စ သာ။ ။

အရဟံ၊ လောကဓာတ် တိုက်ဇမ္ဗူဝယ် မကိုင်ငြိတဆူ အထွဋ်ဆုံး ဖြစ်သဖြင့် ညွတ်ရုံးကာ အမင်းမင်းတို့၏ ဝပ်စင်းရာ ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ မေ၊ အငြိမ်းဓာတ်ယူ နိဗ္ဗူစံသွား ငါဘုရား၏။ သာရီရိကာ၊ ကိုယ်တော်မှဖြစ် ဓာတ်တော်စစ်သည်။ ဝါ-အသေးအသား အရိုးအစစ်မှ တမျိုးဖြစ်ကာ နာမည်သိပါသည့် သာရီရိကာ ခေါ်တဲ့ ဓာတ်တော်များသည်။ ဇနတ္ထာယ၊ ကျန်ရစ်သူ အစားစား လူအများတို့ အကျိုးငှာ။ ဝိကိရတု၊ တပေါင်းတခဲ မနေပဲနှင့် တကွဲတကွဲ စီသန့်သန့်ပြီး တကန့်တကန့်စီ တည်ချစ်ပါစေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာယ၊ အလိုတော်နှုံး စီစဉ်ခဲ့၍။ ဌပေသိ၊ ကိုယ်တော်တမျှ ကိုးကွယ်ကြဖို့ အမှတ်တရ ထားတော် မူခဲ့လေပြီ။ သာ၊ ကိုယ်စားတော်မှတ် ထိုဓာတ်တော်မြတ်သည်။ နော-အမှာကံ၊ သက်တော်ထင်ရှား ထံပါးမဆိုက် မမှီလိုက်ကြသော တပည့်တော် အများတို့၏။ သရဏံ၊ အနီးအစပ် ချဉ်းကပ်မှီတွယ် ကိုးကွယ်ရာ အစစ်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဟောတု၊ အဓိဋ္ဌာန်အလျောက်

ငါကြွရောက်၍ ချီးမြှောက်တော်မူမည်-ဟု ကြံစည်စိတ်ရွယ် တန်ခိုးကြွယ်လျက် ကိုးကွယ်ရာ ဖြစ်တော်မူပါ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။

(အရဟံပင့်စာ အတ္ထုပ္ပတ္တိ)

အမှာကံပိ ဘဂဝါ အဟံ နစိရဋ္ဌိတိကော၊
အပ္ပကေဟိ သတ္တေဟိ အဟံ ဒိဋ္ဌော၊ ယေဟိ န
ဒိဋ္ဌော၊ တေဝ ဗဟုတရာ၊ တေ မေ ဓာတုယော
အာဒါယ တတ္ထ တတ္ထ ပူဇေန္တာ သဂ္ဂပရာယဏာ
ဘဝိဿန္တီတိ ပရိနိဗ္ဗာန ကာလေ အတ္တနော သရီရံ
ဝိပ္ပကိရိယတူတိ အဓိဋ္ဌာသိ။*

အမှာကံပိ၊ ငါတို့၏လည်း။ ဘဂဝါ၊ ဂေါတမ ရှင်တော်ဘုရားသည်။ အဟံ၊ ငါကား။ နစိရဋ္ဌိတိကော၊ ကြာမြင့်စွာ တည်ရမည်မဟုတ်။ အပ္ပကေဟိ၊ အနည်းငယ်ကုန်သော။ သတ္တေဟိ၊ သတ္တဝါတို့သည်။ အဟံ၊ ငါ့ကို။ ဒိဋ္ဌော၊ ဖူးမြင်ဘူးကုန်၏။ ယေဟိ၊အကြင်သူတို့သည်။ နဒိဋ္ဌော၊ မမြင်ဘူးကြပေ။ တေဝ၊ မမြင်ဘူးကြသောထိုသူတို့သည် သာလျှင်။ ဗဟုတရာ၊ များကုန်၏။

တေ၊ ထိုမမြင်ဘူးကြသော သူတို့သည်။ မေ၊ ငါဘုရား၏။ ဓာတုယော၊ ဓာတ်တော်တို့ကို။ အာဒါယ၊ ပင့်ဆောင်ကြကုန်၍။ တတ္ထ တတ္ထ၊ ထိုထိုသော အရပ်၌။ ပူဇေန္တာ၊ ပူဇော်ကြကုန်လျက်။

* မူလပဏ္ဏာသ အဋ္ဌကထာ-ဝမ္မိကသုတ်၊ ပြည်ကြီးမဏ္ဍိုင်-ဒု-၂၅။

သဂ္ဂပရာယဏာ၊ နတ်ရွာသို့ လားရောက်ကုန်သည်။ ဘဝိဿန္တိ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ ဆင်ခြင်တော်မူ၍။ ပရိနိဗ္ဗာန-ကာလေ၊ ပရိနိဗ္ဗာန် ပြုလုနီးအခါ၌။ အတ္တနော၊ မိမိ၏။ သရီရံ၊ ကိုယ်တော်သည်။ ဝိပ္ပ ကိရိယတု၊ ကစင့်ကလျဲ ပျံ့ကြဲစေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန်တော် မူခဲ့လေပြီ။

ဤသို့ အဓိဋ္ဌာန်တော် မူခဲ့သော မြတ်စွာဘုရား အလိုတော် အတိုင်း သဂ္ဂပရာယဏာ အကျိုးငှာ သရီရ ဓာတ်တော်များကို ပင့်ဆောင်၍ ပူဇော် ထိုက်သော နည်းလမ်းရှိသောကြောင့် ပင့်ဆောင် ပူဇော်ကြစေရန် “အရဟံ ဂုဏ်တော်” အစရှိသော ဤဓာတ်တော် ပင့်စာကို စီစဉ်ရေးသား အပ်ပါသတည်း။

## (၂) သမ္မာသမ္ဗုဒ္ဓဓာတ်တော်ပင့်စာ

သမ္မာသမ္ဗုဒ္ဓေါ ပဂ္ဂဏှိ၊
ဝေရဉ္ဇံ မာရဝဋ္ဋိတံ။
နိမန္တနံ ဗြာဟ္မဏဿ၊
ပဋိစ္စ နော ဒယာယ တုံ။ ။

သမ္မာသမ္ဗုဒ္ဓေါ၊ ဆရာမကူ သယမ္ဘူ အသိဉာဏ်ဖြင့် အမှန် ဘကယ် သိတော်မူသော ရှင်တော် မြတ်ဘုရားသည်။ မာရာဝဋ္ဋိတံ၊ မာရ်နတ်သည် လှည့်ပတ်၍ ထားအပ်သော။ ဝါ၊ ဘုရားရှင် အထွဋ်အထိပ်ကိုမှတ်သိပ်အောင် ကြံဆောင်တတ်သည့် မာရ်နတ်၏ ဖိုးကွယ်ရာအရပ်ဖြစ်သော။ ဝေရဉ္ဇံ၊ ဝေရဉ္ဇာမည် ထိုတိုင်းပြည်သို့။ ဗြာဟ္မဏဿ၊ ဝေရဉ္ဇာ ပုဏ္ဏား၏။ နိမန္တနံ၊ ကြည်ညိုလေးစား

သဒ္ဒါပွား၍ လိုလားစွာ ပင့်ဖိတ်ခြင်းကို။ ပဋိစ္စ၊ ငဲ့ကွက် ထောက်ထား၍။ ဒယာယ၊ စခမ်းတို့တွင် ဆွမ်းဘောဇဉ်ဖြင့် ပြုပြင်ကြမည်–ဟု ကြိုတင်ကာ သိလျက်ဖြစ်သော်လည်း ဝိပါက်ကို မြုံမထားမူ၍ ပုဏ္ဏားနှင့် နယ်ဇနတို့အား ကယ်မရန်စိတ်ထားလျက် သနားတော်မူလှုပါသောကြောင့်။ ဥပဂန္တွာ၊ အရှင်ငါးရာ များ သံဃာဖြင့် ဒေသစာအတွင်းရပ်သို့ ချဉ်းကပ် ကြွရောက်တော်မူခဲ့လေပြီ။ တွံ၊ မဟာကရုဏာဂုဏ် လွှမ်းထုံကြီးလတ် ရှင်တော်မြတ်သည်။ နော–အမှာကံ၊ ကိုးကွယ်ကြလို ထိုထိုညွှတ်ပြောင်း တပည့်အပေါင်းတို့၏။ နိမန္တနံ၊ ပင့်ဖိတ်လျှောက်ထားမှုကို။ ပဋိစ္စ၊ ငဲ့ကွက်တော်မူ၍။ ဒယာယ၊ ငဲ့ညှာထောက်ထား သနားတော်မူပါသဖြင့်။ ဥပဂန္တွာ၊ မဟာရဟာ ဌာနရပ်ခွင် မြတ်ပလ္လင်သို့ ခြေတင် ကြွရောက်တော်မူပါ့ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။

## ( သမ္မာသမ္ဗုဒ္ဓပင့်စဉ် အတ္ထုပ္ပတ္တိ )

အဓေ မုဏ္ဍက သမဏာ ယဝံ ခါဒထ၊ မာ
သာလိဘောဇနံ ဘုဉ္ဇထာတိ အက္ကောသိ။*

အဓေ မုဏ္ဍက သမဏာ၊ အို ရဟန်း ဦးပြည်းတို့။ ယဝံ၊ မုယောထမင်းကို။ ခါဒထ၊ စားကြကုန်။ သာလိဘောဇနံ၊ သလေးထမင်းကို။ မာဘုဉ္ဇထ၊ မစားကြကုန်လင့်။ ဣတိ၊ ဤသို့။ အက္ကောသိ၊ ဆဲရေးပြစ်မှား မိခဲ့ပြီ။

---

* အပါဒါန် ဋ္ဌကထာ–ပ·ဆမူ·၁၃၉။

ငါတို့ ကိုးကွယ်ရာ ဖြစ်တော်မူသော ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် နစ္ဆဉ်အခါ ဖုဿဘုရား လက်ထက်တော်က မြတ်စွာဘုရား တပည့် သာဝကဖြစ်သော ရဟန်းတော်များ ချိုမြိန် ကောင်းမွန်သော သလေးဆွမ်းကို ဘုဉ်းပေးသုံးဆောင် နေသည်ကို တွေ့မြင်သောအခါ ဦးပြည်းရဟန်းတွေ သလေးထမင်း မစားကြနဲ့ မုယောထမင်းသာစားကြပါ–ဟု ရှုတ်ချဆဲဆိုခဲ့သောကံသည် ပပျောက်ခြင်း မရှိခဲ့သဖြင့် ဝေရဉ္ဇာပြည်သို့ သွားပါက ၎င်း ဝိပါက်ဆိုက်တော့မည်–ဟု ကြိုတင်ပြီး သိတော်မူ၏။

သိတော်မူသော်လည်း ဝေရဉ္ဇာ ပုဏ္ဏားကြီးနှင့်တကွ သတ္တဝါအများ အကျွတ်တရား ရကြမည်ကို မြင်တော်မူ၍ မိမိအတွက် မငဲ့ကွက်ပဲ ပုဏ္ဏားကြီး ပင့်လျှောက်ချက်ကို လက်ခံတော်မူ၍ ဝေရဉ္ဇာပြည်သို့ တပည့်သံဃာ ငါးရာနှင့်တကွ ကြွသွားတော်မူသောအခါ–

ဝေရဉ္ဇာ ပုဏ္ဏားနှင့်တကွ ပြည်သူပြည်သား အားလုံးတို့အား မာရ်နတ် လှည့်ဖြားဖုံးကွယ်ထားသောကြောင့် ဘုရားကိုပင် သတိမရ ဆွမ်းလှူရမှန်းပင် မသိကြသဖြင့် ဆွမ်းကိစ္စ အခက်ကြုံနေသောအခါ ဥတ္တရာ ပထတိုင်းသား မြင်း ကုန်သည်များက လှူဒါန်းသော မြင်းစာ မုယောစပါးများကို ထောင်းဖွပ်၍ တဝါတွင်းလုံး သုံးဆောင် နေကြရ၏။

ရှင်တော် မြတ်ဘုရားသည် ဤသို့ပင် ဆင်းရဲဒုက္ခ ကြုံရ လိမ့်မည်-ဟု သိလျက် ဖြစ်သော်လည်း ပြင်းပြသော မဟာကရုဏာ

တော်ကြီးဖြင့် သတ္တဝါအများအား ကယ်မ စောင့်ရှောက်ခြင်းငှာ ကြွသွားတော် မူဘိသကဲ့သို့-

အရှင်မြတ်ကို ကိုးကွယ် ပူဇော်လိုကြသော တပည့်တော်များ တို့၏ ပင့်ဘိတ် လျှောက်ထားမှုကိုလည်း လက်ခံတော်မူ၍ တပည့်တော်များအား သနားတော်မူပါသဖြင့် ကြွရောက် ပူဇော်ခံတော်မူရန် ပင့်လျှောက်ပါသည်ဘုရား-ဟူသော ဤစာပိုဒ် ဖြင့် ပင့်ဖိတ်ခြင်းပြုကြရန် ရေးသား အပ်ပါသတည်း။

## (၃) ဝိဇ္ဇာစရဏ ဓာတ်တော်ပင့်စာ

ဝိဇ္ဇာစရဏ သမ္ပန္နော၊
အတ္ထာယာ ဂစ္ဆိ တိဒိဝံ။
မာတုပဘဝ ဒေဝါနံ၊
တတ္ထာ ဂစ္ဆာဟိ နော တုဝံ။ ။

ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာတဝ စရဏတဖုံ ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။ မာတု ပဘဝ ဒေဝါနံ၊ မယ်တော်မိနတ် အမှူးတတ်သည့် ထက်ရပ်ဒေဝါ နတ်ပြဟ္မာ အများတို့၏။ အတ္ထာယ၊ အကျိုးစီးပွား များစိမ့်သော ငှာ။ ဝါ-နတ်တို့အမှူး မိခင်ထူးအား ကျေးဇူးဆပ်ကာ ဘိဓမ္မာကို ကျယ်စွာမြွက်ဟ နည်းနာချ၍ ဟောပြခြင်း အကျိုးငှာ။ တိဒိဝံ၊ တာဝတိံသာ နတ်တို့ရွာသို့၊ အဂစ္ဆိ ယထာ၊ နှစ်လုမ်းနှင့် သုံးဖဝါး ခြေတော်ထား၍ ကြွသွားတော် မူဘိသကဲ့သို့။ တထာ၊ ထိုနှင့်တမူ နည်းအတူ။ နော-အမှာကမ္ပိ၊ ဆည်းကပ်လိုငြား တပည့်တော် အများတို့၏လည်း။ အတ္ထာယ၊ လောကုတ်, လောကီ နှစ်လီတိုးပွား

အကျိုးများစေခြင်းငှာ။ တုဝံ၊ ကရုဏာမြတ် စိတ်ဓာတ်ဖြူစင်ဘုရားရှင်သည်။ ဝါ-သက်တော်ထင်ရှား ဘုရားတမူ အလားတူသည့် အဆူဆူမှတ် ဓာတ်တော်မြတ်သည်။ (ပညတ္တာသနံ၊ အရှင်မြတ်သာ နေထိုင်ရာသည့် ကောင်းစွာခင်းအပ် ပလ္လင်ရပ်သို့။ သည့်) အာဂစ္ဆာဟိ၊ အမြန်ထုတ်ခြောက် ငါလာရောက်၍ ချီးမြှောက်တော် မူမည်-ဟု မနသိဇောဓာတ်မြင့် ချဉ်းကပ်ကြွရောက်တော်မူပါ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။

( ဝိဇ္ဇာစရဏပင့်စာ အတ္ထုပ္ပတ္တိ )

တာဝတိံသဘဝနေပဏ္ဍုကမ္ဗလ သိလာယံ ဝဿံ
ဥပဂန္တွာ မာတု အဘိဓမ္မပိဋကံ ဒေသေတုံ
ဂတော။*

သတ္တာ ဒက္ခိဏပါဒံ ဥက္ခိပိတွာ ယုဂန္ဓရမတ္ထကေ
ထပေတွာ ဣတရံ ပါဒံ ဥက္ခိပိတွာ သိနေရု
မတ္ထကေ ထပေသိ၊ ဧဝံ အဋ္ဌသဋ္ဌိယောဇန သတ
သဟဿ ဌာနေ တယော ပဒဝါရာ အဟေသုံ၊
ဒွေ ပါဒ သိန္ဒါနိ။**

တာဝတိံသဘဝနေ၊တာဝတိံသာ နတ်ပြည်၌။ ပဏ္ဍုကမ္ဗလ သိလာယံ၊ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌။ ဝဿံဥပဂန္တွာ၊

---

* ဓမ္မပဒ အဋ္ဌကထာ-ဒေဝေါရောဟနဝတ္ထု-ဆ-ဒု-၁၄၁-၁၄၀၊

** ဓမ္မပဒ အဋ္ဌကထာ ဒေဝေါရောဟနဝတ္ထု ဆ-ဒု-၁၄၁-၁၄၀။

ဝါကပ်တော်မူ၍။ မာတု၊ မိခင်နတ်သားအား။ အဘိဓမ္မပိဋကာ၊ အဘိဓမ္မာ ပိဋကဘ်တော်ကို။ ဒေသေတုံ၊ ဟောခြင်းငှာ။ ဂတော၊ ကြွသွားတော်မူ၏။

သတ္ထာ၊ မြတ်စွာ ဘု ရား သည်။ ဒက္ခိဏပါဒံ၊ လကျာ ခြေတော်ကို။ ဥက္ခိပိတွာ၊ ကြွ၍။ ယုဂန္ဓရ မတ္ထကေ၊ ယုဂန္ဓိုရ်ရ် တောင်ထိပ်၌။ ထပေတွာ၊ ထား၍။ ဝါမပါဒံ၊ လက်ဝဲခြေကို။ သိနေရု မတ္ထကေ၊ မြင့်မိုရ်တောင်ထိပ်၌။ ထပေသိ၊ ထားတော် မူ၏၊ ဧဝံ၊ ဤသို့။ အဋ္ဌသဋ္ဌိယောဇန သတ သဟဿဋ္ဌာနေ၊ ယူဇနာတသိန်း ခြောက်သောင်း ရှစ်ထောင်ရှိသော အရပ်၌။ တယော ပဒဝါရာ၊ သုံးဖဝါးတို့သည်။ ဒွေပါဒဆိဒ္ဒါနိ၊ နှစ်လှမ်း တို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဤ ဒေသနာတော်အရ ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ယူဇနာပေါင်း တသိန်း ခြောက်သောင်း ရှစ်ထောင် ဝေးကွာသော တာဝတိံသာ နတ်ပြည်သို့ကြွတော်မူသောအခါ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင် ရင်းမှ ယုဂန္ဓိုရ်ရ် တောင်ထိပ်သို့တလှမ်း, ယုဂန္ဓိုရ် တောင်ထိပ်မှ မြင့်မိုရ်ဘောင်ထိပ်သို့တလှမ်း ဤသို့အားဖြင့် နှစ်လှမ်းနှင့်သုံးဖဝါး ခြေတော်ချပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူလျက် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာ၌ ဝါတွင်း သုံးလ ပတ်လုံး ဝါကပ်၍ သီတင်းသုံးတော် မူပြီးသောအခါ မယ်တော် မိနတ်သား အမှူးရှိသော နတ်ဗြဟ္မာ အပေါင်းတို့အား ချီးမြောက် တော်မူသောအားဖြင့် အဘိဓမ္မာ ဒေသနာတော်ကို ဟောကြား တော် မူလေပြီ။

ဤသို့ ရှင်တော်မြတ်ဘုရားသည် အလွန် ဝေးကွာလှသော တာဝတိံသာ နတ်ပြည်သို့ပင်လျှင် ကြွတော် မူသကဲ့သို့ အနီး အနား၌ ဆည်းကပ်နေကြသော ဝေနေယျကြာ သတ္တဝါအများ တပည့်တော်တို့အားလည်း သနားငဲ့ညှာတော် မူသောအားဖြင့် ကြွရောက်တော် မူပါမည်အကြောင်း လျှောက်တောင်း ပင့်ဖိတ် သော ဤပင့်စာဖြင့် ပင့်ဖိတ် လျှောက်ထားကြရန် ရေးသား အပ်ပါသတည်း။

## (၄) သုဂတဓာတ်တော်ပင့်စာ

သုဂတော ဗိမ္ဗိသာရာဒိ၊
ရာဇူနံဝ နိမန္တနံ။
အဓိဝါသေတွာ အဂစ္ဆိ၊
တထာ နေသာ နုဂ္ဂဟာယ တွံ။ ။

သုဂတော၊ အမြတ်စခမ်း နိဗ္ဗာန်နန်းသို့ ကြွလှမ်းတော်မူတတ်သော ဗုဒ္ဓရှင်တော်မြတ်သည်။ ဗိမ္ဗိသာရာဒိ ရာဇူနံ၊ ဗိမ္ဗိသာရ မင်းကြီး အစထား၍ များပြားလှစွာ မင်းမင်းတကာတို့၏။ နိမန္တနံ၊ ကြွစေလိုကြောင်း လျှောက်တောင်းခြင်းကို။ အဓိဝါ သေတွာ၊ ဆိတ်ဆိတ်နေဟန် အသိဉာဏ်ဖြင့် သည်းခံတော်မူ၍။ အဂစ္ဆိတ္ထ၊ ကြွတော်မူသကဲ့သို့။ တွံ၊ ရှင်တော်မြတ်သည်။ (ဝါ) ကိုယ်စားတော်မှတ် ဓာတ်တော်မြတ်သည်။ နေသာ-အမှာကို၊ ခွင့်ပန်လျှောက်ကြား တပည့်တော်များတို့အား။ အနုဂ္ဂဟာယ၊ ချီးမြှောက်သင့်သူ ဝေနေယျဟု မှတ်ယူစိတ်စွဲ အတူပဲထောက် ပန့်ခြင်းငှာ။ (မဟာရဟံ၊ ရှင်တော်မြတ်သာစံတော်ရာဖြစ်ထသော

ပလ္လင်္က၊နှံ့သာမွှေးထုံ ဂန္ဓာရုံတို့ဖြင့် စုံစုံဖြန့်ခြယ်အထူးသွယ်လျက်ရွှေနှယ်ရွှေပန်း တဖန်ဆန်းရပ်ခွင် မြတ်ပလ္လင်သို့။ အာဂစ္ဆာဟိ၊ တပည့်အများ ငဲ့သနား၍ ထင်ရှားစွာ ချီးမြှောက်ဖို့ ကြွရောက်စံနေတော် မူလှဲ့ပါ၊ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရားထည့်)

( သုဂတပင့်စာ အတ္ထုပ္ပတ္တိ )

အဒွါ တွံ ဗုဒ္ဓေါ ဘဝိဿတိ! ဗုဒ္ဓဘူတေန ပန–
တယာ ပထမံ မမ ဝိဇိတံ အာဂန္တွာ ဗုဒ္ဓတ္တံ ပဋိညံ
ဂဏှ။*

အဒ္ဓါ၊ စင်စစ်မချွတ်။ တွံ၊ အရှင်သည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဗုဒ္ဓဘူတေန၊ ဘုရားအဖြစ်သို့ရောက်ပြီးသော။ တယာ၊ အရှင်သည်။ ပထမံ၊ ရှေးဦးစွာ။ မမ၊ အကျွန်ုပ်၏။ ဝိဇိတံ၊ နိုင်ငံသို့။ အာဂန္တွာ၊ လာအပ်၏၊ ကြွလာတော်မူပါ။ ဣတိ၊ ဤသို့ လျှောက်ထားသည်အတိုင်း။ ပဋိညံ၊ ဝန်ခံခြင်းကို။ ဂဏှ၊ ယူတော်မူနှဲ့ပြီ။

ငါတို့ ဂေါတမဘုရားအလောင်းတော်မြတ်သည် တောထွက်တော်မူခဲ့၍ အနော်မာ သောင်ခြေ၌ ရဟန်းပြုပြီးသည်နောက် အနုပိယမည်သော သရက်တော၌ ခုနစ်ရက်မျှ စံနေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဆွမ်းခံဝင်တော်မူသောအခါ အလွန်တင့်တယ်သော အလောင်းတော်၏ ရူပကာယတော်ကိုမြင်၍ ဗိမ္ဗိသာရမင်း ကြည်ညိုစွာ ဆည်းကပ်ပြီးလျှင်

* အပါဒါန ဋ္ဌကထာ-ပ-ဆ-၇၉။

ရင်းနှီးစွာ နှီးနှော ပြောဆိုသောအခါ သဗ္ဗညုတဉာဏ်တော်ကြီးကိုရအောင် အားထုတ်ရန် လာခဲ့ကြောင်း သိရသောကြောင့် အထက်ပါ သာဓက ပါဠိအတိုင်း ဘုရားအဖြစ်သို့ ရောက်ပါလျှင် ဒကာတော်၏ နိုင်ငံသို့ ရွှေဦးစွာ ကြွရောက်တော်မူပါ-ဟု ပင့်လျှောက်လိုက်၏။ ပင့်လျှောက်သည်ကိုလည်း အလောင်းတော်မြတ်ဝန်ခံခဲ့၏။

ဤ ဘုရားပင့်သောအရာနှင့်စပ်၍ ဆိုလိုသည်မှာ - တလောကလုံးရှိ လူမင်း, နတ်မင်းမှစ၍ ရှိသမျှ များစွာ ဗိုလ်ပါအပေါင်းတို့တွင် ဘုရားရှင်ကိုပင့်သော ပုဂ္ဂိုလ်ထဲ၌ "ဗိမ္ဗိသာရမင်း" သည် သာလျှင် အမှန်အစ ပထမဆုံးပင့်သော ပုဂ္ဂိုလ် ဖြစ်ကြောင်း ဆိုလို၏။ ထို့ကြောင့် "ဗိမ္ဗိသာရာဒိ ရာဇူနံ" ဟူ၍ ပင့်စာ ပြုခဲ့သည်။

ဤပင့်စာဖြင့် ရှင်တော်မြတ်ဘုရားသည် ဗိမ္ဗိသာရမင်း အစရှိသော အမင်းမင်းတို့၏ ပင့်ဖိတ်ခြင်းကို ဝန်ခံတော်မူပြီးလျှင် ပင့်ဖိတ်ရာအရပ်သို့ ကြွတော်မူသကဲ့သို့-ဘုရားတပည့်တော်များ၏ ပင့်ဖိတ် လျှောက်ထားခြင်းကိုလည်း လက်ခံတော်မူ၍ ကြွတော်မူပါရန်—ပင့်ဖိတ် အပ်ကြောင်း ရေးသား ညွှန် ကြား အပ်ပါ သတည်း။

### ၅။ လောကဝိဒူ ဓာတ်တော်ပင့်စာ

လောကဝိဒူ သမာဂစ္ဆိ၊
ဝေနေယျာ နုတ္တရာကုရုံ။
ပရဒေသမ္ဟိ နုဂ္ဂဟံ၊
တထာ နော ပဂ္ဂဏှာဟိ တွံ။ ။

လောကဝိဒူ၊ လောကဓာတ်တိုက်တခွင်ဝယ် သိမြင်ဖွယ်ဟူသမျှ ကို အစစ မကျန်ကြွင်းရအောင် ရှင်းရှင်းချည်း သိတော်မူသော ဗုဒ္ဓ ရှင်တော်မြတ်သည်။ ဝေနေယျာနံ၊ ဥာဏ်ခြေရင့် ငုံအာပွင့်သို့ အသင့်ရှိသူ များဗိုလ်လူတို့အား။ အနုဂ္ဂဟံ၊ ဖေးယူ ခေါ်ပင့် ချီးမြှင့်ထောက်ပံ့ခြင်းငှာ။ ပရဒေသံ၊ အရပ်တပါး ကျွန်းတခြား ဖြစ်သော။ ဥတ္တရကုရုံ၊ ဓမ္မတာသီလ မြတ်တေဇကြောင့် သဟာသ ဆောင် အသက်တထောင် ပြည့်နှံ့သည့် မြောက်ကျွန်းဒေသ ထိုဌာနသို့။သမာဂန္တွာယထာ၊ ကောင်းစွာကြွသွားတော်မူသကဲ့သို့။ တထာ၊ ထိုနည်းပမာ အလားတူစွာ။ တုံ၊ ရှင်တော်မြတ်သည်။ (ဝါ)ကိုယ်စားတော်မှတ် ဓာတ်တော်မြတ်သည်။ ဣဓာပိ၊ ရှိတင် ဖူးကြ လျှောက်တောင့်တသည့် ဓမ္မာသနပလ္လင် ဤရပ်ခွင်သို့ လည်း။အာဂန္တွာ၊သနားငဲ့ ညှာကြွလာတော်မူ၍။ နော-အမှာကံ၊ စင်စစ်ပင် ကြည်ညိုရှိ၍ မှီခိုရန် လိုလားကြတဲ့ တပည့်သားအပေါင်း တို့အား။ ပဂ္ဂဏှာဟိ၊ ကယ်တင်ပြီးမြောက် ခရီးရောက်အောင် ချီးမြှောက် မ,စတော်မူပါ-ရွှေဘုန်းတော်သခင် အရှင်သူမြတ် ဘုရား။

( လောကဝိဒူပင့်စာ အတ္ထယုတ္တိ )

ဗုဒ္ဓ, ပစ္စေကဗုဒ္ဓဒယော ပိ မဟိဒ္ဓိကာ တတ္ထဂန္တွာ
ပိဏ္ဍပါတံ ဂဏှန္တိ။*

မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုး ရှိကုန်သော။ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓါဒယော ပိ၊ ဘုရား ပစ္စေကဗုဒ္ဓါ အစရှိသည်တို့သည်လည်း။

---

* သာရတ္ထဒီပနီ ဋီကာ-ပ-ဆ-၂၇၄။

ရှင်းနှီးစွာ နှီးနှော ပြောဆိုသောအခါ သဗ္ဗညုတဉာဏ်တော်ကြီးကိုရအောင် အားထုတ်ရန် လာခဲ့ကြောင်း သိရသောကြောင့် အထက်ပါ သာဓက ပါဠိအတိုင်း ဘုရားအဖြစ်သို့ ရောက်ပါလျှင် ဒကာတော်၏ နိုင်ငံသို့ ရွှေဦးစွာ ကြွရောက်တော်မူပါ-ဟု ပင့်လျှောက်လိုက်၏။ပင့်လျှောက်သည်ကိုလည်း အလောင်းတော်မြတ်ဝန်ခံခဲ့၏။

ဤ ဘုရားပင့်သောအရာနှင့်စပ်၍ ဆိုလိုသည်မှာ - တလောကလုံးရှိ လူမင်း, နတ်မင်းမှစ၍ ရှိသမျှ များစွာ ဗိုလ်ပါအပေါင်းတို့တွင် ဘုရားရှင်ကိုပင့်သော ပုဂ္ဂိုလ်ထဲ၌ "ဗိမ္ဗိသာရမင်း" သည် သာလျှင် အမှန်အစ ပထမဆုံးပင့်သော ပုဂ္ဂိုလ် ဖြစ်ကြောင်း ဆိုလို၏။ ထို့ကြောင့် "ဗိမ္ဗိသာရာဒိ ရာဇူနံ" ဟူ၍ ပင့်စာ ပြုခဲ့သည်။

ဤပင့်စာဖြင့် ရှင်တော်မြတ်ဘုရားသည် ဗိမ္ဗိသာရမင်း အစရှိသော အမင်းမင်းတို့၏ ပင့်ဖိတ်ခြင်းကို ဝန်ခံတော်မူ ပြီးလျှင် ပင့်ဖိတ်ရာအရပ်သို့ ကြွတော်မူသကဲ့သို့-ဘုရားတပည့်တော်များ၏ ပင့်ဖိတ် လျှောက်ထားခြင်းကိုလည်း လက်ခံတော်မူ၍ ကြွတော်မူပါရန်—ပင့်ဖိတ် အပ်ကြောင်း ရေးသား ညွှန် ကြား အပ် ပါသတည်း။

### ၅။ လောကဝိဒူ ဓာတ်တော်ပင့်စာ

လောကဝိဒူ သမာဂဉ္ဆိ၊
ဝေနေယျာ နုတ္တရာကုရိ။
ပရဒေသမ္ပိ နုဂ္ဂဟံ၊
တထာ နေသာ ပဂ္ဂဏှာဟိ တုံ။ ။

## ၆။ အနုတ္တရ ဓာတ်တော် ပင့်စာ

အနုတ္တရော ပုရိသဒ၊
မ္မသာရထိ သမာဂတော။
ဒမ္မိတုံ အင်္ဂုလိမာလ၊
ပဘုတိံ နေသာ တထာ တုဝံ။ ။

အနုတ္တရော်ပုရိသ ဒမ္မသာရထိ၊ တုမရှိဘုန်း ဂုဏ်အလုံးကြောင့် အမြတ်ဆုံးဖြစ်တော်မူသည့်အပြင် မယဉ်ကျေးကြ ရိုင်းပျမျိုးစွာ သတ္တဝါကို ကောင်းစွာ နည်းပြ၍ ဆုံးမတော်မူတတ်သော ဗုဒ္ဓရှင်တော်မြတ်သည်။ အင်္ဂုလိမာလ ပဘုတိံ၊ အင်္ဂုလိမာလ, သစ္စက နှင့်, ဗကဗြဟ္မာ, မြောက်မြားစွာလှယခင်ရှေးက မယဉ်ကျေးကြတဲ့ နတ်လူအပေါင်းကို။ ဒမ္မိတုံ၊ အမျက်မာန် လျှော့ကျဖို့ ဟောပြဆုံးမခြင်းငှာ၊ သမာဂတော ယထာ၊ အကြောက်မထား မထောက်နားပဲ အရောက်သွားတော်မူသကဲ့သို့။ တထာ၊ ဆုံးမသည့်မှု နည်းအတူ။ တုဝံ၊ ရှင်တော်မြတ်သည်။ (ဝ၁) ကိုယ်စားတော်မှတ် ဓာတ်တော်မြတ်သည်။ နေသ-အမှာကမ္ဘ၊ စင်စစ်ပင် ကြည်ညို၍ မှီခိုရန် လိုလားကြတဲ့ တပည့်သားအပေါင်းတို့အားလည်း။ ဒမ္မိတုံ၊ ဗုဒ္ဓရုံသီ မြတ်ရောင်ခြည်ဖြင့် စုံညီစွာ ထုံးပြ၍ ဆုံးမတော်မူခြင်းငှာ။ (ဓမ္မာသနံ၊ ဓမ္မာသနရပ်ခွင် မြတ်ပလ္လင်သို့။ အာဂစ္ဆာဟိ၊ တပည့်အများ ငဲ့သနား၍ ထင်ရှားစွာချီးမြှောက်ဖို့ ကြွရောက် စံနေတော်မူလှဲပါ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ ထည့်)

## ( အနုတ္တရပင့်စာ အတ္ထုပ္ပတ္တိ )

၁။ ဝသဝတ္တိ မာရ်နတ်မင်း၊
၂။ အာဠာဝက ဘီလူး၊
၃။ နာဠာဂိရိဆင်၊
၄။ အင်္ဂုလိမာလ ခိုးသူကြီး၊
၅။ စိဉ္စမာန ခေါ်သော မိန်းမ၊
၆။ သစ္စက ပရိဗိုဇ်၊
၇။ နန္ဒောပနန္ဒ နဂါးမင်း၊
၈။ ဗကဗြဟ္မာ။

ဤရှစ်ဦး အစရှိသော ကြမ်းထမ်းခက်ထန် ဒေါသမာန် ကြီးလှသဖြင့် မိမိအား တို့ပြန်၍ ရန်မူရန် ချဉ်းကပ်ပြီး သတ်ဖြတ်ဖို့ ကြံစည်ကြသော ရန်သူကြီးများရှိရာ အရပ်သို့ပင်လျှင် ရှင်တော် မြတ် ကိုယ်တော်တိုင် ကြွ ရောက် တော် မူ၍ မေတ္တာရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေး ဆုံးမတော်မူပြီးလျှင် နူးညံ့ ပျော့ ပျောင်း ယဉ်ကျေးသော သူကောင်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်၍ စောင့်ရှောက်တော်မူခဲ့လေပြီ။

ထိုသူများတို့ကဲ့သို့ ကြမ်းတမ်းခက်ထန် ဒေါမာန်မျက်ပွား လားလားမျှမရှိ ပကတိ သဒ္ဒါဓာတ်ဖြင့် ဆည်းကပ်လိုသော ဘပည့်တော်အများတို့အားလည်း သနားငဲ့ညှာတော်မူပါသဖြင့် ကြွရောက် ချီးမြှောက်တော်မူပါရန်-မင့်မိတ်သင့်သောအရာ ဖြစ် သည့်အတိုင်း ဤပင့်စာကို ရေးသားအပ်ပါသတည်း။

## ၇။ သတ္တာဒေဝ ဓာတ်တော်ပင့်စာ

သတ္တာဒေဝ မနုဿာနံ၊
ဒူရေပဇ္ဇဂ စ္ဆိနုဂ္ဂဟံ။
ဌာနံ သရဏတ္ထိကာနံ၊
တထာ နော နုဂ္ဂဟာယ တုံ။ ။

သတ္တာဒေဝ မနုဿာနံ၊ ဗြဟ္မာဝဋ္ဌာ အပြည့်အဝ ရှိသမျှ အရပ်သူ နတ်လူတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒူရေပိ၊ ယူဇနာများစွာ ဝေးကွာသောအရပ်၌ ဖြစ်သော်လည်း။ သရဏတ္ထိကာနံ၊ မိမိအားကြည်ညို၍ မှီခိုရန်စိတ်ရှိကြသည့် ပိဋကလိ တသင်း ကပ္ပိနမင်း အစရှိသော သူတို့၏။ ဌာနံ၊ ထိုသူတို့ရှိရာ ဝေးကွာသော အရပ်ဌာနသို့။ အနုဂ္ဂဟံ၊ အနုဂ္ဂဟာနွေ့ာ၊ ကရုဏာ တော်အလျောက် ရှုမျှော်ထောက်ပြီ လျှင် ချီးမြှောက်တော်မူလို သည်ဖြစ်၍၊ အာဂစ္ဆိ: မပင်မပန်း ရွှင်ရွှင်လန်းလန်းနှင့် ကြွမြန်း တော်မူခဲ့လေပြီ။

တထာ၊ မိမိအား ကြည်ညို၍ မှီခိုသူရှိရာသို့ ဦးတည်ကာ ခရီးလျှောက်ပြီး ချီးမြှောက်တော်မူသည်နှင့် တူစွာ။ နော- အမှာကမ္ဘ၊ အနီးအစပ်မှာ ဆည်းကပ်ကာ ခစားလိုကြသော တပည့်တော်များတို့အားလည်း။ အနုဂ္ဂဟာယ၊ ချီးမြှောက်သင့်သူ ဝေနေလူဟု မှတ်ယူစိတ်ရှိ အတူပဲ ထောက်ပံ့ခြင်းငှာ။ တုံ၊ ရှင်တော်မြတ်သည်။ (ဝါ)ကိုယ်စားတော်မှတ် ဓာတ်တော်မြတ် သည်။ (ဂါရဝဋ္ဌာနံ၊ ဦးတင်ညွတ်လျှိုး ရှိခိုးရာဌာန ဓမ္မာသန

ရုပ်ခွင် မြတ်ပလ္လင်သို့။ အာဂစ္ဆ၊ တပည့်အများ ငဲ့သနား၍ ထင်ရှားစွာ ချီးမြှောက်ဖို့ ကြွရောက် စံနေတော်မူလှဲ့ပါ-ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ ထည့်)

( သတ္တာဒေဝ ပင့်စာ အတ္ထုပ္ပတ္တိ )

ဘဂဝါ ဟိ မဟာကဿပထေရံ ပစ္စုဂ္ဂစ္ဆန္တော
မုဟုတ္တေန တိဂါဝုတမဂမာသိ၊ အာဋ္ဌာဝကဿ-
တ္ထာယတိံသယောဇနံ၊ တထာ အင်္ဂုလိမာလဿ၊
ပုက္ကုသာတိဿ ပန ပဉ္စစတ္တာလီသ ယောဇနံ၊
မဟာကပ္ပိနဿ ဝီသယောဇနသတံ။*

ဘဂဝါ၊ဘုန်းတော်သခင် ရှင်တော်ဘုရားသည်၊မဟာကဿပထေရံ၊ အရှင်မဟာကဿပမထေရ်အလောင်းဖြစ်သော ပိပ္ပလိလုလင်ကို၊ ပစ္စုဂ္ဂစ္ဆန္တော၊ ကြိုဆိုလိုသည်ဖြစ်၍။ မုဟုတ္တေန၊ တမုဟုတ်ခြင်းဖြင့်။ တိဂါဝုတံ၊ သုံးဂါဝုတ် ရှိသော ခရီးသို့။ အဂမာသိ၊ ကြွတော်မူပြီ။ အာဋ္ဌာဝကဿ၊အာဋ္ဌာဝကဘီလူး၏။ အတ္ထာယ၊ အကျိုးငှာ။ တိံသယောဇနံ၊ ယူဇနာသုံးဆယ်ရှိသော ခရီးသို့။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလ၏။ အတ္ထာယ၊အကျိုးငှာ။ တထာ၊ထို့အတူ ယူဇနာသုံးဆယ်ရှိသောခရီးသို့။ပုက္ကုသာတိဿ၊ ပုက္ကုသာတိမင်း၏။ အတ္ထာယ၊ အကျိုးငှာ။ ပဉ္စစတ္တာလီသယောဇနံ၊ လေးဆယ့်ငါးယူဇနာတိုင်တိုင်။ မဟာကပ္ပိနဿ၊ မဟာကပ္ပိနမင်း၏။ အတ္ထာယ၊ အကျိုးငှာ။ ဝီသယောဇနသတံ၊ ယူဇနာတရာ့နှစ်ဆယ်တိုင်တိုင်။ အဂမာသိ၊ ကြွတော်မူပြီ၊

* သာရတ္ထဒီပနီ ဋီကာ-ပ-ဆ-၄၅၂။

မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့်ကြည့်တော်မူ၍ ဗောဓနေယျ သတ္တဝါများကို မြင်တော်မူလျှင် မည်မျှပင် ခရီးဝေးကွာသော်သည်း လျင်စွာကြွ၍ ချီးမြှောက်တော်မူခဲ့ပြီ။ အရှင်မဟာကဿပ အလောင်းဖြစ်သော ပိပ္ပလိလုလင်ကို ချီးမြှောက်တော်မူရန်-သုံးဂါဝုတ်ဝေးသော ခရီးသို့ အာဠဝကဘီလူးနှင့် အင်္ဂုလိမာလကို ချီးမြှောက်ရန်-ယူဇနာနှစ်ဆယ်ရှိသော ခရီးသို့၊ ပုက္ကုသာတိမင်းကို ချီးမြှောက်ရန်-လေးဆယ့်ငါးယူဇနာ ရှိသော ခရီးသို့၊ မဟာကပ္ပိနမင်းကိုချီးမြှောက်ရန်-ယူဇနာ တရာ့နှစ်ဆယ်ရှိသော ခရီးသို့ ကြွရောက်၍ ချီးမြှောက်တော်မူခဲ့လေပြီ။

ဤသို့ မြတ်စွာဘုရားသခင်သည် သတ္တဝါတို့အကျိုးငှာ ကျင့်တော်မူခဲ့သည့်အတိုင်း သတ္တဝါများအား ချီး မြှောက် တော်မူသောအခါ၌ ယူဇနာပေါင်းများစွာ ဝေးကွာသော အရပ်ပင်ဖြစ်စေကာမူ ကြွရောက်ချီးမြှောက်တော်မူသကဲ့သို့ အနီးအစပ်တွင် ချဉ်းကပ်နေထိုင်ကြသော တပည့်သားအပေါင်းတို့ အထံသို့လည်း ကြွရောက် ချီးမြှောက်တော်မူရန် ပင့်ဖိတ်အပ်ကြောင်းဖြင့် ဤပင့်စာကို စီစဉ်အပ်ပါသတည်း။

ဂ။ ဗုဒ္ဓခေတ်တော် ပင့်စာ

ဗုဒ္ဓေါ ဗုဒ္ဓင်္ကုရကာလေ၊
တာရေယျန္တိ မဟာဇနေ။
နိတ္ထာရေန္တော အမှာကမ္ပိ၊
တာရေသိ သံသာရဏ္ဏဝါ။ ။

ယောဗုဒ္ဓေါ၊ သစ္စာတော်လေးမျိုးကို ပိုင်စိုးကာ သိမြင်သည့် အကြင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ဗုဒ္ဓံကိုရကာလေ၊အလောင်းတော်တို့ဓလေ့ပါရမီတော်ဖြည့်နေရသည့် သုမေဓာရသေ့ဘဝက။ တာရေယျန္တိ၊ ငါတည်းတမယ် သံသာနယ်မှ တကယ်ကူးထွက်နိုင်သည် ဖြစ်အံ့ ရမ္မက်ပြောထူ အများသူတို့ကိုလည်း သောင်အင္ဂူ ကမ်းတဖက်သို့ ကူးတက်အောင် ကယ်တင်အံ့ဟူ၍။ နိစ္ဆာရေန္တော၊ ရဲရဲရင့်ရင့် နှုတ်သံဖွင့်၍ မြင့်မြင့်ချည်း ကြုံးဝါးတော်မူလျက်။ မဟာဇနေ၊ အနန္တပိုလ်ချေ များဝေနေ တို့ကို။ သံသာရဏ္ဏဝါ၊ သံသရာပြင်ကျယ် မြစ်ပင်လယ်မှ။ တာရေသိ၊ ကြုံးဝါးသလောက် မှန်းချေပေါက်၍ ကူးမြောက် ကယ်တင်တော်မူခဲ့လေပြီ။

သောဗုဒ္ဓေါ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်သည်။ (ဝါ) ကိုတ်တော်မြတ်အစား ရုပ်ပွားတော်ဒြပ် ဓာတ်တော်မြတ်သည်။ ပလ္လင်္ကံ၊ လျှောက်ပတ်စံရာ ပလ္လင်သာသို့။ အာဂန္တွာ၊ ကြွလာတော်မူ၍။ အမှာကမ္ပိ၊ တပည့်တော်အများတို့အားလည်း။ သံသာရဏ္ဏဝါ၊ သမုဒ်ပင်လယ် ရေပြင်ကျယ်သို့ ပုံနှယ်ပြုရာ သံသရာမှ။ တာရေတု၊ တဖက်ကမ်းရောက် ခရီးပေါက်အောင် ကူးမြောက်ကယ်တင်တော်မူပါ-ရွှေဘုန်းတော်သခင်အရှင်သူမြတ်ဘုရား။

( ဗုဒ္ဓပင့်စာ အတ္ထုပ္ပတ္တိ )

သံသာရသောတံ ဆိန္ဒိတွာ၊
ဝိဒ္ဓံသေတွာ တယော ဘဝေ။

ဓမ္မနာဝံ သမာရုယှ၊
သဒ္ဓါရေသိံ သဒေဝကံ။*

အဟံ၊ ငါသည်။ သံသာရသောတံ၊ သံသရာ-တည်းဟူသော ရေအယာဉ်ကို။ ဆိဒ္ဒိတွာ၊ ဖြတ်၍။ တယောဘဝေ၊ ဘဝသုံးပါးတို့ကို။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီး၍။ ဓမ္မနာဝံ၊ တရား-တည်းဟူသော လှေသို့။ သမာရုယှ၊ ကောင်းစွာတက်စီး၍။ သဒေဝကံ၊ နတ်နှင့်တကွသော သတ္တဝါအပေါင်းကို။ သန္တာရေသိံ၊ သံသရာ ပြင်ကျယ် မြစ်ပင်လယ်မှ ကယ်တင် ထုတ်ချောက် ကူးမြောက် စေအံ့။

ဗုဒ္ဓရှင်တော်မြတ်သည် ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်း၌ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူသော သုမေဓာရှင်ရသေ့ဘဝက၊ ငါသည် သံသရာ-တည်းဟူသော ရေယာဉ်ကြောကို ဖြတ်၍ ဘဝသုံးပါးတို့ကို ဖျက်ဆီးပြီးလျှင် တရား-တည်းဟူသော လှေဖောင်တော်ကို စီးနင်းလျက် နတ်နှင့် တကွသော သတ္တဝါ အပေါင်းကို သံသရာပြင်ကျယ် မြစ်ပင်လယ်မှ ကယ်တင် ထုတ်ချောက် ကူးမြောက်စေအံ့-ဟူ၍ ရဲရဲရင့်ရင့် နှုတ်သံဖွင့်၍ မြင့်မြင့်ချည်းကြုံး ဝါးဘော်မူခဲ့လေပြီ။

ကြုံးဝါးတော် မူခဲ့သည့်အတိုင်း ကယ်တင်သင့်သလောက် ကယ်တင်တော် မူခဲ့ပါပြီ။ သံသရာမှ ကယ်တင်၍ နိဗ္ဗာန်ခွင်သို့ ရောက်အောင် ပို့ဆောင်ပြီးသော သတ္တဝါများနှင့်အတူ ကျန်ရစ်သူအစားစား တပည့်တော် အများတို့အားလည်း သမုဒ္ဒရာ ရေ

---

* ဗုဒ္ဓဝံသပါဠိ-ဆ-၃၁၁။

ပမာသို့ လွန်စွာပြန့်ကျယ် သံသာနယ်မှ ကြွရောက်၍ကယ်တင်တော်မူပါဘုရား-ဟူ၍ ပင့်ဖိတ် လျှောက်ထားသင့်သော အနေဖြင့် ဤပင့်စာကို စီစဉ်အပ်သတည်း။

## (၉) ဘဂဝါဓာတ်တော်ပင့်စာ

ဘဂဝါ ဓာတုံ ဂဟေတွာ။
သင်္ဂတ္ထံ မေ မဟာဇနော။
ပူဇေတုတိ သုဗျာဓိတော၊
အာဂစ္ဆန္တု ယဇာမ တာ။ ။

ဘဂဝါ၊ ဤသရိယ စသည်ခြောက်ဖော် တန်ခိုးကျော်သည့် ရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ မေ၊ ငါဘုရား၏။ ဓာတုံ၊ ပဲနောက်စေ့တမျိုး ဆန်ကျိုးနှယ်တသင်း မုတ်ညင်းစေ့တသွယ် ကြီးလတ်ငယ် သဏ္ဌာန်ဆောင် သည့် ရွှေရောင်တနဲ့ ပုလဲတပါးချရားစေ့အဆင်းရောင်တို့ဖြင့်လင်းပြောင် ထူးလတ် ဓာတ်တော်မြတ်ကို။ ဂဟေတွာ၊ ပင့်ဆောင်ကြ၍။ သင်္ဂတ္ထံ၊ သုဂတိ နတ်နန်းသို့ တက်လှန်းရန် အကျိုးငှာ။ မဟာဇနော၊ လူများအပေါင်းသည်။ ပူဇေတု၊ ယုံကြည်စိတ်မြတ် သဒ္ဓါဓာတ်ဖြင့် ဆည်းကပ် ပူဇော်ကြစေသတည်း။

ဣတိ၊ ဤသို့။ ယသ္မာ၊ အကြင်ကြောင့်။ သုဗျာဓိတော၊ မိန့်ဖော်ဟောကြား ဗျာဒိတ် ထားတော် မူခဲ့လေပြီ။ တသ္မာ၊ ထိုသို့ ဟောမြွက် ဗျာဒိတ်တော် မိန့်ချက်ကို ဦးထိပ်ရွက်တင် ပန်ဆင် ရပါသောကြောင့်။ မယံ၊ ယုံကြည်အားထား တပည့်တော်အများတို့သည်။ ယဇာမ၊ အရှင်မြတ်သာ အားထားရာ-ဟူ

ကောင်းစွာ ရည်ရော်၍ ပူဇော်ကိုးကွယ် ကြပါကုန်အံ့။ တာ၊ ထို ဗုဒ္ဓကိုယ်စား ထင်ရှားမွေ့သရိ စေတီတော်အရပ်ရပ် ဓာတ်တော်မြတ်တို့သည်။ အာဂန္တုကတို့၊ တန်ခိုးဘိညာဉ် စျာန်တော်ယာဉ်ဖြင့် ဆောလျှင်စွာ ကြွရောက်ပြီး ချီးမြှောက်တော်မူလှဲ့ပါ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။

( ဘဂဝါပင့်စာ အတ္ထုပ္ပတ္တိ )

ပရိနိဗ္ဗုတဿာပိ မေ သာသပမတ္တမ္ပိ ဓာတုံ
ဂဟေတွာ အတ္တနော အတ္တနော ဝသနဋ္ဌာနေ
စေတိယံ ကတွာ ပရိစရန္တော မဟာဇနော
သဂ္ဂပရာယဏော ဟောတူတိ ဓာတူနံ ဝိကိရဏံ
အဓိဋ္ဌာသိ။*

ပရိနိဗ္ဗုတဿာပိ၊ ပရိနိဗ္ဗာန်ဝင်စံသည်လည်း ဖြစ်သော။ မေ၊ ငါဘုရား၏။ သာသပမတ္တမ္ပိ၊ မုန်ညင်းစေ့ ပမာဏ ရှိသည်လည်းဖြစ်သော။ ဓာတုံ၊ သရီရဓာတ်တော်ကို။ ဂဟေတွာ၊ ပင့်ဆောင်၍။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဝသနဋ္ဌာနေ၊ နေရာအရပ်၌။ စေတိယံ၊ စေတီကို။ ကတွာ၊ ပြု၍။ ပရိစရန္တော၊ ကိုးကွယ်ဆည်းကပ်သော။ မဟာဇနော၊ လူများအပေါင်းသည်။ သဂ္ဂပရာယဏော၊ နတ်ရွာသုဂတိသို့ လာရောက်သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့ စဉ်းစား နှလုံးထား၍။ ဓာတူနံ၊ ဓာတ်တော်တို့၏။ ဝိကိရဏံ၊ အစိတ်စိတ် အမြွာမြွာ အဖြာဖြာ အနှံ့နှံ့ ဖရိုဖရဲကြဲအောင်။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန်တော် မူခဲ့လေပြီ။

---
* သုတ်မဟာဝါ အဋ္ဌကထာ–ဆ–၁၉၆။

ဤ ဒေသနာတော်ဖြင့် သဗ္ဗညု ရှင်တော်ဘုရားသည် သတ္တဝါ တွေ့အကျိုးများစေခြင်းငှာ အမိန့်ဩဝါဒ် နှုတ်ကပါး မိန့်မြွက်တော်မူ၍ ဗျာဒိတ်ထားတော် မူခဲ့သည်မှာ ပရိနိဗ္ဗာန် ဝင်စံသွားသော ငါဘုရား၏ မှန်ညင်းစေ့ ပမာဏရှိသော ဓာတ်တော်မျှကိုပင်လျှင် ပင့်ဆောင်၍ ကိုးကွယ်ပူဇော်ကြသော လူများအပေါင်းသည် သုဂတိ နတ်ရွာသို့ ကောင်းစွာလားရောက် စေသတည်း-ဟူ၍ ဆင်ခြင်တော်မူပြီးလျှင် ဓာတ်တော်များတပေါင်းတခဲ တစုတည်း မနေမူ၍ အစိတ်စိတ် ပျံ့ကြဲပြီးလျှင် ကစဉ့်ကရဲ တည်ရစ် စေသတည်း-ဟူ၍ အမိန့်ဩဝါဒ်တော် မူခဲ့လေပြီ။

ရှင်တော်ဘုရား၏ ဗျာဒိတ်တော်အတိုင်း သရီရ ဓာတ်တော် များကို ပင့်ဖိတ်၍ ကိုးကွယ် ပူဇော်ထိုက်သည်အတိုင်း ပင့်စာ များဖြင့် ပင့်ဖိတ် နိုင်ကြစေရန် နောက်ဆုံး ဘာဂဝါ ဂုဏ်တော် အစရှိသော ဤ ပင့်စာကို ရေးသားအပ်ပါသတည်း။ (ဓာတ် တော်များ၏အဆင်းအရောင်တော်နှင့်အချင့်ပမာဏကို ပထမပိုင်း စာခေါင်းအမှတ် ၁၉-၌ ပြခဲ့ပြီ။)

ဓာတ်တော်ပင့်စာ-၉-ပုဒ်ပြီးပြီ။

## ၂၉။ ဓာတ်တော်ဘုရားရှိခိုးနှင့် ဘုတောင်းပတ္ထနာ ဂါထာများ

(၁) စတုက္ကကဇာတာယံ ဓာတုံ၊
အစိန္တိယသာ သတ္ထုနော။
မဟာကာရုဏိကဿာဟံ၊
နမာမိ သိရသာ ဒရံ။ (ရစနာဂါထာ)

စုဏ္ဏကဇာတာ၊ မှုန့်မှုန့်ညက်ကျေ အစိတ်စိတ် ဖြစ်နေသော။ အယံဓာတု၊ သာရီရိက နာမပညတ် ဤဓာတ်တော်မြတ်သည်။ မဟာကာရုဏိကဿ၊ သနားငဲ့ညှာ မဟာကရုဏာတော် အရှင်ဖြစ်တော်မူသော။ အဝိန္တိယဿ၊ ဂုဏ်တော်အနန္တ ကြံစည်၍မရနိုင်ထသော။ သတ္ထုနော၊ ဆရာဘုရား၏။ ဓာတု၊ ဓာတ်တော်မြတ်အစစ်ပေတည်း။ တံဓာတုံ၊ သာရီရိကနာမပညတ်ထိုဓာတ်တော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ရိုသေကျိုးနွံစွာ။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ကြည်ညို မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(၂) ဓာတုပူဇက ထေရော၀၊
စတုန္နဝုတိ ကပ္ပကေ။
ဓာတုံ မဟေသိ သဗ္ဗုဿ၊
တထာ မယမ္ပိ သာဒရံ။ (ရစနာဂါထာ)

ဓာတု ပူဇကထေရော၊ အန္တကျသဘော လိုက်ရောညီမျှ အမည်ခံသည့် ဓာတုပူဇက မထေရ်မြတ်သည်။ စတုန္နဝုတိကပ္ပကေ၊ ဤသည့် ရပ်ဌာန် ဤကပ္ပမှ နောက်ပြန် ရွေးချယ် စစ်တန်းသွယ်ခဲ့သော် ကိုးဆယ်လေးကမ္ဘာ ထိုအခါ ကာလက။ သဗ္ဗုဿ၊ သိဒ္ဓတ္ထ-ဟု နာမထင်ရှား မြတ်ဘုရား၏။ ဓာတုံ၊ သရီရဓာတ်မွေတော်မြတ်ကို။ သာဒရံ၊ ဆွေမျိုးတတွေ စုပေါင်းစေ၍ ရိုသေကျိုးနွံစွာ။ မဟေသိ ဣဝ၊ ကြည်ညိုဝတ်တွား သဒ္ဓါပွား၍ လေးလေးစားစားချည်း ပူဇော်ခဲ့လေသကဲ့သို့။ တထာ၊ ကောင်းမြတ်စင်ဖြူ နည်းအမူကို တုယူစိတ်ထား မထေရ်မြတ် အလား

သာလျှင်။ မယမ္ပိ၊ တပည့်တော် အများတို့သည်လည်း။ သတ္တုသား ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၏။ ဓာတုံ၊ သရီရဓာတ် မွေတော်မြတ်ကို။ သာဒရံ၊ လေးလေးစားစား ညွတ်တွား ဝန္ဒနာ ရှိသေကျိုးနွံစွာ။ မဟာမ၊ အစိန္တေယျ အနန္တဂုဏ် မျိုးဖုံဖုံကို ဥဿုံညာဏ မိုသမျှဖြင့် မှန်းဆရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါကုန်၏ အရှင်မြတ်ဘုရား။

(၃) သော ထေရော တေန ကမ္မေန၊
အဇာနိတွာ ဝ ဒုဂ္ဂတိံ။
တိ ကပ္ပံ ဗုဒ္ဓကာလေပိ၊
နိဗ္ဗုတော ဟောသိ နော တထာ။
(ရစနာဂါထာ)

သောထေရော၊ ထိုဗုဒ္ဓ ပူဇက မထေရ်မြတ်သည်။ တေနကမ္မေန၊ ကိုးဆယ်လေးကမ္ဘာ ထိုအခါက သတ္တာသိဒ္ဓတ် ဓာတ်တော်မြတ်ကို ဆည်းကပ်ကော်ရော် ပူဇော်ပြုစု ထိုကောင်းမှုကြောင့်။ တိံကပ္ပံ၊ ကိုးဆယ်လေးကမ္ဘာ ထိုအခါပတ်လုံး။ ဒုဂ္ဂတိံ၊ မကောင်းသူတို့ ပျော်မျိုစံရာ အပါယ်လေးရွာကို။ အဇာနိတွာ၊ မရောက်မကြုံ မသိကုန်သည်ဖြစ်၍။ ဗုဒ္ဓကာလေ၊ ငါတို့ဘုရား ထင်ရှားပွင့်ရာ လက်ထက်တော်အခါ၌။ နိဗ္ဗုတော၊ ရုပ်နာမ်ခပ်သိမ်းကင်းပျောက်ငြိမ်း၍ ချုပ်သိမ်းနိဗ္ဗာန် ဝင်စံတော် မူရသည်။ အဟောသိဣဝ၊ ဖြစ်တော် မူသကဲ့သို့။ တထာ၊ ထိုအရှင်သို့ မချိုမကွာ နည်းတူစွာသာလျှင်၊ နော-မယမ္ပိ၊ သရီရဓာတ်မွေတော်မြတ်ကို ဆည်းကပ်ညွတ်တွား တပည့်တော်များတို့သည်လည်း။

ဝေနေယျကမွေနာ၊ ဓာတုစေတီ မွေသင်္ဂိုဟ်ကို ရှင်ကြည်သောမနသ် မနောဓာတ်ဖြင့် ဆည်းကပ်ကော်ရော် ပူဇော်ပြုစု ထိုကောင်းမှု ကြောင့်။ဒုဂ္ဂတိ ၊မကောင်းသူတို့ ပျော်ဘိုစံရာ အပါယ်လေးရွာကို။ အဇာနိတ္ထာ၊ မရောက်မကြုံ မသိရကုန်သည်ဖြစ်၍။ ဗုဒ္ဓကာလေ၊ နှောင်သောအခါ လေးသစ္စာကို ကောင်းစွာသိမြင် မေတ္တာရှင်၏ ဘုန်းအင်ထွန်းဖြာ လက်ထက်အခါ၌။ နိဗ္ဗုဘာ၊ ရုပ်နာမ် ခပ်သိမ်း ကင်းပျောက်ငြိမ်း၍ ချုပ်သိမ်းနိဗ္ဗာန် ဝင်စံရကုန်သည်။ ဟောမ၊ ကေနစိတ်စွဲ တောင်းဆုမြဲသဖြင့် မလွဲတန်း ဖြစ်ရပါလို ကုန်၏ အရှင်မြတ်ဘုရား။

တတိယပိုင်းပြီးပြီ။

# စတုတ္ထပိုင်း

စတုတ္ထပိုင်း ဤကျမ်းငယ်၌ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများ အားထုတ်နည်းကို အကျဉ်းမျှ ညွှန်ပြလိမ့်မည်။ အကျယ်ကို အလိုရှိပါမူကား ဆရာ့ဆရာများ ရေးသားကြသော ထိုထိုကျမ်းများမှ ယူပါကုန်။

စာရေးသူ ရည်ရွယ်ချက် အရင်းခံကား – သရီရ ဓာတ်တော်များ၏ အကြောင်းအရာများကိုသာ ဖော်ပြလိုရင်းဖြစ်၏။ သရီရဓာတ်တော်များကို ကိုးကွယ်ပူဇော်ခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဆက်စပ်နေသည်ဖြစ်၍ အကျိုးရှိသည်ထက် ရှိကြစေရန် ၎င်းဘာဝနာနည်းကို အနည်းငယ် ညွှန်ပြပေအံ့သတည်း။

## ၃၈။ တိုက်တွန်းခြင်း ဥယျောဇဉ်

သုဂတိဘုံဌာန အဆင့်ဆင့်–အဝတ္တာဘုံ ခေါ်သော နိဗ္ဗာန်သိအောင် ပို့ဆောင်နိုင်သော တရားနည်းလမ်းများသည်ကား–ကျယ်ဝန်း များပြားလှ၏။

ဒွေပိနာမ သတ္တာ ကေဇ္ဈာသယာ ဒုလ္လဘာ
လောကသ္မိံ။ *

---

* သုတ်သီလက္ခန်အဋ္ဌကထာ–ဆ–၄၅။

ဖော်ပြပါ ဒေသနာတော်အတိုင်း အလိုအဇ္ဈာသယ များလှသော သတ္တဝါတွေအတွက် နည်းလမ်းတွေလည်း များပြားကျယ်ဝန်းနေ၏။ မိမိတို့ အလိုစရိုက်နှင့် အကြိုက်တွေ့ဆုံမိသော တရားတော်တမျိုးသည်ကား - မိမိအတွက် အထူး အကျိုးများတော့၏။ ဤကျမ်းငယ်၌ ညွှန်ပြသလောက်ပင် လေ့လာစိတ်စိုက်၍ ကိုယ့်စရိုက်နှင့် တိုက်ဆိုင်ခဲ့ပါလျှင် မိမိအတွက် အဆင့်တက်ရန် အားကြီးသော အထောက်အကူ ဥပနိဿယကြီး ဖြစ်နိုင်၏။

ဥပမာအားဖြင့် အသိုင်းအဝိုင်း ကျယ်ပြန့်စွာ စကားတွေ အမျိုးမျိုး ချဲ့ထွင်ပြောနေသော်လည်း မိမိသဘောပေါက်သော စကားတကွက်သာ မိမိအတွက် အသုံးကျသလို မှတ်ရမည်။

## ( ကုသိုလ်မှန်သမျှ အားထားစရာချည်းသာ )

စိတ္တုပ္ပါဒမတ္တမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု
ဓမ္မေသု ဗဟုပကာရံ ဝဒါမိ၊ ကောပန ဝါဒေါ
ကာယေန ဝါစာယ အနုဝိဓိယနာသု။*

စုန္ဒ၊ ချစ်သား စုန္ဒ။ အဟံ၊ ငါဘုရားသည်။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ စိတ္တုပ္ပါဒမတ္တမ္ပိ၊ စိတ်ဖြင့် ကြံစည်ရုံမျှကိုလည်း။ ဗဟုပကာရံ၊ များစွာ ကျေးဇူးရှိ၏ ဟူ၍။ ဝဒါမိ၊ ဟော၏၊ ကာယေန၊ ကိုယ်ဖြင့်။ ဝါစာယ၊ နှုတ်ဖြင့်။ အနုဝိဓိယနာသု၊ ပြုလုပ်ပြောဆို စီရင်ခြင်းတို့၌။ ကောပန ဝါဒေါ၊ အဘယ် ဆိုဖွယ် ရာ ရှိအံ့နည်း။

---

* မူလပဏ္ဏာသ ပါဠိ—သလ္လေခသုတ်—ဆ—၅၂။

ဤဒေသနာတော်အရ ကုသိုလ်တရားတို့ မည်သည်ကား– ကာယကံ, ဝစီကံမြောက်အားထုတ်သည်ကို ထားဘိဦး၊ စိတ်ဖြင့် ကြံစည်ကာမျှ ကုသိုလ်သည်ပင်လျှင် များစွာ ကောင်းကျိုးကို ပေးနိုင်၏-ဟူသော ဒေသနာတော်ကို နှလုံး ပိုက် ထား သင့် ၏။ ကောင်းမှုကုသိုလ် ပြည့်စုံစေရန် စေတနာသုံးတန် ရှိသည့်အနက် "ပုဗ္ဗစေတနာ" မျှဖြင့် အကျိုး ခံ စား ရ သော ကောသာဋ္ဌကိ နတ်သမီး၏ စေတနာအကျိုးပေးပုံကို ထောက်ထားပါကလည်း ကုသိုလ်နှင့်စပ်သမျှသည်ကား ပြုလုပ်ထိုက်သော အလုပ်ချည်းသာ ဖြစ်၏-ဟု မှတ်ကြရမည်။

မြတ်စွာဘုရား၏ ဂုဏ်တော်, ကျေး ဇူး တော် တို့ သည် ကား အလွန်နက်နဲသိမ်မွေ့သည် ဖြစ်သောကြောင့် အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်၌သာ ပြည့်စုံအောင် ထင်နိုင်သည်။ ပုထုဇဉ်တို့ဉာဏ်၌မူကား ထင်ရှားပေါ်လွင်အောင် အာရုံမပြုနိုင်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိ ဘာဝနာသည် အပ္ပနာသို့ မရောက်မူ၍ ဥပစာရစျာန်, ဥပစာရ သမာဓိလောက်သာ အဆင့်အတန်းရရှိနိုင်သည်-ဟူ၍ ဆိုသော် လည်း....

ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ပန သုဂတိပရာယဏော
ဟောတိ။*

ဤသို့ မိန့်ဆိုသောကြောင့် ယခုဘဝတွင် အပ္ပနာသို့ ရောက် အောင် မပို့ဆောင်နိုင်သော်လည်း "သုဂတိနတ်ဘုံ" သို့ ကျိန်းသေ

---

* ဝိသုဒ္ဓိမဂ်–ပ-ဆ-၂၀၆။

ရောက်အောင် ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်က ပို့ဆောင်လိမ့်မည်။

တဿ တတ္ထ ဓမ္မပဒါ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ
သတုပ္ပါဒေါ။အထခေါ သော သတ္တော ခိပ္ပမေဝ
ဝိသေသဂါမီ ဟောတိ။*

တတ္ထ၊ ထိုသုဂတိနတ်ဘုံ၌။တဿ၊ ထိုဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ်ခဲ့သော ပုဂ္ဂိုလ်အား။ ဓမ္မပဒါ၊ မိမိအားထုတ်ခဲ့သော တရားအစုတို့သည်။ ပ္လဝန္တိ၊ အထင်အရှား ပေါ်ကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သတုပ္ပါဒေါ၊ သတိဖြစ်ပေါ်ခြင်းသည်။ ဒန္ဓော၊ ထိုင်းမှိုင်း လေးကန်တတ်၏။ အထခေါ၊ ထိုသို့ သတိဖြစ်ပေါ်ခဲ့သော်လည်း။ သောသတ္တော၊ ထိုပေါ်လွင်ထင်ရှားသော တရားရှိသောသူသည်။ခိပ္ပမေဝ၊လျင်စွာသာလျှင်။ဝိသေသဂါမီ၊ မဂ်ဖိုလ်ဟူသော တရားထူးသို့ ရောက်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာတော်အတိုင်း သုဂတိနတ်ဘုံသို့ရောက်သောအခါ မိမိအားထုတ်ခဲ့သော ဗုဒ္ဓ ဂုဏ်တော်အပေါင်းသည် အားလုံး ထင်ရှားအောင် ပေါ်လွင်၍ လာပြီးလျှင် လျင်မြန်စွာ တရားအဆင့်ဆင့်တက်၍ မြင့်မြတ်သော "မဂ် ဖိုလ်" ဟူသော တရားထူးကို ရနိုင်ကြောင်း အထောက်အထားကိုနာယူ၍ ဤ ဗုဒ္ဓါနုဿတိဘာဝနာကို ကြိုးစားအားထုတ် ပွားများကြပါကုန်။

---

* စတုက္ကင်္ဂုတ္တရ ပါဠိ–သောတာနုဂတသုတ်–ဆ–၁၀၁။

ဘဂဝတော ဓမ္မဿဝနေန ဥပနိဿယသမ္ပတ္တိံ
ပတွာ တာယ ဧဝ ဥပနိဿယ သမ္ပတ္တိယာ
ဒုတိယေ ဝါ တတိယေ ဝါ အတ္တဘာဝေ
မဂ္ဂဖလဘာဂိနော ဟောန္တိ။ မဏ္ဍုက
ဒေဝပုတ္တာဒယော နိဒဿနံ။*

ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဿဝနေန၊ တရားတော်ကို နာရသဖြင့်။ ဥပနိဿယသမ္ပတ္တိံ၊ အားကြီးသော မှီရာနှင့် ပြည့်စုံခြင်းသို့။ ပတွာ၊ ရောက်၍။ တာယဧဝ ဥပနိဿယ သမ္ပတ္တိယာ၊ ထို ဥပနိဿယနှင့်ပြည့်စုံခြင်းကြောင့်သာလျှင်။ ဒုတိယေဝါ၊ နှစ်ခုမြောက်လည်းဖြစ်သော။ တတိယေဝါ၊ သုံးခု မြောက် လည်း ဖြစ်သော။ အတ္တဘာဝေ၊ ကိုယ်၏အဖြစ်၌။ မဂ္ဂဖလဘာဂိနော၊ မဂ်ဖိုလ်ကို ရနိုင်သောအဘို့ ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထ၊ ဤအရာ၌။ မဏ္ဍုက ဒေဝပုတ္တာဒယော၊ ဘားနတ်သား အစရှိသည်တို့သည်ကား။ နိဒဿနံ၊ ပုံစံ သာဓကတည်း။

ဤဒေသနာတော်အရ မြတ်စွာဘုရား တရားတော်ကို နာရုံမျှဖြင့် အားကြီးသောအထောက်အကူကို ရပြီးလျှင် ထိုဥပနိဿယဖြင့် ဒုတိယဘဝ၌ မဂ်ဖိုလ်ကို ရသွားသော “ဘားနတ်သား”ကို သက်သေပြသွားသည်ကိုလည်း နည်းမှီးကြပါကုန်။

* ဝိသုဒ္ဓိမဂ်—ပ-ဆ—၂၀၂။

## "ဘာဝနာ၃ န် မနုတ္တရိ" *

ဤဒေသနာတော်အရ ဗုဒ္ဓါနုဿတိဘာဝနာကား-ဘာဝနာ အပေါင်းတို့တွင် "အမြတ်ဆုံး ဘာဝနာ" ဖြစ်၏၊ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများ အားထုတ်ခဲ့ကြသောကြောင့် နိဗ္ဗာန်ထိ အောင် အကျိုးခံစားခွင့်ကို ရသွားကြသော "သုဘူတိ မထေရ်" အစရှိသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို နောက်ပိုင်း၌ ပြဆိုလတ္တံ့။

ဘုရားဂုဏ်တော် ကိုးပါး ရှိသည့်အနက် ဂုဏ်တော် တပါး လောက်ကိုသာ ရသည်ဖြစ်အံ့ – တပါးတည်းကိုပင် အထပ်ထပ် ပွားများ အားထုတ်ပါ။ အကျိုး ကြီးသော အရာကို ကြည့်မည် ဆိုလျှင် တပါးထက် နှစ်ပါးက အကျိုးပိုကြီးမည်၊ နှစ်ပါးထက် သုံးပါး, သုံးပါးထက် လေးပါး စသည်ဖြင့် ကိုးပါးလုံး ပွားများ နိုင်ပါက အကျိုးပေးပုံ ပိုကြီးလိမ့်မည်။အရင်းအနှီးများသလောက် အမြတ်များသကဲ့သို့ မှတ်ရမည်။

ထင်ရှားသော ဘုရားဂုဏ်တော် ကိုးပါးမှတပါး ပွားများ သင့်သော ဘုရားဂုဏ်တော်တွေ အနန္တ ရှိသေး၏။ များများ အားထုတ်နိုင်လျှင် ကောင်းသည်ထက် အကောင်းဆုံး ဖြစ်၏။ တတ်နိုင်လျှင် ဘုရားရှိခိုးတွေ များများရအောင် ကျက်ပြီး ရှိခိုး နိုင်လျှင် အကျိုးများစွာ ခံစားရမည်ဖြစ်၏။

## ( ပစ္စုပ္ပန် သက်သေတခု )

ဘုရားရှိခိုးကောင်းခြင်းကြောင့် ဒိဋ္ဌအကျိုးခံစားရပုံ ကိုယ်တွေ့ သာဓကတခုကို သက်ဆိုင်သဖြင့် ပြရဦးမည်။

* အပါဒါန ပါဠိ–ပ–ဆ–၇၆။

စာရေးသူ၏ရင်းနှီးသော ဥပါသကာဒါယကာကြီးတယောက် အထက်အညာ မင်းကွန်း လူအိုရုံကို သွား၍နေ၏။ ၎င်းနေရာ၌ မနေလိုတော့သဖြင့် အောက်ပြည်သို့ ပြန်ရန် ထွက်လာခဲ့ရာ မန္တလေးမြို့သို့ ရောက်သောအခါ တည်းခိုစရာ အသိမိတ်ဆွေ မရှိသဖြင့် ဈေးချိုတော်အနီး ထမင်းဆိုင်တဆိုင်၌ဝင်၍ တညဉ့်လောက်တည်းပါရစေ-ဟု ခွင့်ပန်သောအခါ ဆိုင်အပြင်ဘက်မှာ တည်းခိုရန် အခွင့်ပေးသဖြင့် ဆိုင်အပြင်ဘက် တန်းလျားတခုပေါ်မှာ အိပ်ရ၏။ နံနက်စောစော ထ၍ ဘုရားစင် ရှိရာကို ဦးတိုက်ကာ ဘုရားရှိခိုး၏။

ထိုဥပါသကာကြီးသည် ပရိတ်ကြီး ၁၁-သုတ်နှင့် နမက္ကာရ ဘုရားရှိခိုးများကို အလုံးစုံရသည့်အပြင် ပြတ်ပြတ်သားသား နှုတ်စ လျှာစ ကောင်းကောင်းဖြင့် သန့်သန့်ရှင်းရှင်း ရွတ်ဆိုတတ်သည့်အပြင် ရွတ်ဆိုသောအခါမှာလည်း သာယာစွာ အသံကျယ်ကျယ် ရွတ်ဆိုတတ်သောအလေ့ရှိ၏။

ထိုအခါ ဆိုင်ရှင်များနှင့်တကွ အနီးအနား၌ရှိသော ကြားသမျှ ပရိသတ်တို့မှာ ဘုရားဂုဏ်တော်တွေကို ကြည်ညိုစွာ အာရုံပြုကြရသဖြင့် နံနက် မိုးလင်းသောအခါ ဥပါသကာကြီးအထံသို့ လာကြပြီးလျှင် မြောက်မြားစွာသော စားဖွယ်၊ သောက်ဖွယ်များဖြင့် ကျွေးမွေးဧည့်ခံလျက် ဥပါသကာကြီး၏ အတ္တုပ္ပတ္တိကို မေးမြန်းကြပြီးလျှင် ဘုရားရှိခိုးကောင်းသည့်အတွက် အားလုံးကပင် ချစ်ခင် ကြည်ညိုကြသောကြောင့် နောက်နေ့များအတွက် အိမ်ထဲသို့ ဝင်၍အိပ်ရန် ဖိတ်မန္တကပြုပြီးလျှင် "ဦးကြီး-နေနိုင်ပါက ကျွန်တော်၊ ကျွန်မတို့ဆိုင်မှာပင် နေထိုင်ရန်" ခွင့်ပေး

တောင်းပန်ကြ၏။ဥပါသကာကြီးကား-ပြန်လိုသော ဆန္ဒကြောင့် နေထိုင်ရန် တာဝန်မယူနိုင်ပဲ အောက်ပြည်သို့ ပြန်ခဲ့တော့၏။

(ဤကား – ဘုရားရှိခိုးကောင်းသည့်အတွက် လက်ငင်း ဒိဋ္ဌ အကျိုးခံစားရပုံ သာဓကပေတည်း။)

ဘုရားအလောင်းတော် တိလောကဝိဇယစကြာမင်းကြီးသည် အတိတ်ကာလ, အနာဂတ်ကာလတို့၌ ပွင့်တော်မူပြီး, ပွင့်တော်မူလတ္တံ့ကုန်သော သင်္ချေ သင်္ချာ မရေတွက်နိုင်သော ဘုရားရှင် အားလုံးတို့၏ သီတင်းသုံးတော်မူရန် ကျောင်း တော် ကြီး ကို တင့်တယ် ဆန်းကြယ်စွာ ရတနာအမျိုးမျိုးတို့ဖြင့် ချယ်လှယ်ပြီး လျှင် ကောင်း သည် ထက် ကောင်းအောင် စီစဉ်၍ စိတ်ဖြင့် ကြံစည် အာရုံပြုကာ ဆောက်လုပ်၏။

၎င်း ကျောင်းတော်ကြီးအပေါ်၌ မြောက်မြားစွာ မရေတွက် နိုင်သောဘုရားရှင်အားလုံးတို့ကိုပင့်ဆောင်တင်ထား၍သီတင်းသုံး တော်မူစေပြီးလျှင် မိမိမူကား – ဘုရားရှင်တို့၏ မျက်မှောက်၌ နေလျက် အထူးပင်ကြည်ညိုသော စိတ်စေတနာဖြင့် ဗုဒ္ဓါနုဿတိ ဘာဝနာကို များစွာ အားထုတ်ခဲ့ကြကြောင်း 'ဗုဒ္ဓအပါဒါန်'' ၌ ဖော်ပြထားသည်။ အတုယူဖွယ်တို့တည်း။

ဘုရား ဂုဏ်တော် များကို ပွားများ အားထုတ် စီးဖြန်းခြင်း "ဗုဒ္ဓါနုဿတိဘာဝနာ" ၏ အကျိုးကြီးပုံ, အကျိုးခံစားရပုံများ ကို နောက်ပိုင်း၌ သက်သေသာဓကများဖြင့် ညွှန်ပြဦးမည်။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊*

စသည်ဖြင့် ဟောတော်မူသော ဒေသနာတော်အတိုင်း ဘုရား ဂုဏ်တော်နှင့် ပတ်သက်သော အကြောင်းအရာ များသည်ကား ဘုရားတဆူ၏ ဂုဏ်တော်ကို ဘုရားတဆူကပင် ဟော၍မကုန်နိုင် ကြောင်း ကျမ်းဂန်ကပြထားသည်။ ထို့ကြောင့် ဘုရားဂုဏ်တော် များကို ချီးကျူး ဟောပြောသော အရာကား– မေ့ကထိက ပုဂ္ဂိုလ်သာ ပမာနဖြစ်၏။**

စွမ်းနိုင်သလောက်ဟော-ပိုသည်ဟူ၍မရှိ၊ လိုသည်သာ ဖြစ် လိမ့်မည်။ သို့ဖြစ်၍ မြတ်စွာဘုရား၏ အနန္တဂုဏ်တော်များကို ညွှန်ပြသည်ထက် အဆင့်ဆင့်တက်၍ စဉ်းစား ဆင်ခြင်ပြီးလျှင် အာရုံပြုနိုင်လေ့ ကောင်းလေဖြစ်၏။ ကြိုးစားအားထုတ်နိုင်ကြ ပါစေသတည်း။

( တိုက်တွန်းခြင်း ဥယျောဇဉ်စကားရပ် ပြီး၏။ )

## ၃၁။ ဗုဒ္ဓါနုဿတိမည်ခြင်းအကြောင်း

ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ၊
ဗုဒ္ဓဂုဏာ ရမ္မဏာယ သတိယာ ဧတံ အဓိဝစနံ။*

ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နာ၊ ဖြစ်သော။ အနုဿတိ၊ အဖန်ဖန် အထပ်ထပ် အကြိမ်များစွာ

---

* သီလက္ခန်အဋ္ဌကထာ-ဆ-၂၅၇။

** မဇ္ဈိမပဏ္ဏာသ ဋ္ဌကထာ–သေသေုတ်–ဆ–၁၇။

*** ဝိသုဒ္ဓိမဂ်-ပ-ဆ-၁၉၁။ -

အောက်မေ့ဆင်ခြင်ခြင်းသည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိမည်၏။ ဧတံ၊ ဤဗုဒ္ဓါနုဿတိဟူသော အမည်သည်။ ဗုဒ္ဓဂုဏာ ရမ္မဏာဃ၊ ဘုရားဂုဏ်တော်လျှင် အာရုံရှိသော။ သတိယာ၊ အောက်မေ့ခြင်းသတိ၏။ အဓိဝစနံ၊ အမည်တည်း။

ဤဒေသနာတော် အတိုင်း မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြုကာ စိတ်စိုက်ပြီးလျှင် အာရုံတပါးသို့ ကူးပြောင်းခြင်း မရှိရအောင် တည်ကြည် ငြိမ်သက်စွာ အဖန်ဖန် အထပ်ထပ် အောက်မေ့ဆင်ခြင်သော သတိကို "ဗုဒ္ဓါနုဿတိ" ခေါ်ကြောင်း သိမှတ်ထားရမည်။

အထူးသဖြင့် ဓာတ်တော်, စေတီတော်, ရုပ်ပွားတော်တို့၏ ရှေ့တော်မှောက်၌ ပွားများသောအခါ၌ဖြစ်စေ၊ လွတ်လပ်သော ဆိတ်ငြိမ်ရာသို့ ကပ်၍ ပွားများသောအခါ၌ဖြစ်စေ ဓာတ်တော်, စေတီတော်, ရုပ်ပွားတော်မျှ၌သာ အာရုံမထားမူ၍ ဘုရားရှင်၏ ဂုဏ်တော်ကို ရောက်အောင် အာရုံပြုလျက် ပွားများရမည်ဖြစ်၏။

သောတာနုဂတာနံ　ဘိက္ခဝေ　ဓမ္မာနံ　ဝစသာ
ပရိစိတာနံ　မနသာ　နုပေက္ခိတာနံ　ဒိဋ္ဌိယာ
သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ။*

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သောတာနုဂတာနံ၊ နားသို့ အစဉ်အတိုင်း ရောက်ကုန်ပြီးသော။ (ဝါ) ကြားနာအပ်ကုန် ပြီးသော။ ဝစသာ၊ နှုတ်ဖြင့်။ ပရိစိတာနံ၊ လေ့ကျက်အပ်ကုန်

---

* စတုက္ကင်္ဂုတ္တရပါဠိ-မဟာဝဂ်-သောတာနုဂတသုတ်-ဆ-၂၀၄။

ပြီးသော။ မနသာ၊ စိတ်ဖြင့်။ အနုပေတာကွိနံ၊ ကြံဆရှုဆင်ခြင် အပ်ကုန်ပြီးသော။ ဒိဋ္ဌိယာ၊ အနက်အဓိပ္ပာယ်ကို သိစွမ်းနိုင်သော ဉာဏ်ဖြင့်။ သုပ္ပဋိဝိဒ္ဓါနံ၊ ထိုးထွင်း ပေါက်ရောက် အပ်ကုန်ပြီး သော။ ဓမ္မာနံ၊ တရားတို့၏။ စတ္တာရော၊ လေးပါးကုန်သော။ အာနိသံသာ၊ အကျိုးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။

ဤဒေသနာတော်၌ မိန့်ဖော် ညွှန်ပြ တော် မူသည့် အတိုင်း တပါးပါးသော တရားတော်ကို-

၁။ ကြားနာမှတ်သားခြင်း၊

၂။ နှုတ်တက်အောင် ကျက်မှတ်သားခြင်း၊

၃။ စိတ်ဖြင့် ကြံစည်ဆင်ခြင်းခြင်း၊

၄။ အသိဉာဏ်ဖြင့် ထိုးထွင်း၍ပေါက်ရောက်အောင်သိခြင်း။

ဤသဘောတရား လေးမျိုးဖြင့် သုံးသပ်လေ့လာ အားထုတ် ထားပါလျှင်, သို့မဟုတ် ဤသဘောတရား လေး မျိုး တို့ ဖြင့် သုံးသပ်လေ့လာ အားထုတ်ပြီးသော တရားရှိသော ပုဂ္ဂိုလ်အား လေးပါးသော အကျိုးအာနိသင်တို့ကို ခံစားရမည်- ဟု ဗုဒ္ဓ ရှင်တော်ဘုရား ကိုယ်တော်တိုင် မိန့်ကြားခဲ့လေပြီ။

ထို့ကြောင့် အောက်၌ ညွှန်ပြမည်ဖြစ်သော ရှေးဦးစွာ လေ့ကျက်ထားသင့်သော ဗုဒ္ဓါနုဿတိဘာဝနာ၏ပုဗ္ဗဘာဂပရိကံ ကို အထူးသတိပြုပါကုန်။

## ၃၂။ အရဟံဂုဏ်တော်၏ ပုဗ္ဗဘာဂပရိကံ

၁။ "ဣတိပိ သော ဘဂဝါ အရဟံ" ဤပါဌ်ကိုဟောပြော သော ပုဂ္ဂိုလ်ထံမှ နာယူမှတ်သားထားရမည်။ သို့မဟုတ်

စာအုပ် စာတန်းများမှ ထုတ်နုတ် ရယူ ထားရမည်။ သို့မဟုတ် ဆရာ့ထံမှ သင်ယူထားရမည်။ ဤကား.... ပဌမ သောတာနုဂတ အင်္ဂါဖြစ်၏။

၂။ "ဣတိပိ သော ဘဂဝါ အရဟံ" ဤပါဠိကို ပဌမ အင်္ဂါအရ နာကြားထားသည့်အတိုင်း နှုတ်တက်ရအောင် ဝါစုဂ္ဂတပြု၍ ကျက်အံထားရမည်။ ဤကား.... ဒုတိယ ဝစသာ ပရိစိတ အင်္ဂါဖြစ်၏။

၃။ "ဣတိပိ သော ဘဂဝါ အရဟံ" ဤကား.... ပါဠိ ဘာသာတည်း။

သော ဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ- ဣမိနာစ ကာရဏေန၊ ဤသို့ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့၏ ပူဇော်ရာအထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်။ အရဟံ၊ အရဟ မည်တော်မူ၏။ ဤကား.... အနက်တည်း။

ဤသို့ ပါဠိကို နှုတ်တက်ထားပြီးသည်နောက် အနက်ကိုပါ ရစေ၍ အဓိပ္ပာယ်ကို စိတ်ဖြင့် ဆင်ခြင်နိုင်ရမည်။ ဤကား.... တတိယ မနသာနုပေက္ခိတ အင်္ဂါဖြစ်၏။

၄။ "ဣတိပိ သော ဘဂဝါ အရဟံ" ဤဂုဏ်တော်၏ အဓိပ္ပာယ်ကား.... ငါတို့ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဗိမ္ဗိသာရမင်း အစရှိသော လူ အပေါင်း, သိကြားမင်း အစရှိသော နတ် အပေါင်း,

> သဟာမ္ပတိဗြဟ္မာ အစရှိသော ဗြဟ္မာအပေါင်းတို့၏ ပူဇော် အထူးကိုခံတော်မူထိုက်သော ဂုဏ်တော်ရှင်ကြီး ဖြစ်တော် မူပါပေသည် - ဟူ၍ အသိဉာဏ် ပေါ်လွင်စေပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရား ရှေ့တော် မှောက် ၌ လူမင်းကြီးတွေ့, နတ်မင်းကြီးတွေ့, ဗြဟ္မာမင်းကြီးတွေ့ ရှိသေစွာ ဆည်းကပ်နေကြသော ပုံစံ အမူအရာမျိုးတွေ့ ပေါ်လွင်အောင် အာရုံပြုလျက် အသိဉာဏ် ထင်ရှားလာ အောင် ဆင်ခြင်ရမည်။ ဤကား - စတုတ္ထဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ အင်္ဂါ ဖြစ်၏။

ဤသို့ "အရဟံဂုဏ်တော်တပါးကို" လေးချက်ခွဲ၍ ကျေပြွန် စွာ လေ့လာ ထားရမည်။ ဤနည်းအတိုင်း လေ့လာထားပြီး ဖြစ်ပါက ဆင်ခြင်ပွားများသောအခါ "အရဟံ" ဟူ၍ ဆင့်ခြင် လိုက်သည်နှင့် တပြိုင်နက် ၎င်းဂုဏ်တော်၏ သဘော အဓိပ္ပာယ် များကိုသိပြီး, အာရုံပြုပြီးဖြစ်၍ သိလွယ်, မြင်လွယ်သည်အတွက် မြတ်စွာဘုရား၌ ကြည်ညိုစိတ်တွေ့ များစွာဖြစ်လိမ့်မည်။

ဤအရဟံဂုဏ်တော်၌ လေးချက်ခွဲပြီး လေ့လာသော နည်း အတိုင်း ကြွင်းသော ဂုဏ်တော်များ ကိုလည်း လေးချက်ခွဲ၍ လေ့လာပါ။ ကျယ်အံ့စိုး၍ ကြွင်းသော ဂုဏ်တော်များကို ပါဠိ အနက်မျှသာ ဖော်ပြတော့မည်။

ဤ၌ ဂုဏ်တော်တပါးကို လေးချက်ခွဲ၍ ပြဆိုခြင်းသည်ကား စတုကင်္ဂုတ္တရ ပါဠိတော်မဟာဝဂ် သောတာနုဂတသုတ် ဆမူ- ၅၀၄-ကိုမှီ၍ ညွှန်ပြခြင်းဖြစ်၏။

"စတ္တာရောအာနိသံသာ ပါဠိကန်ဒါ"ဆိုသည့်အတိုင်း အကျိုး လေးပါး ရပုံအကျယ်ကို စာပိုဒ်(၃၈) အရပ်ဖို ဂုဏ်တော်ကို ပွားသဖြင့် ရသောအကျိုးများကို ပြရာ၌ ထင်ရှားစွာ ညွှန်ပြ သိမ့်မည်။

**၃၃။ ဘုရားဂုဏ်တော် ၉-ပါး**

၁။ ဣတိပိ သောဘဂဝါ–လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇော် အရဟံ။ အထူးကို ခံတော်မူထိုက်ခြင်း။

၂။ ဣတိပိ သောဘဂဝါ–မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် သမ္မာသမ္ဗုဒ္ဓေါ။ ဉေယျဓမ်တရားငါးပါးကို သိတော် မူခြင်း။

၃။ ဣတိပိ သောဘဂဝါ–ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ ဝိဇ္ဇာစရဏသမ္ပန္နော။ တဆဲ့ ငါးပါးနှင့် ပြည့်စုံတော် မူခြင်း။

၄။ ဣတိပိ သောဘဂဝါ–ကောင်းသောနိဗ္ဗာန်သို့ ကြွတော် သုဂတော။ မူခြင်း။

၅။ ဣတိပိ သောဘဂဝါ–လောကသုံးပါးကို သိတော်မူခြင်း။ လောကဝိဒူ။

၆။ ဣတိပိ သောဘဂဝါ–သီလ, သမာဓိ စသော ဂုဏ်တို့ဖြင့် အနုတ္တရောပုရိသ အတုမရှိ မြတ်တော်မူ၍ မယဉ် ဒမ္မသာရထိ။ ကျေးသော လူ, နတ်, တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူခြင်း။

၇။ ဣတိပိ သော ဘဂဝါ—နတ်လူတို့၏ ဆရာဖြစ်တော်မူခြင်း။
သတ္ထာ ဒေဝမနုဿာနံ။

၈။ ဣတိပိ သော ဘဂဝါ—သစ္စာ လေးပါး တရားတို့ကို
ဗုဒ္ဓေါ။ သိတော်မူခြင်း။

၉။ ဣတိပိ သော ဘဂဝါ—ဣဿရိယ, ဓမ္မ, ယသ, သိရီ,
ဘဂဝါ။ ကာမ, ပယတ္တ— တည်းဟူသော ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူခြင်း။

## ၃၄။ တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတာ—မြတ်စွာဘုရားသည် တရားတော်ကို
ဓမ္မော။ ကောင်းစွာဟောအပ်တော်မူခြင်း။

၂။ သွာက္ခာတော ဘဂဝတာ—မြတ်စွာဘုရားသည် ကောင်းစွာ
ဓမ္မော သန္ဒိဋ္ဌိကော။ ဟောတော် မူအပ်သော တရားတော်ကို ကိုယ်တိုင် မျက်မှောက် ကောင်းစွာမြင်အပ်ခြင်း။

၃။ သွာက္ခာတော ဘဂဝတာ—မြတ်စွာဘုရားသည် ကောင်းစွာ
ဓမ္မော အကာလိကော။ ဟောတော် မူအပ်သော တရားတော်သည် အခါမလင့် အကျိုးပေးခြင်း။

၄။ သွာက္ခာတော ဘဂဝတော ဓမ္မော ဧဟိပဿိကော။ – မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်သည် လာလှည့် ရှုလှည့် ဟူသော အစီရင်ကို ခံခြင်းငှာ ထိုက်တော်မူခြင်း။

၅။ သွာက္ခာတော ဘဂဝတော ဓမ္မော ဩပနေယျိကော။ – မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်သည် မိမိစိတ်၌ ကပ်၍ ဆောင်ခြင်းငှာ ထိုက်တော်မူခြင်း။

၆။ သွာက္ခာတော ဘဂဝတော ဓမ္မော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ – မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ကို ပညာရှိတို့သည် အသီးသီး မိမိတို့ဉာဏ်ဖြင့် သိခြင်း။

## ၃၅။ သံဃာတော်ဂုဏ် ၉ – ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။ – မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူခြင်း။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်စွာ ကျင့်တော်မူခြင်း။

၃။ ဥာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။ — မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် နိဗ္ဗာန် အကျိုးငှာ ကျင့်တော်မူခြင်း။

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။ — မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ရိုသေခြင်းငှာ ကျင့်တော်မူခြင်း။

၅။ သေ ဘဂဝတော သာဝက သံဃော အာဟုဏေယျော။ — မြတ်စွာဘုရား၏ ထို တပည့်သား သံဃာတော်သည် ဝေးသောအရပ်မှ ဆောင်ယူလာသော ပစ္စည်းလေးပါး တို့ကို အလှူခံခြင်းငှာ ထိုက်တော်မူခြင်း။

၆။ သေ ဘဂဝတော သာဝက သံဃော ပါဟုနေယျော။ — မြတ်စွာဘုရား၏ ထို တပည့်သား သံဃာတော်သည် အရပ်လေးမျက်နှာမှ ရောက်လာ ပေါင်းစု အာဂန္တုတို့အား ရည်၍ ထားအပ်သော ပစ္စည်းလေးပါးကို ခံတော်မူထိုက်ခြင်း။

၇။ သေ ဘဂဝတော သာဝက သံဃော ဒက္ခိဏေယျော။ — မြတ်စွာဘုရား၏ ထို တပည့်သား သံဃာတော်သည် လောကီ လောကုတ္တရာ အကျိုးစီးပွားကို ယုံကြည်၍ လှူအပ်သော မြတ်သောအလှူကို ခံတော်မူထိုက်ခြင်း။

| | | |
|---|---|---|
| ၇။ | သော ဘဂဝ တော — သာဝက သံဃော အဋ္ဌလီ ကရဏီယော။ | မြတ်စွာဘုရား၏ ထိုတပည့်သား သံဃာတော်သည် လူနတ်ပြဟ္မာ သတ္တဝါတို့၏ ရှိခိုးခြင်းကို ခံတော်မူထိုက်ခြင်း။ |
| ၈။ | သော ဘဂဝ တော — သာဝက သံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ | မြတ်စွာဘုရား၏ ထိုတပည့်သား သံဃာတော်သည် လူသုံးပါးတို့၏ အတုမရှိ မြတ်သော ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဘွယ်ဖြစ်တော်မူခြင်း။ |

### ၃၆။ ဘာဝနာစီးဖြန်းရာအရပ်

ဗုဒ္ဓါနုဿတိံ တာဝ ဘာဝေတုကာမေန အဝေစ္စ-
ပသာဒ သမန္နာဂတေန ယောဂိနာ ပတိရူပ-
သေနာသနေ ရဟောဂတေန ပဋိသလ္လိနေန
ဣတိပိ သော ဘဂဝါ အရဟံ (ပ) ဘဂဝါတိ
ဧဝံ ဗုဒ္ဓဿ ဘဂဝတော ဂုဏာ အနုဿရိ-
တဗ္ဗာ။*

ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ကဋ္ဌာန်းကို။ တာဝ၊ ရှေးဦးစွာ။ ဘာဝေတုကာမေန၊ ပွားများလိုသော။ အဝေစ္စပသာဒ သမန္နာဂတေန၊ မတုန်မလှုပ် သက်ဝင် ယုံကြည်သော သဒ္ဓါတရားနှင့်

* ဝိသုဒ္ဓိမဂ်—ဆ·ပ—၁၉၁။

ပြည့်စုံသော။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်သည်။ ပဋိရူပ သေနာ-သနေ၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်းငှာ သင့်လျော် လျောက်ပတ်သောကျောင်း၌။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍။ ပဋိသလ္လိနေန၊ ကမ္မဋ္ဌာန်း၌ ငြိကပ်သော စိတ်ရှိသည် ဖြစ်၍—

သော ဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ၊ အရဟ မည်တော်မူ၏။ ....(ပ)....

သော ဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ ဘုန်းတော် ခြောက်ပါး နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဣတိ-ဧဝံ၊ ဤသို့။ ဘဂဝတော၊ ဘုန်းတော် ကြီး သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဂုဏာ၊ ဂုဏ်တော်တို့ကို။ အနုဿရိ-တဗ္ဗာ၊ အောက်မေ့ ဆင်ခြင် ပွားများအပ်ကုန်၏။

ဤဒေသနာတော်အတိုင်းကမ္မဋ္ဌာန်းအားထုတ်ရန် လျောက်ပတ်သင့်မြတ်သော နေရာသို့ ချဉ်းကပ်ရမည် - ဟု ဆိုသည့်အတိုင်း အကျဉ်းအားဖြင့် "အရညေ ရုက္ခမူလေဝါ သုညာဂါရေဝ ဘိက္ခဝေါ" ဟူသော ဗုဒ္ဓ အမိန့်တော်နှင့် အညီ အာရုံယူရန် ကောင်းသော တောတောင် အရပ်, သစ်ပင်ရင်း, လူသူအများ ဆက်ဆံခြင်းမှ ကင်းသော ဆိတ်ငြိမ်ရာ အရပ်များသို့ ချဉ်းကပ်၍ အားထုတ်ရမည်။

ဆိတ်ငြိမ်ရာမဟုတ်သော နေရာများ၌ အားထုတ်ရန် မသင့်ဟူ၍ တားမြစ်ခြင်း မရှိပါ။ ဆိတ်ငြိမ်သော နေရာ၌ အားထုတ်

ပေါ်က စိတ်တည်ကြည်၍ အာရုံပြုရန် လွယ်ကူသည်။ တရားရလွယ်သည်ဖြစ်၍ ညွှန်ကြားခြင်း ဖြစ်၏။

### ၃၇။ အရဟံဂုဏ်တော်စီးဖြန်းရန် နည်းလမ်း

ဣတိပိ သော ဘဂဝါ အ-ရဟံ၊ ပုတီးတလုံးချ။

ဣတိပိ သော ဘဂဝါ အရ-ဟံ၊ ပုတီးတလုံးချ။

ဣတိပိ သော ဘဂဝါ အရဟံ၊ ပုတီးတလုံးချ။

ဤသို့စသည်ဖြင့် တပိုဒ်ကို ပုတီးတလုံးချ၍ ချ၍ "အရဟံဂုဏ်တော်ကို" ကို စီးဖြန်းပွားများပါ။ စာပိုဒ် (၃၂) ပရိကံအရာက ပြခဲ့သည့်အတိုင်း မိမိရှေ့တွင် ဘုရား ကိုယ်တော်မြတ်ကိုယ်တော်တိုင် အပူဇော်ခံနေသည်-ဟု ထင်မြင်စွာ အာရုံပြုလျက် အရဟံဂုဏ်တော်ကို အထပ်ထပ်ပွားများပါ။ တရာ့ရှစ်လုံးရှိသော ပုတီးတပတ်လျှင် ဂုဏ်တော်ပေါင်း "တရာ့ရှစ်ပါး" အာရုံပြုမိပြီ။

ပုတီးဆယ်ပတ်လျှင် ဂုဏ်တော်ပေါင်း "တရာ"။

ပုတီးပတ် တရာလျှင် ဂုဏ်တော်ပေါင်း "တထောင်" အာရုံပြုပြီးပြီ ဖြစ်လိမ့်မည်။

စိတ်ပုတီးဖြင့် ပွားများခြင်းအကျိုးကား.... ဂုဏ်တော်ပေါင်းမည်မျှအာရုံပြုပြီးပြီ-ဟု ရေတွက် လွယ်ရန်ဖြစ်၏။ အရေအတွက်များများရသောအခါ ကုသိုလ်စေတနာတွေ ဘယ်မျှလောက်ဆည်းဆောင်းမိပြီ-ဟု ဝမ်းမြောက်စွာ အာရုံပြုရသေး "အာစိဏ္ဏကံ

ကုသိုလ်" ဖြစ်ရ၏။ အကြိမ်ပေါင်းများစွာ အထပ်ထပ် ပွားခြင်းကို "နိရန္တရဘာဝနာ" ခေါ်၏။ ဘုရားအလောင်းတော်တို့ လက်သုံးဖြစ်သော နည်းလမ်းတည်း။

ယခုပြခဲ့သည်ကား.... "အရဟံ ဂုဏ်တော်" တပါးကိုသာ အာရုံပြုလျက် ပွားများပုံဖြစ်၏။ ကြွင်းသော ဂုဏ်တော်များကိုလည်း ဤနည်းကိုမှီ၍ ပွားများအားထုတ်ပါကုန်။ မိမိစရိုက်နှင့် တိုက်ဆိုင် ကိုက်ညီ၍ သိလွယ်, ထင်လွယ်သော အာရုံ ဖြစ်ပါမူကား.... တရားတပါးပင် ဖြစ်သော်လည်း အထူးပင် အကျိုးရှိ၏။

ဖုဿဒေဝမထေရ်ကို ပုံစံပြုကြည့်ပါ။ ထိုမထေရ်သည် မာရ်နတ် ဖန်ဆင်း၍ပြသော "မြတ်စွာဘုရား၏ပုံတော်" ရူပကာယတော်ကို မြင်သောအခါ ရာဂ, ဒေါသ, မောဟ ရှိသော ဤ မာရ်နတ်သည်ပင်လျှင် အလွန်တင့်တယ်သော အဆင်းနှင့် ပြည့်စုံသေး၏။ ရာဂ, ဒေါသ, မောဟ ကင်းပြီးသော မြတ်စွာဘုရား၏ အဆင်းတော် (ရူပကာယတော်) သည်ကား-အဘယ်မှာလျှင်မတင့်တယ်ပဲ မသပ္ပာယ်ပဲ ရှိနိုင်အံ့နည်း။ အလွန့်အလွန် တင့်တယ် သပ္ပာယ် ကြည်ညိုဘွယ်သော အဆင်းတော်နှင့် ပြည့်စုံ တော်မူမည်သာတည်း-ဟူ၍ သက်တော်ထင်ရှား မြတ်စွာဘုရားသို့ ရောက်အောင် အင်ရုံပြုကာ အလွန်ကြည်ညို နှစ်သက်သော "ဗုဒ္ဓါရမ္မဏပီတိ" ကိုရ၍ ဝိပဿနာပွားလျက် အရဟတ္တဖိုလ်သို့ ရောက် တော်မူလေပြီ။*

---

* ဝိသုဒ္ဓိမဂ်-ပ-ဆ-၂၂၁။

## ၃၈။ အရဟံဂုဏ်တော်ကို ပွားသဖြင့် ရသောအကျိုး

မြတ်စွာဘုရား၏ ဂုဏ်တော်ကို အကြိမ်ကြိမ်အထပ်ထပ် ပွားများ အောက်မေ့ ဆင်ခြင်နေသော ပုဂ္ဂိုလ်အား အောက်ပါ အကျိုးများကို လက်ငင်းခံစားကြရမည်။

၁။　ရာဂ ထကြွသောင်းကြမ်းသော စိတ် မဖြစ်နိုင်။
၂။　ဒေါသ ထကြွသောင်းကြမ်းသောစိတ် မဖြစ်နိုင်။
၃။　မောဟ ထကြွသောင်းကြမ်းသောစိတ် မဖြစ်နိုင်။
၄။　ဂုဏ်တော်ကို အာရုံပြု၍ ဖြောင့်မတ်သောစိတ်ဖြစ်၏။
၅။　ဖြောင့်မတ်သောစိတ် ရှိသူအား ဂုဏ်တော်ကိုကြံတတ်သော ဝိတက်ဖြစ်၏။
၆။　ဝိတက်ဖြစ်သောသူအား အာရုံကိုသုံးသပ်တတ်သော ဝိစာရဖြစ်၏။
၇။　အာရုံကို နှစ်သက်ခြင်း ပီတိဖြစ်၏။
၈။　ပီတိဖြစ်သူအား ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်း ငြိမ်း၏။
၉။　ပူပန်ခြင်း ငြိမ်းသူအား ကိုယ်စိတ်နှစ်ပါး ချမ်းသာ၏။
၁၀။　ကိုယ်စိတ်နှစ်ပါး ချမ်းသာသောသူအား ဘုရားဂုဏ်တော်၌သာ စိတ်ငြင်စား၍ စိတ်တည်ကြည်ခြင်း သမာဓိဖြစ်၏။
၁၁။　မြတ်စွာဘုရား၌ ရိုသေခြင်းဖြစ်၏။
၁၂။　မြတ်စွာဘုရား၌ တုပ်ဝပ် ကျိုးနွံခြင်းဖြစ်၏။
၁၃။　များသောယုံကြည်ခြင်း သဒ္ဓါကိုရ၏။
၁၄။　များသော အောက်မေ့ခြင်း သတိကိုရ၏။

၁၅။ များသော အသိဉာဏ်ပညာကိုရ၏။
၁၆။ များသော ကောင်းမှုကုသိုလ်ကို ရ၏။
၁၇။ နှစ်သက် ဝမ်းမြောက်ခြင်း များစွာဖြစ်၏။
၁၈။ ဘေးငယ် ဘေးကြီးကို နှိမ်နင်းနိုင်၏။
၁၉။ ဆင်းရဲဒုက္ခကို သည်းခံနိုင်၏။
၂၀။ မြတ်စွာဘုရားနှင့် အတူနေရသော အမှတ်ကို ရ၏။
၂၁။ မြတ်စွာဘုရား ဂုဏ်တော်ကို အောက်မေ့နေသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်သည် စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှာထိုက်၏။
၂၂။ ဘုရားဖြစ်ဖို့ရန် စိတ်ညွတ်တတ်၏။
၂၃။ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့ဆုံကဲ့သော် မြတ်စွာဘုရားကို းမြင်ရသကဲ့သို့ အရှက်အကြောက် ဖြစ်ပေါ်၏။
၂၄။ မြင့်မြတ်သော "မဂ်ဖိုလ်" ကို မထိုးထွင်းနိုင်ခဲ့သော် သုဂတိဘဝသို့ လားရောက်ရ၏။*

ဤ အကျိုးတို့တွင် နောက်ဆုံးအမှတ် ၂၄-သည်ကား-တမလွန်၌ မှချခံစားရမည်-ဖြစ်သော အကျိုးတည်း။ ကြွင်းသော ၂၃-ပါးသော အကျိုးတို့ကိုကား ပစ္စုပ္ပန် ယခုမျက်မှောက်၌ ပင်လျှင် ခံစားကြရမည်-ဖြစ်သတည်း။

---

* ဝိသုဒ္ဓိမဂ်-ပ-ဆ-၂၀၅။

## ၁၉။ တရားအားထုတ်သောသူအား မုချခံစားရလတ္တံ့ဖြစ်သော အကျိုးတရားလေးပါး

စာပိုဒ် (၃၁) ၌ ထုတ်ဖော်ပြခဲ့သော "စတ္တာရော အာနိ သံသာ ပါဠိကခ်ါ" ဟူသော သာဓက ပါဠိတော်အရ မြတ်စွာ ဘုရား ဂုဏ်တော်များကို ပွားများဆင်ခြင် အားထုတ်မှု ပြုခဲ့သော် ကုသိုလ်စေတနာကြောင့် တမလွန်လောက သုဂတိ ဘုံဌာနနှ် မုချခံစားကြရမည်ဖြစ်သော အကျိုးလေးပါးကို အောက်ပါ အတိုင်း သိမှတ်အပ်ကုန်၏။

၁။ မြတ်စွာဘုရား ဂုဏ်တော်ကို ပွားများအားထုတ်ခဲ့သော ကုသိုလ်စေတနာကြောင့် နတ်ရွာလောက သုဂတိ ဘုံဌာနသို့ ရောက်ကြရသောအခါ ထိုဌာန၌ သူတပါး ညွှန်ကြားခြင်း, သတိ ပေးခြင်း အကူအညီကို မယူရပဲ မိမိအလိုလို လူ့ပြည်က ကျင့်ကြံ အားထုတ်ခဲ့သော ဂုဏ်တော် တရားအပေါင်းသည် အလွယ်တကူ ဖြင့် အလုံးစုံ ထင်မြင်အောင် ပေါ်လာလိမ့်မည်။ ယင်း တရား တော် ဂုဏ်တော်ကို ဆင်ခြင်ရုံဖြင့် အထက်တန်း ဖြစ်သော "မဂ်ဖိုလ်" သို့ ရောက်ခြင်းအကျိုးကို ရလတ္တံ့။

၂။ တခုခုသောနတ်ဘုံမှာဖြစ်သောအခါ၌သတိလွတ်ကင်း၍ မေ့လျော့နေသည့်အတွက် လူ့ပြည်က အားထုတ်သွားသော တရားများသည် မိမိအလိုလို ပေါ်ပေါက် ထင်မြင်၍ မလာသည် ဖြစ်အံ့၊ တနေ့နေ့သောအခါ ရဟန္တာဖြစ်သော ဓမ္မကထိက ပုဂ္ဂိုလ်များ နတ်ပြည်သို့ ကြွလာပြီးလျှင် တရားဟောတော်မူပါက ၎င်းတရားတော်ကို နာရခြင်းကြောင့် မိမိ အားထုတ်ခဲ့သော

တရားတော် ဂုဏ်တော်များ ပေါ်ပေါက် ထင်မြင်လာပြီးလျှင် "မဂ်ဖိုလ်" ဟူသော တရားထူးကို ရလတ္တံ့။

၃။ တခုခုသော နတ်ဘုံမှာဖြစ်နေခိုက် သတိမေ့လျော့နေသည်အတွက် မိမိအားထုတ်ဖူးသော ဂုဏ်တော်တရားများကို မသိမမြင်ပဲ နေခဲ့ရာ နတ်ပြည်ဓမ္မသဘင်၌ ဓမ္မကထိကဖြစ်သော နတ်ဗြဟ္မာများ ဟောကြားသော တရားတော်ကို ကြားနာရသောအခါ လူ့ပြည်က မိမိ အားထုတ်ခဲ့သော တရားတော်များ ထင်မြင် ပေါ်ပေါက်လာပြီးလျှင် ၎င်းတရားတော်ကို ဆင်ခြင် အာရုံပြုရုံဖြင့် "မဂ်ဖိုလ်" ဟူသော တရားထူးကို ရလတ္တံ့။

၄။ တခုခုသော နတ်ဘုံမှာ ဖြစ်နေခိုက် တရားတော်များကို သတိမရ မေ့လျော့၍ နေသောအခါ အပေါင်းအဖော် နတ်သား အချင်းချင်းတို့က သတိပေးသောအနေဖြင့် "အသင်သည် လူ့ပြည် လောက လူဖြစ်စဉ်က မြတ်စွာဘုရား ဂုဏ်တော်တွေကို ပွားများ အားထုတ်ခဲ့သည် မဟုတ်ပါလား" အစရှိသောအားဖြင့် သတိ ပေးကြသည်နှင့် တပြိုင်နက် မိမိ အားထုတ်ခဲ့သော တရားတော် ဂုဏ်တော်တွေ ထင်မြင်ပေါ်ပေါက်လာပြီးလျှင် ၎င်းတရားတော်ကို ဆင်ခြင် အာရုံပြုပြီးသောအခါ အထက်တန်းဖြစ်၍ မြင့်မြတ်သော "မဂ်ဖိုလ် နိဗ္ဗာန်" ဟူသော တရားထူးကို ရလတ္တံ့။

ဤသို့ ညွှန်ပြအပ်ပြီးသော အကျိုးလေးပါးရနိုင်ပုံသာဓကများကို ယုံကြည်စွာ အာရုံပြုကြပြီးလျှင် ယခုဘဝတွင်ပင် အထက်တန်းကျသော "မဂ်ဖိုလ်" ဟူသော တရားထူးတို့ကို မရနိုင်သော်လည်း အနန္တရဖြစ်သော ဒုတိယဘဝတို့၌ ကျိန်းသေ

"ဝိသေသဂါမီ" သဘောဖြင့် မြင့်မြတ်သော "မဂ်ဖိုလ်နိဗ္ဗာန်" တရားထူး, တရားမြတ်တို့ကို ကေန်မလွဲ ရနိုင်မည်-ဟုဆုံးဖြတ်၍ ကျိုးစား အားထုတ်ကြရန် တိုက်တွန်းပါကြောင်း။

တသ္မာ ဟဝေ အပ္ပမာဒံ၊
ကယိရာထ သုမေဓသော။
ဇဝံ မဟာနုဘာဝ ါယ၊
ဗုဒ္ဓါနုဿတိယာ သဒါ။*

တသ္မာ၊ ထိုသို့ များစွာသော အကျိုးရှိသည်၏ အဖြစ်ကြောင့်။ သုမေဓသော၊ ကောင်းသော ပညာရှိသော ယောဂီသည်။ ဇဝံ မဟာနုဘာဝ ါယ၊ ဤသို့ ဆိုအပ်ပြီးသော ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသော။ဗုဒ္ဓါနုဿတိယာ၊ဗုဒ္ဓါနုဿတိ ဘာဝနာ၌။ သဒါ၊ အခါခပ်သိမ်း။ဟဝေ၊ စင်စစ်။ အပ္ပမာဒံ၊ မမေ့မလျော့။ သက္ကစ္စံ၊ ရိုသေစွာ။ အနုယောဂံ၊ အဖန်ဖန် အားထုတ်ခြင်းကို။ ကယိရာထ၊ ပြုရာ၏။ (ဤသည်ကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ လေးလေးစားစား တိုက်တွန်းတော်မူသွားသော ဒေသနာတော် ဖြစ်၏။ )

---

* ဝိသုဒ္ဓိမဂ်-ပ-ဆ-၂၀၆။

## ၄၀။ ဗုဒ္ဓါနုဿတိ ဘာဝနာကို အားထုတ်ခြင်းကြောင့် မြင့်မြတ်သောအကျိုးကို ခံစားရသော သက်သေ–သာဓကများ

### (၁) သုဘူတိမထေရ်အတ္ထုပ္ပတ္တိ

အရှင် သုဘူတိမထေရ်မြတ် အလောင်းတော်သည် ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ကမ္ဘာတသိန်းထက် ပဒုမုတ္တိုရ် မြတ်စွာဘုရား ပွင့်တော်မူရာ လက်ထက်တော်က ဟံသာဝတီမြို့၌ ဥစ္စာများစွာကြွယ်ဝသောပြာဟ္မဏ မဟာသာလမျိုး၌နန္ဒလုလင်ဟူသော အမည်ဖြင့် ထင်ရှားစွာ ဖြစ်ထွန်းခဲ့၏။

လူ့ဘောင်ကို စွန့်ခွာ၍ ဟိမဝန္တာအနီးဖြစ်သော နိသဘတောင်ခြေ၌ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေလျက် ရဟန်းတရားကို အားထုတ်နေ၏။

ထိုအခါ ပဒုမုတ္တိုရ် မြတ်စွာဘုရားသည် ဟံသာဝတီမြို့၌ သီတင်းသုံးတော်မူဆဲအခါ နန္ဒရသေ့၏ ဆုတောင်းပတ္တနာကို မြင်တော်မူ၍ချီးမြှောက်ခြင်းငှာ ကိုယ်တော်တိုင် နန္ဒရသေ့ရှိရာသို့ ကြွရောက်တော်မူပြီးလျှင် နန္ဒရသေ့နှင့်တကွ တပည့်အပေါင်းတို့၏ ပူဇော်သက္ကာရကို ခံတော်မူ၏။ ရသေ့အပေါင်းတို့သည်လည်း ပန်းနေရာခင်း၍ ပူဇော်ကြကုန်၏။

ပဒုမုတ္တိုရ် မြတ်စွာဘုရားသည် ရသေ့အပေါင်းတို့အား အကျိုးများစေခြင်းငှာ ခုနစ်ရက်ပတ်လုံး သမာပတ် ဝင်စား၍ ထိုအရပ်၌ပင် သီတင်းသုံးတော်မူ၏။ နန္ဒရသေ့သည်လည်း ခုနစ်ရက်ပတ်လုံး သမာပတ် ဝင်စားလျက် သီတင်းသုံးတော်

မူသော ပဒုမုတ္တိုရ် မြတ်စွာဘုရားအား ပန်းတို့ဖြင့် ပူပြင်ထားသော ပန်းထီးတော်ကြီးဖြင့် ဆောင်းမိုးလျက် ခုနစ်ရက်ပတ်လုံး ပူဇော်လျက်နေ၏။

ပဒုမုတ္တိုရ် မြတ်စွာဘုရားသည် ပန်းတို့ဖြင့် ပူဇော်ကြသော ရသေ့အပေါင်းတို့အား "အရဏဝိဟာရ-ဒက္ခိဏေယျ" အရာ၌ ဧတဒဂ်ရသော သာငကတပါးအား တရားအနုမောဒနာ ပြုစေသောအခါ နန္ဒရသေ့သည် ထိုမထေရ်ကဲ့သို့ ဖြစ်လိုသော အလိုဆန္ဒကြီးသည် ဖြစ်၍—

မြတ်စွာဘုရား— တပည့်တော်သည်လည်း အရှင်ဘုရားအား ပန်းထီးဖြင့် ဆောင်းမိုးလျက် ခုနစ်ရက်ပတ်လုံး ပူဇော်ရသော ဤကောင်းကြောင့် ထိုအရှင်ကဲ့သို့ ဖြစ်ရပါလို၏ ဟု ဆုတောင်းခြင်း ပတ္ထနာကိုပြု၏။

ထိုအခါ ပဒုမုတ္တိုရ် မြတ်စွာဘုရားသည် နန္ဒရသေ့ ဆုတောင်းသောအတိုင်း နောင်အခါ ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ ဗျာဒိတ်ကြားတော်မူပြီးလျှင် ကျင့်ကြံအားထုတ်ရန် နည်းလမ်းကို ဤသို့ ဟောကြားတော်မူ၏။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊
ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊
ပူရယိဿသိ မာနသံ။ ။

အာဝုသော၊ ငါ့ရှင်နန္ဒရသေ့။ ဘာဝနာနံ၊ ဘာဝနာအပေါင်းတို့တွင်။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ဗုဒ္ဓါနုဿတိံ၊

ဗုဒ္ဓါနုဿတိဘာဝနာကို။ဘာဝေဟိ၊ပွားများ အားထုတ်ပါလေ။ ဣမံသာဘိ၊ ဤဗုဒ္ဓါနုဿတိ ဘာဝနာကို။ ဘာဝယိတွာ၊ ပွားများ အားထုတ်သည်ရှိသော်။မာနသံ၊ စိတ်အလိုအတိုင်း။ ပူရယိဿသိ၊ ပြည့်စုံလတ္တံ့။

နန္ဒရသေ့သည် ပဒုမုတ္တိုရ်မြတ်စွာဘုရား ဟောကြားနည်းပြသော တရားတော်အတိုင်း ဘုရားဂုဏ်တော်များကို ပွားများခြင်း "ဗုဒ္ဓါနုဿတိ ဘာဝနာကို" စီးဖြန်း အားထုတ်ပြီးသည်နောက်–ကမ္ဘာဘသိန်း ကာလပတ်လုံး လူ့ပြည်, နတ်ပြည်, များ၌သာလျှင် စုံဆန်ကာ သွားလာနေထိုင်ရလျက် ငါတို့ဘုရားလက်ထက်တော်ဝယ် သာဝတ္ထိပြည် သုမန သဌေးအိမ်၌ ဘုရားကျောင်းဒါယကာ အနာထပိဏ်သဌေးကြီး၏ ညီဖြစ်၍ တင့်တယ်လှပသော အဆင်းအင်္ဂါနှင့် ပြည့်စုံသောကြောင့် "သုဘူတိ" ဟူသော အမည်ဖြင့် ထင်ရှား ကျော်စော၏။

အနာထပိဏ် သဌေးကြီးသည် သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်များအား ကျောင်းတော်ကြီးကို လှူဒါန်းသော ကျောင်းရေစက်ချပွဲ ပြုလုပ်သောနေ့၌ သုဘူတိ သူကြွယ်သည်လည်း အနာထပိဏ် သဌေးကြီးနှင့်အတူ ကျောင်းတော်သို့လိုက်၍ တရားတော်များကို နာယူရသောကြောင့် သဒ္ဓါကြည်ညိုသော စိတ်ဓာတ်ဖြင့် မြတ်စွာဘုရား အထံတော်၌ ရဟန်းအဖြစ်ကို တောင်းပန်ပြီးလျှင် ရဟန်းပြုလေ၏။

ရဟန်းပြုပြီးသော် ဆိတ်ငြိမ်ရာတောသို့ကပ်၍ ရဟန်းတရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအခါ မိမိ

ဆုတောင်းခဲ့သောအတိုင်း "အရဏဝိဟာရ-ဒက္ခိဏေယျ" အရာ၌ မြတ်စွာဘုရား ဧတဒဂ်ထား၍ ချီးကျူးခြင်းကို ခံတော်မူရပြီးလျှင် "အရှင်သုဘူတိမထေရ်" ဟူ၍ ထင်ရှား ကျော်စော၏။

အထွဋ်အထိပ်သို့ ရောက်တော်မူပြီးသောအခါ ကမ္ဘာတသိန်းထက်က မိမိပြုကျင့် အားထုတ်ခဲ့သော တရားများ, ဖြစ်ပျက်ကျင်လည်ခဲ့ရသော သုဂတိဘဝများ, ခံစားခဲ့ရသော စည်းစိမ်ချမ်းသာများ, ဒုဂ္ဂတိဘဝ အပါယ်လေးပါးမှ လွတ်မြောက်ခဲ့ပုံနှင့်ယခုနောက်ဆုံးဘဝ၌ အကျိုးခံစားရပုံများကို ဝမ်းမြောက်ဝမ်းသာ ပြန်လည်ဆင်ခြင်၍ ဟောကြားတော်မူ၏။

(၁) ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊
ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊
ပူရယိဿသိ မာနသံ။ ။

(အမှာ။ ။မြန်မာသက်သက်ကိုသာ သိလိုပါက- လက်ျာဘက်ကစာကိုချည်း ဖတ်ပါ။ လက်ဝဲ လက်ျာတွဲဖတ်လျှင် ပါဠိအနက်ဖြစ်မည်။ )

နန္ဒ၊ — ချစ်သားနန္ဒ။
ဘာဝနာနံ၊ — ဘာဝနာအပေါင်းတို့တွင်။
အနုတ္တရံ၊ — အတုမရှိ အမြတ်ဆုံးဖြစ်သော၊
ဗုဒ္ဓါနုဿတိံ၊ — ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းကို။
ဘာဝေဟိ၊ — ပွားများ အားထုတ်ပါလေ။

ဣမံသတိံ၊ — ဤ ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို။
ဘာဝယိတွာ၊ — ပွားများ အားထုတ်သည်ရှိသော်။
မာနသံ၊ — တောင့်တသော စိတ်အလိုအတိုင်း။
ပူရယိဿသိ၊ — ပြည့်စုံလတ္တံ့။

(၂) သာသိတော လောကနာထေန၊
နမဿိတွာ တထာဂတံ။
သဒါ ဘာဝေမိ မုဒိတော၊
ဗုဒ္ဓါနုဿတိ မုတ္တမံ။ ။

လောကနာထေန၊ — ပဒုမုတ္တိုရ် မြတ်စွာဘုရားသည်။
သာသိတော၊ — ဆုံးမအပ်သည်ရှိသော်။
တထာဂတံ၊ — မြတ်စွာဘုရားကို။
နမဿိတွာ၊ — ရှိခိုး၍။
သဒါ၊ — နေ့ရောညဉ့်ပါ အခါခပ်သိမ်း။
မုဒိတော၊ — ဝမ်းမြောက် ဝမ်းသာ ရွှင်လမ်းစွာ။
ဥတ္တမံ၊ — မြတ်သော။
ဗုဒ္ဓါနုဿတိံ၊ — ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို။
ဘာဝေမိ၊ — ပွားများအားထုတ်ခဲ့ပြီ။

(၃) တေန ကမ္မေန သုကတေန၊
စေတနာ ပဏိဓိဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊
တာဝတိံသံ အဂစ္ဆဟံ။

| | | |
|---|---|---|
| သုကတေန၊ | – | ကောင်းစွာ အားထုတ် ပြုလုပ်ခဲ့သော။ |
| တေနကမ္မေနစ၊ | – | ထိုကောင်းမှုကံကြောင့်ရင်း။ |
| စေတနာ မဏိဓိဟိစ၊ | – | ကုသိုလ်စေတနာ – ဆုတောင်းခြင်းတို့ကြောင့်ရင်း။ |
| မာနုသံ ဒေဟံ၊ | – | လူ့ဘဝဖြစ်သော ကိုယ်ကို။ |
| ဇဟိတွာ၊ | – | ပယ်စွန့်၍။ |
| အဟံ၊ | – | ငါသည်။ |
| တာဝတိံသံ၊ | – | တာဝတိံသာ နတ်ပြည်သို့။ |
| အဂစ္ဆိံ၊ | – | လားရောက်ရပြီ။ |

(၄) အသီတိကူဋ္ဌံ ဒေဝိန္ဒော၊
ဒေဝရဇ္ဇံ မကာရယိံ။
သဟဿက္ခတ္တုံ ရာဇာစ၊
စက္ကဝတ္တိ အဟောသ သဟံ။

| | | |
|---|---|---|
| ဒေဝိန္ဒော၊ | – | နတ်တို့ကို အစိုးရသည်ဖြစ်၍။ |
| ဒေဝရဇ္ဇံ၊ | – | သိကြားမင်းအဖြစ်ကို။ |
| အသီတိကူဋ္ဌံ၊ | – | အကြိမ်ရှစ်ဆယ်။ |
| အကာရယိံ၊ | – | ငါပြုခဲ့ရပြီ။ |
| စက္ကဝတ္တိ၊ | – | စကြာ ရတနာ ကို လည်စေတတ်သော။ |
| ရာဇာစ၊ | – | စကြာမင်းသည်လည်း။ |
| သဟဿက္ခတ္တုံ၊ | – | အကြိမ်ပေါင်းတထောင်။ |

| | | |
|---|---|---|
| အဟံ၊ | – | ငါသည်။ |
| အဟောသိံ၊ | – | ဖြစ်ခဲ့ရလေပြီ။ |

(၅) ပဒေသရဇ္ဇံ ဝိပုလံ၊
ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သုသမ္ပတ္တိံ၊
ဗုဒ္ဓါနုဿတိယာ ဖလံ။

| | | |
|---|---|---|
| ဝိပုလံ၊ | – | ပြန့်ပြောကြီးကျယ်သော။ |
| ဂဏနာတော၊ | – | အရေအတွက်သချာအားဖြင့်။ |
| အသင်္ခိယံ၊ | – | မရေတွက်နိုင်သော။ |
| သုသမ္ပတ္တိံ၊ | – | အလွန် မွန်မြတ်သော စည်းစိမ်နှင့် ပြည့်စုံသော။ |
| ပဒေသရဇ္ဇံ၊ | – | ပဒေသရာဇ်မင်း၏ စည်းစိမ်ချမ်းသာကို။ |
| အနုဘောမိ၊ | – | ငါ ခံစားခဲ့ရပြီ။ |
| ဣဒံ၊ | – | ဤအကျိုးသည်။ |
| ဗုဒ္ဓါနုဿတိယာ၊ | – | ဗုဒ္ဓါနုဿတိဘာဝနာ၏။ |
| ဖလံ၊ | – | အကျိုးပေတည်း။ |

(၆) ဘဝါဘဝေ သံသရန္တော၊
မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဦနတာ နတ္ထိ၊
ဗုဒ္ဓါနုဿတိယာ ဖလံ။

အဟံ၊ — ငါသည်။
ဘဝါဘဝေ၊ — ဘဝကြီး ဘဝငယ်၌။
သံသရန္တော၊ — ကျင်လည်ခဲ့သည် ရှိသော်။
မဟာဓဘာဂံ၊ — များပြတ်သောစည်းစိမ်ချမ်းသာကို၊
လဘာမိ၊ — ရခဲ့၏။
မေ၊ — ငါ့အား။
ဘောဂေ၊ — စည်းစိမ်ချမ်းသာ၌။
ဦနတာ၊ — ယုတ်လျော့သည်၏ အဖြစ်သည်၊
နတ္ထိ၊ — မရှိ။
ဣဒံ၊ — ဤအကျိုးသည်။
ဗုဒ္ဓါနုဿတိယာ၊ — ဗုဒ္ဓါနုဿတိဘာဝနာ၏။
ဖလံ၊ — အကျိုးပေတည်း။

(၇) သတ သဟဿိတော ကပ္ပေ၊
ယံ ကမ္မ မကာရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဗုဒ္ဓါနုဿတိယာ ဖလံ။

ဣတော၊ — ဤဘဒ္ဒကမ္ဘာမှ။
သတ သဟဿိတော
ကပ္ပေ၊ — ကမ္ဘာတသိန်းထက်၌။
တဒါ — ထိုပဒုမုတ္တိုရ် မြတ်စွာဘုရား လက်ထက်၌။

ယံ ကမ္မံ၊ — အကြင် ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားခြင်း အမှုကို။
အကာရိံ၊ — ပြုကျင့်ခဲ့ပြီ။
တေန ကမ္မေန၊ — ထိုကောင်းမှုကံကြောင့်။
ဒုဂ္ဂတိံ၊ — ဒုဂ္ဂတိဘဝကို။
နာဘိဇာနာမိ၊ — ငါ မသိခဲ့ရပေ။
ဣဒံ၊ — ဤအကျိုးသည်။
ဗုဒ္ဓါနုဿတိယာ၊ — ဗုဒ္ဓါနုဿတိဘာဝနာ၏။
ဖလံ၊ — အကျိုးပေတည်း။

(၈) ပဋိသမ္ဘိဒါ စတဿော၊
ဝိမောက္ခာ ပိစ အဋ္ဌိမေ။
ဆဠာဘိညာ သစ္ဆိကတာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

စတဿော၊ — လေးပါးကုန်သော။
ပဋိသမ္ဘိဒါစ၊ — ပဋိသမ္ဘိဒါတို့ကိုရင်း။
အဋ္ဌ၊ — ရှစ်ပါးကုန်သော။
ဣမေ ဝိမောက္ခာစ၊ — ဤဝိမောက္ခ တရားတို့ကိုရင်း။
ဆဠာ ဘိညာစ၊ — ၆-ပါးသော အဘိညာဉ်တို့ကိုရင်း။
သစ္ဆိကတာ၊ — မျက်မှောက်ပြုအပ်ကုန်ပြီ။
ဗုဒ္ဓဿ၊ — မြတ်စွာဘုရား၏။
သာသနံ၊ — အဆုံးအမတော်ကို။
ကတံ၊ — လိုက်နာကျင့်သုံး၍ ပြီးပါပြီ။

ဤသို့ညွှန်ပြခဲ့သော "သုဘူတိမထေရ်"၏ ဒေသနာ သာဓကကို ပုံစံပြု၍ "ဗုဒ္ဓါနုဿတိ ဘာဝနာ" သည်ကား အထူးပင် အားသုတ်ထိုက်သော ဘာဝနာဖြစ်၏-ဟု သတိမူကြပြီးလျှင် အတုယူ အားထုတ် တော်မူကြရန် တိုက်တွန်း အပ်ပါသတည်း။ (အတ္ထုပ္ပတ္တိအကျယ်ကိုအလိုရှိပါမူ အပဒါနပါဠိ-ပ-ဆ-၇၄။ ၎င်းအဋ္ဌကထာ-ဒု-ဆ-၃၁-မှ ယူပါကုန်။)

## (၂) ဗုဒ္ဓသညကထေရ်ဟောသော ဒေသနာ

(၁) အဒ္ဒသံ သုပိနန္တေန၊
သိဒ္ဓတ္ထံ လောကနာယကံ။
တတ္ထ စိတ္တံ ပသာဒေတွာ၊
သုဂတိံ ဥပပဇ္ဇဟံ။

သိဒ္ဓတ္ထံ၊ — သိဒ္ဓတ္ထအမည်တော်ရှိသော။
လောကနာယကံ၊ — ဘုရားရှင်ကို။
သုပိနန္တေန၊ — အိပ်မက်ဖြင့်။
အဒ္ဒသံ၊ — မြင်မက်-ဖူးတွေ့ရပြီ။
တတ္ထ၊ — ထိုအိပ်မက်၌။
စိတ္တံ၊ — စိတ်ကို။
ပသာဒေတွာ၊ — ကြည်ညိုစေ၍။
အဟံ၊ — ငါသည်။
သုဂတိံ၊ — သုဂတိဘုံ၌။
ဥပပဇ္ဇိံ၊ — ဖြစ်ခဲ့ရလေပြီ။

(၂) စတုန္နဝုတိတော ကပ္ပေ၊
ယံ သညံ မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဗုဒ္ဓသညာ ယိဒံ ဖလံ။

တဒါ၊ — ထိုသိဒ္ဓတ္ထဘုရားလက်ထက်၌။
ဣတော၊ — ဤကမ္ဘာမှ။
စတုန္နဝုတိတော ကပ္ပေ၊ — ကိုးဆယ်လေးကမ္ဘာထက်၌။
ယံသညံ၊ — အကြင် အိပ်မက်၌ ဘုရားဟူသော အမှတ်ကို။
အလဘိံ၊ — ရခဲ့ပြီ။
တာယသညာယ၊ — ထိုအမှတ်ကြောင့်။
ဒုဂ္ဂတိံ၊ — ဒုဂ္ဂတိဘုံကို။
နာဘိဇာနာမိ၊ — မသိဘူးပါ။
ဣဒံ၊ — ဤအကျိုးသည်။
ဗုဒ္ဓသညာယ၊ — အိပ်မက်၌ ဖြစ်သော ဘုရားဟူသော အမှတ်၏။
ဖလံ၊ — အကျိုးပေတည်း။

ဤသာဓကဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ကြည်ညိုပွားများရခြင်းသည်သာ:– အိပ်မက်ထဲ၌ ဘုရားရှင်ကိုဖူးမြင်ရ၍ ကြည်ညိုလေးစားခဲ့သဖြင့်ပင်လျှင် အကျိုးထူးလှပုံကိုအာရုံပြုကြပြီးလျှင် ဗုဒ္ဓ ဂုဏ်တော်များကို ကြည်ညိုထိုက်ကြောင်း, မမေ့မလျော့ အားထုတ်သင့်ကြောင်း ပုံစံပြခြင်းဖြစ်၏။

(အကျယ် အပဒါနပါဠိ ပဆ ၂၈၆။ ရှင်းအဋ္ဌ ဒုဆ ၁၃၃ ယူ)

## ၃။ မဟာကပ္ပိနမထေရ် အတ္ထုပ္ပတ္တိ

ငါတို့ကိုးကွယ်ရာ ဖြစ်တော်မူသော ဂေါတမ ရှင်တော်ဘုရား ပွင့်တော်မူရာ လက်ထက်တော်က ကုက္ကုဋဝတီမြို့၌ မင်းပြု၍နေသော မဟာကပ္ပိနမင်းသည် ကုန်သည်တို့ အထံမှ ဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါး ပွင့်ပေါ်၍ နေကြောင်း သတင်းကောင်း ကြားရသောအခါ များစွာ နှစ်သက်လိုလားသောစိတ် ဖြစ်ပေါ်လာသောကြောင့် ထီးနန်း စည်းစိမ်ကို စွန့်ပစ်၍ အမတ်တထောင်ခြံရံလျက် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ မြင်းယာဉ်များဖြင့် ထွက်ခွာ၍လာသောအခါ တဂါဝုတ်နက်၍ နှစ်ဂါဝုတ် ပြန့်ကျယ်သော "အပရစ္ဆာ" မည်သောမြစ်သို့ ရောက်ကြလေ၏။

တဘက်ကမ်းသို့ ကူးတက်ရန် လှေဘောင်စသည်တို့ မရှိကြသောအခါ ငါတို့ကား ယုံမှားကင်းစွာဖြင့် ရတနာသုံးပါးကို ရည်မှန်း၍ လာခဲ့ကြ၏။ ဘုရားဂုဏ်တော်ကို အာရုံပြု၍ တဘက်ကမ်းသို့ ကူးကြမည်-ဟု တိုင်ပင်ကြပြီးလျှင်-

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ
ဗုဒ္ဓဂုဏံ အနုဿရန္တော သပရိဝါရော အဿ
သဟဿေန ဥဒကပိဋ္ဌေ ပက္ခန္ဒိ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ပူဇော် အထူးကို ခံတော်မူထိုက်သောကြောင့်လည်း။ အရဟံ၊ အရဟာ ဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ ဣတိပိ၊ ဤသို့ ဆရာမကူ

သယမ္ဘူဉာဏ်ဖြင့် အလိုလို ကိုယ်တော်တိုင် သိတော် မူတတ်သောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ ဣတိ၊ ဤသို့။ ဗုဒ္ဓဂုဏံ၊ မြတ်စွာဘုရား ဂုဏ်တော်ကို။ အနုဿရန္တော၊ အဖန်ဖန် အောက်မေ့ ဆင်ခြင်လျက်။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ အသော သဟာယော၊ မြင်းတထောင်ဖြင့်။ ဉဒကံပိဋ္ဌေ၊ ရေပြင်၌။ ပက္ခန္ဒိ၊ ပျံသွား ကူးတက်ကြလေ၏။

ဤသို့ နှစ်ဂါဝုတ်ကျယ်သော "အပရစ္ဆာမြစ်" ကို ဘုရားဂုဏ်တော်ကြောင့် ဘေးမရှိမူ၍ ကူးမြောက်ကြပြီးလျှင် ခရီးဆက်ကြသောအခါ ယူဇနာခွဲ အပြန့်ကျယ်သော "နီလဝါဟာ" မည်သောမြစ်သို့ ရောက်ကြပြန်၏။ ထိုမြစ်ကိုလည်း တရားဂုဏ်တော်ကို အာရုံပြု၍ တဘက်ကမ်းသို့ ကူးမည်-ဟု တိုင်ပင်ကြပြီးလျှင်-။

> သွာက္ခာတော ဘဂဝတာ ဓမ္မောတိ ဓမ္မာနုဿတိံ
> အနုဿရန္တော ပက္ခန္ဒိ။

ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဓမ္မာနုဿတိံ၊ ဓမ္မာနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို။ အနုဿရန္တော၊ အဖန်ဖန် ဆင်ခြင် အောက်မေ့လျက်။ ပက္ခန္ဒိ၊ ပျံသွားကူးတက်ကြလေ၏။

ဤသို့တရားတော်ကို အာရုံပြုကာ "နီလဝါဟာမြစ်" ကို ကူး၍ ခရီး ဆက်ကြပြန်သောအခါ တယူဇနာကျယ်သော

"စန္ဒဘာဂါ"မည်သော မြစ်သို့ရောက်ပြန်၏။ ထိုမြစ်ကိုလည်း သံဃာတော်ဂုဏ်ကို အာရုံပြုလျက် ကူးရန်တိုင်ပင်ပြီးလျှင်-

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃောတိ
သံဃာနုဿတိံ အနုဿရန္တော ပက္ခန္ဒိ။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့်တော်မူ၏။ ဣတိ၊ ဤသို့။ သံဃာနုဿတိံ၊ သံဃာနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို။ အနုဿရန္တော၊ အဖန်ဖန် ဆင်ခြင် အောက်မေ့လျက်။ ပက္ခန္ဒိ၊ ပျံသွား ကူးတက်ကြလေ၏။

ဤသို့ သံဃာတော်ဂုဏ်ကို အောက်မေ့ ဆင်ခြင်သော သတိဖြင့် စန္ဒဘာဂါမြစ်ကို ကူးပြီးလျှင် ရတနာသုံးပါး ဂုဏ်တော်ကို ဆင်ခြင်အောက်မေ့လျက် မြစ်သုံးတန်ကို အောင်မြင်စွာ ဘေးမရှိပဲ ကူးမြောက်နိုင်ပြီးသည်နောက် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ ဦးတည်ကာ ခရီးပြင်း ထွက်ကြတော့၏။

သဗ္ဗညုရှင်တော်ဘုရားသည်လည်း ဗောဓနေယျ သတ္တဝါ များကို စောစောကပင် မြင်တော်မူ၍ ချီးမြှောက်အံ့သော ငှာ သာဝတ္ထိပြည်မှ ယူဇနာတရာ နှစ်ဆယ်ဝေးကွာသော အရပ် ဖြစ်သည့် စန္ဒဘာဂါမြစ်အနီးသို့အရောက်ကြွပြီးလျှင် ပညောင်ပင် ရင်း၌ သီတင်းသုံးတော်မူလျက် ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်တော်မူပြီးလျှင် ကြိုဆိုလျက် နေတော်မူ၏။

ထိုအခါ သာဝတ္ထိပြည်သို့ မရောက်မီ လမ်းခရီး၌ ပင်လျှင် ဘုရားရှင်နှင့် တွေ့ဆုံကြ၍ မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးပူဇော်ကြသောအခါ မြတ်စွာဘုရား ဟောကြားတော်မူသော အနုပုဗ္ဗိကထာ တရားတော် အဆုံး၌ အခြံအရံ အမတ်တထောင်နှင့်တကွ သောတာပတ္တိဖိုလ်သို့ ရောက်ကြ၏။

ထိုနောက် မြတ်စွာဘုရား အထံတော်၌ ရဟန်း အဖြစ်ကို တောင်းပန်ကြသောအခါ ရှေးဘဝက ပြုခဲ့ပြီးသော ကောင်းမှုအဟုန် ပြည့်စုံပြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်အတိုင်း "ဧဟိဘိက္ခု" ခေါ်တော်မူသဖြင့် အားလုံးပင် "ဧဟိဘိက္ခုရဟန္တာ" ချည်း ဖြစ်ကြကုန်၏။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ တပည့်ရဟန်းတော်များအား ဆုံးမ ဩဝါဒပေးနိုင်သောအရာ၌ ထူးကဲသော ဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍=

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ဩဝါဒကာနံ ယဒိဒံ မဟာကပ္ပိနော။

ဟူ၍ ဧတဒဂ် ရာထူးဖြင့် ချီးကျူး မြှောက်စားခြင်းကို ခံရ၏။

ထိုမဟာကပ္ပိန မထေရ်သည် အထွဋ်အထိပ်သို့ ရောက်သည်ဖြစ်၍ မိမိရှေးက ပြုခဲ့သော ကောင်းမှုကံများကို အောက်မေ့ဆင်ခြင်ပြီးလျှင် မိမိ၏ ပုဗ္ဗစရိတ- ဖြစ်စဉ် အဋ္ဌုပ္ပတ္တိကို ဝမ်းမြောက်စွာ ဟောကြားတော်မူ၏။

(က) ပဟာယ ရဇ္ဇံ သာမစ္စော၊
နိက္ခမိံ ဗုဒ္ဓမာမကော။

နဒိံ ဒိသွာ- မဟာစန္ဒံ၊
ပူရိတံ သမတိတ္တိကံ။

(၁) အပ္ပတိဋ္ဌံ အနာလမ္ဗံ၊
ဒုတ္တရံ သီဃဝါဟိနိံ။
ဂုဏံ သရိတွာ ဗုဒ္ဓဿ၊
သောတ္ထိနာ သမတိက္ကမိံ။

ချင့္ခံ၊ — မင်းအဖြစ်ကို။
ပဟာယ၊ — ပယ်စွန့်၍။
ဗုဒ္ဓမာမကော၊ — မြတ်စွာဘုရားကို မြတ်နိုး ကြည်ညိုသည်ဖြစ်၍။
သာမစ္စော၊ — အမတ်တထောင်တို့နှင့် အတူတကွ။
နိက္ခမိံ၊ — ထွက်ခွာခဲ့လေပြီ။
တဒါ၊ — ထိုအခါ၌။
သမတိတ္တိကံ၊ — ကမ်းနှင့်အညီအမျှ။
ပူရိတံ၊ — ရေပြည့်၍နေသော။
အပ္ပတိဋ္ဌံ၊ — ထောက်တည်ရာ မရှိသော။
အနာလမ္ဗံ၊ — ဆွဲကိုင်စရာလည်း မရှိသော။
ဒုတ္တရံ၊ — ကူးဘို့ရန်လည်း ခဲယဉ်းသော။
သီဃဝါဟိနိံ၊ — လျှင်မြန်သော ရေ အဟုန်လည်းရှိသော။
မဟာစန္ဒံ၊ — မဟာစန္ဒ အမည်ရှိသော။
နဒိံ၊ — မြစ်ကြီးကို။

| | |
|---|---|
| ဒိသွာ၊ | — တွေ့မြင်ရသည်ရှိသော်။ |
| ဗုဒ္ဓဿ၊ | — မြတ်စွာဘုရား၏။ |
| ဂုဏံ၊ | — ဂုဏ်တော် ကျေးဇူးတော်ကို။ |
| သရိတွာ၊ | — အောက်မေ့ ဆင်ခြင်ခြင်းကြောင့်။ |
| သောတ္ထိနာ၊ | — ချမ်းချမ်း သာသာ။ |
| သမတိက္ကမိံ၊ | — ကောင်းစွာ လွန်မြောက်ခဲ့ရလေပြီ။ |

ဤကား- အတုမရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ ဆင်ခြင်ခြင်းဟူသော "ဗုဒ္ဓါနုဿတိ ဘာဝနာ ကုသိုလ်"ကြောင့် ဒိဋ္ဌဓမ္မ အကျိုးခံစားရသော သက်သေ သာဓကပေတည်း။ ဤသာဓကကို ပုံစံပြု၍ "ဗုဒ္ဓါနုဿတိ ဘာဝနာ"ကို လေးလေး စားစား ပွားများ အားထုတ်ကြရန် တိုက်တွန်းပါသတည်း။

(မဟာကပ္ပိနမထေရ်မြတ်၏ အတ္ထုပ္ပတ္တိအကျယ်ကို- မဟာ ကပ္ပိနထေရာပဒါနပါဠိ- ဒု-ဆ-၁၁ဂ။ အဋ္ဌကထာ- ဒု-ဆ- ၂၁ဂ-တို့မှ ယူပါကုန်။)

## ၄။ ကာလီ ဥပါသိကာမ အတ္ထုပ္ပတ္တိ

ဟိမဝန္တာတောဝယ် ဟေမဝတ တောင်၌နေသော "ဟေမ ဝတ နတ်မင်းကြီး"နှင့်တကွ မဇ္ဈိမဒေသအတွင်း သာတာဂိရိ တောင်၌နေသော "သာတာဂိရိ" နတ်မင်းကြီး ၎င်းနှစ်ဦး တို့သည် မိမိတို့နေရာ၌ ထူးထူးထွေထွေ အကြောင်းအရာများ

ပေါ်ပေါက်ပါက အချင်းချင်း သတင်းပေးကြစတမ်း-ဟူသော အချိန်းအချက်ဖြင့် နေထိုင်ကြလေ၏။

ငါတို့၏ ဘုရားရှင် ပွင့်တော်မူပြီးလျှင် မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူရာ သာတာဂိရိ နတ်မင်းကြီးသည် တရားတော်ကို ဦးစွာ နာကြားရသဖြင့် မိတ်ဆွေကြီး ဟေမဝတအား သတင်းထူးပြောကြားရန် ဟေမဝတတောင်သို့ ကောင်းကင်ခရီးဖြင့် ထွက်ခဲ့၏။

ဟေမဝတ နတ်မင်းကြီးသည်လည်း မိမိနေရာ ဟိမဝန္တာ တောကြီး၌ မဖြစ်ဘူးမြဲ ထူးကဲစွာ ပန်းအမျိုးမျိုးတို့ဖြင့် အလွန် တင့်တယ် ဆန်းကြယ်စွာ ဖြစ်ပေါ်လာသည်အတွက် သတင်းထူး ပြောကြားရန် မိတ်ဆွေကြီးရှိရာ သာတာဂိရိ တောင်သို့ ကောင်းကင်ခရီးဖြင့် ထွက်ခဲ့၏။

နတ်မင်းကြီးနှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့၏ အထက်ဖြစ်သော ကောင်းကင်ခရီး၌ ရင်ဆိုင် တွေ့ဆုံကြသောအခါ သာတာဂိရိ နတ်မင်းကြီးက ရှေးဦးစွာ မိတ်ဆွေကြီး ဟေမဝတ- လောက သုံးပါး၌ အထွဋ်အမြတ်ဆုံး ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာ ဘုရား ယခုထင်ရှား ပွင့်ပေါ်နေပြီ-ဟု သတင်းထူးပေးပြီးလျှင် မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို အပြန်အလှန် အမေးအဖြေပြုလုပ်၍ ချီးကျူးပြောဆိုကာ နေကြ၏။

(က) အဇ္ဇ ပန္နရသော ဥပေါသထော၊
ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။
အနောမနာမံ သတ္ထာရံ၊
ဟန္ဒ ပဿာမ ဂေါတမံ။ ။

သမ္မ၊ — အဆွေတော်ကြီး ဟေမဝတ။
အဇ္ဇ၊ — ယနေ့သည်ကား။
ပန္နရသော၊ — တဆယ့်ငါးရက်မြောက်သော။
ဥပေါသထော၊ — ဥပုသ်နေ့ဖြစ်ပေ၏။
ရတ္တိ၊ — ညဥ့်သည်။
ဒိဗ္ဗာ၊ — တောက်ပ၏။
ဥပဋ္ဌိတာ၊ — ထင်ရှား၏။
အနောမနာမံ၊ — မြတ်သော ဂုဏ်တော်တို့ဖြင့် ရအပ်သော, အမည်ရှိတော်မူသော။
ဂေါတမံ၊ — ဂေါတမအနွယ် ဖြစ်တော်မူသော။
သတ္ထာရံ၊ — ငါတို့ဆရာ မြတ်စွာဘုရားကို။
ဟန္ဒ၊ — ယခု၊
ပဿာမ၊ — ဖူးမြင်ကြပါကုန်အံ့။

(၁) တေ မယံ ဝိစရိဿာမ၊
ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနာ သမ္ဗုဒ္ဓံ၊
ဓမ္မဿစ သုဓမ္မတန္တိ။ ။

တေ မယံ၊ — ထို အကျွန်ုပ်တို့သည်။
သမ္ဗုဒ္ဓံစ၊ — မြတ်စွာဘုရားကိုရင်း။
ဓမ္မဿ၊ — တရားတော်၏။
သုဓမ္မတ္တ၊ — ကောင်းသောတရား၏အဖြစ်ကိုရင်း။

| | |
|---|---|
| နမဿမာနာ၊ | – ရှိခိုးကြကုန်လျက်။ |
| ဂါမာ၊ | – တရွာမှ။ |
| ပါမံ၊ | – တရွာသို့။ |
| နဂါ၊ | – တတောင်မှ။ |
| နဂံ၊ | – တတောင်သို့။ |
| ဝိစရိဿာမ၊ | – လှည့်လည်ကြပါကုန်အံ့။ |

ဤသည်တို့ကား – နတ်မင်းကြီးများ အမေး အဖြေ ပြုကာ ချီးကျူး ပြောဆိုနေကြသော ထုတိဂါထာပေါင်း (၃၀)ပုဒ် ရှိသည့်အနက် ပထမပုဒ်နှင့် နောက်ဆုံးပုဒ်တို့ကို ထုတ်ဖော်ပြခြင်း ဖြစ်၏။

ဤသို့ သာတာဂိရိနတ်နှင့် ဟေမဝတနတ်တို့ အချင်းချင်း ပြောဆို မေးမြန်း စုံစမ်းနေသော ဘုရားဂုဏ်တော် များကို ရာဇဂြိုဟ်ပြည်သူ အမျိုးသမီး "ကာဠီ" သည် မိမိနေရာဖြစ်သော ဘုံနန်းပြာသာဒ်သို့တက်၍ ပြူတင်းပေါက်ကိုဖွင့်ကာ လေညှင်း ခံ၍ ရပ်နေခိုက် နားစိုက်မိသဖြင့် အစ အလယ် အဆုံး အားလုံး သော ဘုရားဂုဏ်တော်များကို ကြားရလေသော် ဘုရားစစ် ဘုရားမှန်တို့၏ သဘောသည် ဤသို့ ထူးခြားသော ဂုဏ်တော်နှင့် ပြည့်စုံပေသည်တကား ဟု စိတ်ထားကြည်ယုံ၍ ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိကို ဖြစ်စေလျက် ယင်း ပီတိအရှိန်ဖြင့် နီဝရဏ တရားတို့ကို ပယ်နိုင်လှည့်ခွာ၍ ထိုခဏမှာပင် "သောတာပတ္တိဖိုလ်" သို့ ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရလေ၏။

ဧဝံ ဝိဝိဓ ဂုဏာသမန္နာဂတာ ဗုဒ္ဓါတိ ဗုဒ္ဓါရမ္မဏံ
ပီတိံ ဥပ္ပါဒေတွာ တာယ နီဝရဏာနိ
ဝိက္ခမ္ဘေတွာ တတ္ထေဝ ဌိတာ သောတာပတ္တိ-
ဖလေ ပတိဋ္ဌာသိ။

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝိဝိဓ ဂုဏာသန္နာဂတာ၊ အထူးထူး အပြားပြားသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူကြကုန်၏။ ဣတိ၊ ဤသို့။ ဗုဒ္ဓါရမ္မဏံ၊ ဘုရားလျှင် အာရုံရှိသော။ ပီတိံ၊ ပီတိကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တာယပီတိယာ၊ ထိုပီတိဖြင့်။ နီဝရဏာနိ၊ နီဝရဏ တရားတို့ကို။ ဝိက္ခမ္ဘေတွာ၊ ခွာ၍။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ ဌိတာ၊ ရပ်လျက်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်၏။

ယင်း အမျိုးသမီးသည်ကား .... မြတ်စွာဘုရားကို ကိုယ်တိုင်ဖူးတွေ့သည်လည်း မဟုတ်၊ မိမိကိုယ်တိုင် ဂုဏ်တော်ကို ပွားများအားထုတ်ရသည်လည်းမဟုတ်၊ သူတပါးပြောဆိုသော ဂုဏ်တော်အသံကို တဆင့်ကြားနာရသောကြောင့် ဖြစ်သော ဗုဒ္ဓါရမ္မဏပီတိ တန်ခိုးကြောင့် သောတာပန်အဖြစ်သို့ ရောက်ရ၏။

ထိုနောက် သာပတ္တိပြည်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် တေဒဂ်ထား၍ မြှောက်စားခြင်းခံရသော အမျိုးသမီးအပေါင်းတို့တွင် ကာဠီအမျိုးသမီးသည်ကား တဆင့်ကြားရုံဖြင့် ထူးကဲသော သဒ္ဓါပသန္န ဖြစ်နိုင်သောကြောင့် အနုဿဝပသန္န အရာ၌ အမြွက်ဆုံးထားပြီးလျှင်....

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ
အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ
ကုရရဃရိကာ။

ဘိက္ခဝေ၊ များစွာသောင်းသောင်း တပည့်မ အပေါင်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မ ဖြစ်ကုန် သော။ အနုဿဝပ္ပသန္နာနံ၊ တဆင့်စကားကို ကြားကာမျှဖြင့် ကြည်ညို တတ်ကြကုန်သော။ ဥပါသိကာနံ၊ ဥပါသိကာမ အပေါင်းတို့ တွင်။ ကာဠီ၊ ကာဠီအမည်ရှိသော။ ကုရရဃရိကာ၊ ကုရရဃရမြို့၌ နေလေ့ရှိသော။ယဒိဒံ-ယာသော ဥပါသိကာ၊အကြင်ဒါယိကာမ သည်။ အတ္ထိ၊ ရှိ၏။ တော ·သော၊ ဤ ဒါယိကာမ သည်။ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံး ဖြစ်ပေ၏။

ဗုဒ္ဓဂုဏ်တော်တန်ခိုးကြောင့် အရိယာစခန်းသို့ ရောက်ရသည့်ပြင် မြတ်စွာဘုရား ကိုယ်တော်တိုင် ချီးကျူး မြှောက်စားခြင်းကို ခံရသော ဤသာဓကကို ပုံစံယူဆ နည်းမှီး၍ ကြည့်ကြပါလျှင် အဖိုးမဖြတ်နိုင်အောင် တန်ခိုးရှိလှသော "ဗုဒ္ဓါနုဿတိဘာဝနာ" ကို အားထုတ်ရန် မမေ့သင့်ကြောင်း တိုက်တွန်းပါ၏။

(အကျယ်ကို သုတ္တနိပါတ် အဋ္ဌကထာ - ဆ - ၁၄၂-မှ
ယူပါကုန်။)

## ၅။ သောဏပိတုထေရ ဝတ္ထု

သောဏတောင်ခြေဝယ် အစေလကျောင်းတိုက်၌ သီတင်းသုံး သော သောဏအမည်ရှိသော မွေကထိကမထေရ်သည် ခွေးမုဆိုး

အလုပ်ဖြင့် အသက်မွေးနေသော ဘခင်မှုဆိုးကြီးအား ဆုံးမ ဘားမြစ်သော်လည်း မရသည့်အတွက် လက်လျှော့၍ ထားရ၏။

ဘခင်ကြီး ဇရာဒုဗ္ဗလဖြစ်၍ အိုမင်းသောအရွယ်သို့ ရောက်သောအခါ ယုတ်မာသောအသက်မွေးမှုဖြင့် မပျက်စီးပါစေလင့်-ဟု နှလုံးထားပြီးလျှင် အလိုမတူပဲ ကျောင်းသို့ခေါ်၍ ရဟန်းပြု ပေးထား၏။

ဘခင် ရဟန်းကြီးသည် နာမကျန်းဖြစ်၍ မထသော အိပ်ခြင်းဖြင့် အိပ်လျက်နေသော အခိုက်ဝယ် သောဏ တောင်ခြေက ခွေးကြီးတွေ လာ၍ စားမည်, ဝါးမည် အနေဖြင့် ဝိုင်းလာကြသည်-ဟု "ငရဲနိမိတ်" တွေ ထင်လာတော့၏။

ထိုအခါ အလွန်ကြောက်လန့်လျက် "ချစ်သား သောဏ-ခွေးကြီးတွေကို မောင်းပါ,တားပါ"ဟု ဆိုမည်တမ်း၏။ "ဘခင်ကြီး-ဘာဖြစ်နေတာလဲ"ဟု မေးလျှင် "ချစ်သား-မမြင်ဘူးလား"ဟု ဆို၍ မိမိထင်မြင်သောအဖြစ်ကို ပြောပြလေလျှင် ဘခင်ကြီးကား နိရယနိမိတ်တွေ ထင်နေ·ပြီ၊ ငါကဲ့သို့သောသူ၏ ဘခင်သည် အဘယ်မှာလျှင် ငရဲ၌ဖြစ်စေရမည်နည်း၊ ထောက်တည်ရာ ကို ရစေအံ့-ဟု ကြံစည်လျက်....

သာမဏေတို့အား အထူးထူးသောပန်းတို့ကို ဆောင်ယူစေ၍ စေတီရင်ပြင် (ဗောဓိရင်ပြင်)၌ ပန်းအခင်းဖြင့် ပူဇော်ဖွယ်ရာကို ပြုစေပြီးလျှင် ဘခင် ရဟန်းကြီးအား ညောင်စောင်းဖြင့် စေတီရင်ပြင်သို့ ယူဆောင်ကာ ညောင်စောင်းထက်တွင် နေစေလျက်....

"ဘခင် ရဟန်းကြီး-ဤ ပူဇော်ဖွယ်ရာ ပန်းတွေသည် သင့်အတွက် စီမံထားခြင်း ဖြစ်၏၊ မြတ်စွာဘုရား - ဤပန်းတွေသည် ကား တပည့်တော်၏ ဆင်းရဲလက်ဆောင် ဖြစ်ပါသည်-ဟု ဆို၍ မြတ်စွာဘုရားကို ရှိခိုးပူဇော်၍ စိတ်ကို ကြည်ညိုပါစေ" ဟု တိုက်တွန်း၏။

ထိုအခါ ရဟန်းကြီးသည် ပူဇော်ဖွယ် ပန်းတွေကို မြင်၍ သား-သောဏမထေရ် တိုက်တွန်းသည့်အတိုင်း မြတ်စွာဘုရားကို ရှိခိုးပူဇော်၍ စိတ်ကို ကြည်ညိုစေလိုက်ပြီး ထိုခဏ၌ပင်လျှင် ရဟန်းကြီးအား မကောင်းသောနိမိတ်တွေ ပျောက်ပြီးလျှင် ကောင်းသော သုဂတိနတ်ပြည် နိမိတ်တွေ ထင်လာတော့၏။

သော မဟာထေရော ပူဇံ ဒိသွာ တထာ
ကရောန္တော စိတ္တံ ပသာဒေသိ၊ တာဝဒေဝဿ
ဒေဝလောကော ဥပဋ္ဌာသိ။

သော မဟာထေရော၊ ထို မထေရ်ကြီးသည်။ ပူဇံ၊ ပူဇော်ဖွယ်ရာ ပန်းတွေကို။ ဒိသွာ၊ မြင်၍။ တထာ၊ ထို သား သောဏ မထေရ် တိုက်တွန်းသည့်အတိုင်း။ ကရောန္တော၊ လိုက်နာကာ ပူဇော်လျက်။ စိတ္တံ၊ စိတ်ကို။ ပသာဒေသိ၊ ကြည် ညို စေ ပြီ။ တာဝဒေဝ၊ ထိုခဏ၌ပင်လျှင်။ အဿ၊ ထို မထေရ်ကြီးအား။ ဒေဝလောကော၊ နတ်ပြည် လောကသည်။ ဥပဋ္ဌာသိ၊ ရှေ့ရှု ထင်ပေါ်၍ လာတော့၏။

ဤသာဓကဖြင့် မြတ်စွာဘုရားအား ကြည်ညိုကာမျှ၊ အာရုံ ပြုကာမျှဖြင့်ပင်လျှင် လက်ငင်း ဒိဋ္ဌ ကောင်းသော နိမိတ်တွေ

သင်ပြီးလျှင် သုဂတိနတ်ဘုံသို့ ရောက်ရကြောင်းကို ပြ၏။ ထိုကြောင့် မြတ်စွာဘုရား၏ဂုဏ်တော်များကို ကြည်ညိုစွာ အာရုံပြု၍ ပွားများခြင်း "ဗုဒ္ဓါနုဿတိ ဘာဝနာ" သည်ကား အလွန်ကျေးဇူးများပေသည်-ဟု အားထားကြရန် ဤဝတ္ထုဖြင့် နည်းပြအပ်ပါသတည်း။

(အကျယ်ကို ကေင်္ဂုတ္တရ ဋ္ဌကထာ-ဆ-၃၆၄-မှ ယူပါကုန်။)

## ၆။ မဋ္ဌကုဏ္ဍလီ အတ္ထုပတ္တိ

မြတ်စွာဘုရားပွင့်တော်မူရာ လက်ထက်တော်အခါက သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗက ပုဏ္ဏား၏သား ဖြစ်သော "မဋ္ဌကုဏ္ဍလီ" သတို့သားသည် အနာရောဂါ နှိပ်စက်သဖြင့် နောက်ဆုံး သေရာညောင်စောင်း၌ လျောင်းအိပ်နေရသော အခြေသို့ ရောက်သောအခါ ဘခင် ပုဏ္ဏားကြီးက–ပစ္စည်းဥစ္စာကုန်မည်စိုးသည့်အတွက် ဆေးဆရာများ ပင့်ဖိတ်၍ ကုသခြင်းကိုလည်း မပြုခဲ့သည့်အပြင် လူနာသတင်းမေးလာကြပါက အိမ်တွင်းကပစ္စည်းတွေ လူအများမြင်မှာစိုးသည့်အတွက် အိမ်အပြင်ဘက် အာဠိန္ဒ ဦး မုခ်ဦးဆောင်၌ သား၍ အိပ်စက်နေစေ၏။

မြတ်စွာဘုရားသည် စောစောကပင် ဗုဒ္ဓစက္ခုဖြင့် မဋ္ဌကုဏ္ဍလီသတို့သား၏ ဥပနိဿယကို မြင်တော်မူပြီးသည့်အတိုင်း သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံဝင်တော်မူသောအခါ ပုဏ္ဏား၏အိမ်တံခါးသို့ ရောက်တော်မူ၏။ ထိုခဏ၌ မဋ္ဌကုဏ္ဍလီ သတို့သားသည်ကား အိမ်အတွင်းဘက်သို့ မျက်နှာမူလျက် လျောင်းစက်နေ၏။

ရှင်တော်မြတ်ဘုရားသည် မိမိအား မြင်စေခြင်းငှာ တခုသော ဆောင်တော်ကို လွှတ်၍ ပြတော်မူ၏။ မဋ္ဌကုဏ္ဍလီ သတို့သားသည် ဤအရောင်ကား အဘယ်သို့သောအရောင်ပါနည်း-ဟု အပြင်သို့ လှည့်၍ စောင်းလိုက်သည့်အတွက် မြတ်စွာဘုရားကို မြင်တွေ့ရသောအခါ....

"အော်....ငါသည်ကား ဘခင်မိုက်ကို မှီခိုနေရသည့်အတွက် ဤသို့သော မြတ်စွာဘုရားကိုဆည်းကပ်၍ ကိုယ်တိုင်ပြုဖွယ်ကိစ္စကို ပြုလုပ်ဖို့ အလှူ ပေးလှူဖို့ တရားနာဖို့ မရခဲ့ပေ၊ ယခုမူကား ငါ၏ လက်တွေကိုလည်း အစိုးမရတော့ပြီ၊ ရှိတင် ဦးချ၍ ဖူးမျှော်ကန်တော့ခြင်းကိုလည်း မပြုနိုင်တော့ပြီ" ဟု ဆင်ခြင်ပြီးလျှင် မြတ်စွာဘုရားကို အာရုံပြုလျက် စိတ်ကိုသာလျှင် ကြည်ညိုစေတော့၏။

ဣဒါနိ မေ ဟတ္ထာပိ အနဓိပတေယျာ၊ အညံ
ကတ္တဗ္ဗံ နတ္ထိတိ မနမေဝ ပသာဒေတိ။

ဣဒါနိ၊ ယခု။ မေ၊ ငါ၏။ ဟတ္ထာပိ၊ လက်တို့သည်လည်း။ အနဓိပတေယျာ၊ အစိုးမရကုန်ပြီ။ အညံ၊ တပါးသော။ ကတ္တဗ္ဗံ၊ ပြုဖွယ်သည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ မနမေဝ၊ စိတ်ကိုသာလျှင်။ ပသာဒေတိ၊ ကြည်ညိုခြင်းကို ဖြစ်စေ၏။

မြတ်စွာဘုရားသည် မဋ္ဌကုဏ္ဍလီသတို့သားအား ဤမျှလောက် ငါဘုရားအား စိတ်ကိုကြည်ညိုစေရုံဖြင့် အကျိုးရှိပြီ၊ သင့်တော်ပြီ-ဟု ဆင်ခြင်၍ ဖဲခွာ ကြွသွားတော်မူ၏။

မဋ္ဌကုဏ္ဍလီ သတို့သားသည်ကား မြတ်စွာဘုရားကို ဖူးမြင်နေရသည့် အာရုံ ကွယ်ပျောက်သွားသော်အခါ ဘုရားမြတ်စွာ၌ ကြည်ညိုသောစိတ်ဓာတ် ရှိသည်ဖြစ်၍ စုတေ ပျက်ကြွေ သေရလေသော် အိပ် သော ယော ကျ်ား နိုး သော အ လား ကဲ့သို့ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ ဖြစ်လေ၏။

ထိုနောက် ဘခင်ပုဏ္ဏားကြီးသည် အကြောင်းအားလျော်စွာ ရဟန်းသံဃာတော် အခြံအရံနှင့်တကွ မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးရန် အိမ်သို့ ပင့်ဆောင်၍ ဆွမ်းကပ်ခြင်း, ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ မြတ်စွာဘုရားအပါးသို့ ချဉ်းကပ်လျက် ပြဿနာ မေးလျှောက်၏။

"အရှင်ဂေါတမ-အရှင်တို့အား အလှူဒါနကို မပေးပဲ, ပူဇော်သက္ကာရကို မပြုပဲ, တရားတော်ကို မနာရပဲ, ဥပုသ်သုံးခြင်းကို မပြုပဲ သက်သက် စိတ်ဖြင့် ကြည်ညိုရုံမျှဖြင့်သာလျှင် နတ်ရွာ၌ ဖြစ်ပါသလော" ဟု မေးလျှောက်၏။

"ပုဏ္ဏား-အဘယ်ကြောင့် ငါ့အား မေးဘိသနည်း? ၊ သင်၏ သား မဋ္ဌကုဏ္ဍလီသည် ငါဘုရား၌စိတ်ကြည်ညိုရုံမျှဖြင့် နတ်ပြည်၌ ဖြစ်ရကြောင်းကို သင့်အား ပြောကြားသည် မဟုတ်ပါလော" ဟု မိန့်တော်မူ၏။

ထိုနောက် အမျိုးမျိုး ပုဏ္ဏား မေး လျှောက် ချက် တွေ ကို ထင်ရှားစေလိုသည့်အတွက် မြတ်စွာဘုရားသည် "မဋ္ဌကုဏ္ဍလီ နတ်သား-ဗိမာန်နှင့်တကွ ငါဘုရားထံ လာခဲ့စေသတည်း" ဟု အဓိဋ္ဌာန်တော် မူလိုက်၏။ အဓိဋ္ဌာန်တော်အတိုင်း မဋ္ဌကုဏ္ဍလီ

နတ်သားသည် ဗိမာန်နှင့်တကွ လာရောက်၍ ရှင်တော်မြတ်အထံ ချဉ်းကပ်မိသောအခါ....

ဒေဝ မဟာနုဘာဝ၊ — တန်ခိုးကြီးသော နတ်သား။
တံ — သင့်ကို။
ပုစ္ဆာမိ၊ — ငါမေးအံ့။
မနုဿဘူတော — လူ့ဘဝ လူဖြစ်စဉ်က။
ကိံ ပုညံ၊ — အဘယ် ကောင်းမှုကုသိုလ်ကို။
အကာသိ၊ — ပြုကျင့်ခဲ့သနည်း။

ဤသို့ မြတ်စွာဘုရားက မေးသောအခါ....

ဘန္တေ၊ — အရှင်မြတ်ဘုရား။
မေ၊ — ဘုရားတပည့်တော်၏။
အယံသမ္ပတ္တိ၊ — ဤ နတ်စည်းစိမ်ကို။
တုမှေသု၊ — အရှင်မြတ်တို့၌။
မနံ၊ — စိတ်ကို။
ပသာဒေတွာ၊ — ကြည်ညိုစေ၍။
လဒ္ဓါ၊ — ရခဲ့ပါသည် အရှင်ဘုရား။

ဤသို့ နတ်သားက လျှောက်ထားသောအခါ....

တေ-တယာ၊ — သင်သည်။
မယိ၊ — ငါဘုရား၌။
မနံ၊ — စိတ်ကို။
ပသာဒေတွာ၊ — ကြည်ညိုစေ၍။
လဒ္ဓါ၊ — ရခဲ့သည် မှန်ရဲ့လား။

မြတ် (၁၁)

ဤသို့ မြတ်စွာဘုရား မေးသောအခါ....

အာမဘန္တေ၊ – မှန်ပါကြောင်း ဘုရား။

ဤသို့ ပြန်ကြား လျှောက်ထား၏။

ပုံ့မှုပို ထင်ရှားအောင် မြတ်စွာဘုရားသည် မဂ္ဂဒေကုဏ္ဍလီနတ်သားနှင့် အမေးအဖြေ ပြုလုပ်ပြီး ရှင်းပြချက်ကို ကြားနာကြရသောအခါ ပရိသတ်အပေါင်းတို့သည် မဂ္ဂဒေကုဏ္ဍလီနတ်သားကို ကြည့်ကြပြီးလျှင်....

"အချင်းတို့-မြတ်စွာဘုရား၏ ဂုဏ်တော်များသည် အလွန်အံ့သြ၊ အလွန်ကြည်ညိုဖွယ် ဖြစ်ပေစွတကား၊ အဒိန္နပုဗ္ဗကပုဏ္ဏား၏သားသည် တစ်စုံတခုသော ကောင်းမှုကုသိုလ်ကို ပြုလုပ်ခဲ့ခြင်း မရှိပဲလျက် မြတ်စွာဘုရား၌သာလျှင် စိတ်ကိုကြည်ညိုစေ၍ ဤသို့ သဘောရှိသော နတ်စည်းစိမ်ကြီးကို ရပေ၏" ဟု နှစ်သက်ဝမ်းမြောက်စွာ ပြောကြ၊ ဆိုကြ၊ အံ့သြကြ၊ ချီးမွမ်းကြကုန်၏။

> မဟာဇနော ဒေဝပုတ္တံ ဒိသွာ လောကေတွာ အစ္ဆရိယာ
> ဝတ ဘော ဗုဒ္ဓဂုဏာ၊ အဒိန္နပုဗ္ဗ ဗြာဟ္မဏဿနာမ
> ပုတ္တော ၁ အညံ ကိဉ္စိ ပုညံ အကတွာ သတ္ထရိ မနံ
> ပသာဒေတွာ ဧဝရူပံ သမ္ပတ္တိံ ပဋိလဘတီတိ တုဋ္ဌိံ
> ပဝေဒေသိ။

မဟာဇနော၊ လူများအပေါင်းသည်။ ဒေဝပုတ္တံ၊ နတ်သားကို။ ဩလောကေတွာ၊ ကြည့်၍။ ဘော၊ အချင်းတို့။ ဗုဒ္ဓဂုဏာ၊ ဘုရားဂုဏ်တော်တို့သည်။ အစ္ဆရိယာ ဝတ၊ အလွန်အံ့ဖွယ် ရှိကုန်စွတကား။ အဒိန္နပုဗ္ဗ ဗြာဟ္မဏဿနာမ၊ အဒိန္နပုဗ္ဗ မည်သော

ဉ္ဆာား၏။ ပုတ္တော၊ သားဖြစ်သော မင္ဂလသုတ်သည်။ အညီ၊ ဘပါးသော။ ကိဋ္ဌ ပုညံ၊ တစုံဘခုသော ကောင်းမှုကုသိုလ်ကို။ အကတွာ၊ မပြုခဲ့မူ၍။ သတ္တရိ၊ မြတ်စွာဘုရား၌။ မနံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ ဧဝ ရူပံ၊ ဤသို့ ခမ်းနားကြီးကျယ် သော။ သမ္ပတ္တိံ၊ နတ်စည်းစိမ်ကို။ ပဋိလဘတိ၊ ရပေ၏။ ဣတိ၊ ဤသို့။ တုဋ္ဌိံ၊ နှစ်သက်ဝမ်းမြောက်သော စကားကို။ ပဝေဒေသိ၊ ပြောကြား ချီးမွမ်းကြပြီ။

ဤ မင္ဂလသုတ်ဝတ္ထုကို လေးနက်စွာအာရုံပြု၍ စဉ်းစားကြ ပါလျှင် ဘုန်းတော်သခင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော်များကို အာရုံပြုခြင်း, ကြည်ညိုခြင်း, ပွားများခြင်း အမှုသည်ကား -- အလွန်အလွန် အဖိုးထိုက်တန်သော အရာ ဖြစ် ကြောင်းကို စဉ်းစားတိုင်း အားကိုးစရာဖြစ်ကြလိမ့်မည်။ နိဗ္ဗာန် မရောက်မီအကြား ဒုဂ္ဂတိဘဝက လွတ်ကင်းကြပြီးလျှင် သုဂတိ နတ်ဘုံသို့ ကောင်းကင်းသော ရောက်စေနိုင်သော "ဗုဒ္ဓါနုဿတိ ဘာဝနာ" ကုသိုလ်ကို စိတ်တွင် မြဲမြဲ အာရုံစွဲ၍ မလွှဲမသွေ အားထုတ်နိုင်ကြပါစေ-ဟု သတိပေးအပ်ပါသတည်း။

(အကျယ်ကို မွေ့ဒ အဋ္ဌကထာ - ဇမ္ဗူ့ မိတ်ဆွေရိုက်၊ ပထမ-မင္ဂလသုတ် ဘွဲ့-၂၅-မှာ ယူပါကုန်။)

( ) ဓမ္မာစေသာကမင်း ဘွဲ့ကုပ္ပတ္တိ

မြတ်စွာဘုရား၏ မုက္ခပါဌ်တော်ဖြစ်သော ခမ္မက္ခန္ဓာအပေါင်း ရှစ်သောင်း လေးထောင်တို့ကို ရည်မှန်း၍ သိရိဓမ္မာသောက

မင်းကြီးသည် စေတီတော်ပေါင်း ရှစ်သောင်း လေးထောင်နှင့် ကျောင်းပေါင်း ရှစ်သောင်း လေးထောင်တို့ကို တည်ထား ဆောက်လုပ်စေခြင်းကိစ္စ အပြီးသို့ ရောက်သည်ဖြစ်၍ ပူဇော်ပွဲ ပြုလုပ်ရန် စီမံခင်းကျင်းကြသောအခါ—

ရှင်ဥပဂုတ်စသောရဟန္တာအပေါင်းတို့သည်ကြံစည်ကြကုန်၏။ "မင်းကြီးသည် သူပြုအပ်သော ရှစ်သောင်းလေးထောင်သော ကောင်းမှုအလုံးစုံတို့ကို အကုန်မြင်သည်ရှိသော် ဘုရားသာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုခြင်း ဖြစ်လတ္တံ့" ဟုကြံ၍ မိမိတို့ရသောစျာန်ကို ဝင်စားပြီးလျှင် "ဣဒ္ဓိဝိဓ အဘိညာဉ်" ဖြင့် အရပ်ထက်ဝန်းကျင် မင်းလှင်မြူမြေး ညစ်ကြေး ကုန်ကင်း၍ အကြွင်းမဲ့ မြင်စေတတ်သော "လောကဝိဝရဏ" မည်သော တန်ခိုးပြာဋိဟာကို ပြတော်မူကုန်၏။

ဓမ္မာသောကမင်းကြီးသည် အသောက ကျောင်းတော်ကြီး၏ အထက်၌ ရပ်လျက်ပင်လျှင် ထက်ဝန်းကျင်သောအရပ်မျက်နှာကို ရှုမျှော်သော်-သမုဒ္ဒရာ အပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကျွန်း အလုံးကိုရင်း, ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော စေတီ ကျောင်းတို့ကိုရင်း လက်ဝါးပြင်တွင် တင်၍ကြည့်သကဲ့သို့ မြင်တော်မူသော်-အတိုင်းထက်အလွန်နှစ်သက် ဝမ်းမြောက်ခြင်းရှိ သည်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရအပ်သော မင်းစီးစိမ်ဖြင့် ပူဇော်တော်မူ၏။

ထိုနောက်မှ သရီရဓာတ် စေတီတော်မြတ်ကို "ပရမတ္ထဒါန" ဖြင့် ပူဇော်ခြင်းငှာ မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့် ရစ်၍ နံ့သာဆီ၌

နှစ်ပြီးမှ မီးထွန်းလျက် ပူဇော်၏။ ထိုဆီမီးလျှံသည် ခုနစ်ယူဇနာ မျှလောက်သော ကောင်းကင်သို့ တက်လေ၏။

မင်းကြီးသည်လည်း "ဣတိပိ သော ဂ ဝါ" အစရှိသော ဂုဏ်တော်ကို အစဉ်အောက်မေ့လျက်နှစ်သက်ခြင်း ပီတိအဟုန်ဖြင့် မတုန်မလှုပ် နေတော်မူရကား-မီးလျှံသည် ကိုယ်တော်၏ဖောက် ပြန်ခြင်းကို တစုံတခုမျှ မဖြစ်စေပဲ စန္ဒကူးဖြင့် လိမ်းကျံသကဲ့သို့ ချမ်းမြေ့သည်သာဖြစ်၏။

ဤကဲ့သို့ ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးမှ နံ့သာရေဖြင့် ချိုး၍ တန်ဆာဆင်ယင်ပြီးသော် မှူးတော်,မတ်တော်အပေါင်းခြံရံလျက် လက်ျာရစ်သုံးပတ်လည်၍ စေတီတော်ကိုပူဇော်ပြီးမှ သံဃာတော် တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကိုနာပြီးသော် နန်းတော်သို့ ပြန်လေ၏။

ဤသာဓကကို ထောက်ဆပါလျှင် ဗုဒ္ဓဂုဏ်တော်၌ မတုန်မလှုပ် အဟုတ်အဟတ် သက်ဝင်ယုံကြည်သော သဒ္ဓါပသန္နဖြင့် ပြုလုပ် သော ကိစ္စမှန်လျှင် လက်ငင်းပင် အန္တရာယ်ကင်းကြောင်း ဒိဋ္ဌသိရ သောကြောင့် တမလွန်၌ ရလတ္တံ့ဖြစ်သော ကောင်းကျိုးချမ်းသာ အဘက် ယုံမှားစရာ မရှိ-ဟု ယူဆကြရန်ဖြစ်၏။ ထို့ကြောင့် အကျိုးပေး မြင့်မြတ်သော "ဗုဒ္ဓါနုဿတိ ဘာ ဝ နာ" ကို အားထားကြ,ပွားများကြပါကုန် ဟု တိုက်တွန်းအပ်ပါသတည်း။
( မဟာဝင် ဝတ္ထုတော်ကြီး-ပ-၁၅ဝ-မှာ ယူပါကုန် )

## (ဂ) ပါလိလေယျဆင်မင်း အတ္ထုပ္ပတ္တိ

သုံးလောကမကိုင်ရ ဦးတိုက်ရာ ဖြစ်တော်မူသော ငါတို့မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်မှ ဆယ်ဝါမြောက်သော အခါ၌ ပါလိလေယျက ဆင်မင်းသည် စောင့်ရှောက်အပ်သော ပါလိလေယျက တောအုပ်၌ အလုပ်အကျွေး ရဟန်းသံဃာ နောက်လိုက်မပါမူ၍ တပါးတည်း ဝါကပ် သီတင်းသုံးတော်မူ၏။

ထိုအခါ ပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုသော သဒ္ဓါပသန္န ရှိသည်ဖြစ်၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အရပ်၌—

(၁) တမျက်လှဲခြင်း၊

(၂) ရေပူရေချမ်း ဆက်ကပ်ခြင်း၊

(၃) ဆွမ်းခံ ကြွတော်မူသောအခါ သပိတ်တော်ကို ယူဆောင်၍ ပို့ခြင်း၊

(၄) ဆွမ်းခံပြန်ခဲ့သော် ခရီးဦးကြိုဆိုခြင်း၊

(၅) ခြေဆေးရေစသည်တို့ကို ပြည့်စုံအောင်တည်ထားခြင်း၊

(၆) ညဉ့်အခါ၌မူကား– တုတ်လုံးကိုကိုင်၍ ဘုရားရှင်၏ ပတ်ဝန်းကျင်၌ ဘေးအန္တရာယ် မရှိစေရန် စောင့်ရှောက်ခြင်း၊

(၇) တော၌ဖြစ်သောငှက်ပျော ပိန္နဲစသော သစ်သီးများကို ရှာဖွေ၍ ဆက်ကပ်ခြင်း စသည်ဖြင့် လူများကဲ့သို့ ဗုဒ္ဓဝေယျာဝစ္စ အားလုံးကို ကျေပြွန်စွာ လုပ်ကိုင်၍ တဝါတွင်းပတ်လုံး မြတ်စွာဘုရားအား လုပ်ကျွေး ပြုစုလုပ်ကျွေးနေ၏။

ဝါလကျွတ်သောအခါ အရှင်အာနန္ဒာ အမှူးရှိသော ရဟန်းတော်များ မြတ်စွာဘုရားအထံ ဆည်းကပ်လာကြသောအခါ၌ ပြုစုလုပ်ကျွေးသူ မရှိပဲ တောထဲ၌ တပါးတည်း သီတင်းသုံးတော်မူရမည့် ထင်ကြောင်းကို လျှောက်ထားကြသောအခါ—

ဘိက္ခဝေ ပါလိလေယျကဟတ္ထိနာ မမသဥ္ဇကိစ္စာနိ ကတာနိ။

ချစ်သားတို့ပါလိလေယျကဆင်သည် ငါဘုရား၏ ကိစ္စကြီးငယ် အသွယ်သွယ်ကိုလိုလေသေး မရှိရအောင် အားလုံးပင် ရွက်ဆောင် ပြုစုလျက်ရှိကြောင်း အမိန့်ရှိတော်မူ၏။

ထိုနောက် အနာထပိဏ်သဌေး အစရှိသော ငါးကုဋေမျှ ကုန်သော အရိယာသာဝကအပေါင်းတို့ လျှောက်ထားပင့်ဖိတ်ခြင်းကို သည်းခံတော်မူ၍ ပါလိလေယျက တောအုပ်မှ ထွက်ခွာလာသောအခါ ပါလိလေယျက ဆင်မင်းသည်လည်း မြတ်စွာဘုရားနှင့် အတူလိုက်ပါခဲ့၍ ရွာ၏ဥပစာအရပ်သို့ ရောက်လေလျှင် ပါလိလေယျက "ဤနေရာကစ၍ သင်လိုက်သင့်သော နေရာမဟုတ်တော့ဘူး၊ လူတို့နေရာအရပ်ဖြစ်၍ ဘေးအန္တရာယ်ရှိသည် သည်နေရာကပင် နေခဲ့ပေတော့" ဟူ၍ မြတ်စွာဘုရား မိန့်တော်မူ၏၊

ထိုအခါ ပါလိလေယျက ဆင်မင်းသည် ငိုကြွေးလျက် ရပ်ကာနေခဲ့ပြီးသည်နောက် မြတ်စွာဘုရားကို မမြင်ရသောအခါ နှလုံးကွဲ၍ စုတေ သေလွန်ပြီးလျှင် မြတ်စွာဘုရား၌ ကြည်ညိုလှသော ပသန္နစေတနာကြောင့် တာဝတိံသာနတ်ဘုံ၌ ယူဇနာသုံးဆယ်

ရှိသော ရွှေဗိမာန်၌ နတ်သမီးအခြွေအရံ တထောင်တို့အလယ်၌ ပါလိလေယျက နတ်သား-ဟူ၍ ထင်ရှားစွာ ဖြစ်လေ၏။

သော ရောဒမာနော ဌတွာ သတ္ထရိ စက္ခုပထံ
ဝိဇဟန္တေ ဟဒယေန ဖလိတေန ကာလင်္ကတွာ
သတ္ထရိ ပသာဒေန တာဝတိံသ ဘဝနေ တိံသ
ယောဇနိကေ ကနက ဝိမာနေ အစ္ဆရာ သဟဿ
မဇ္ဈေ နိဗ္ဗတ္တိ၊ ပါလိလေယျက ဒေဝပုတ္တော
တွေဝဿ နာမံ အဟောသိ။

သော၊ ထိုပါလိလေယျက ဆင်မင်းသည်။ ရောဒမာနော၊ ငိုကြွေးလျက်၊ ဌတွာ၊ ရပ်နေခဲ့၍။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ စက္ခုပထံ၊ မျက်စေ့ဖြင့် မြင်လောက်သော ခရီးကို။ ဝိဇဟန္တေ၊ စွန့်သည်ရှိသော်။ ဟဒယေန ဖလိတေန၊ နှလုံးပြိုကွဲသဖြင့်။ ကာလင်္ကတွာ၊ စုတေ၍။ သတ္ထရိ၊ မြတ်စွာဘုရား၌။ ပသာဒေန၊ ကြည်ညိုခဲ့ခြင်းကြောင့်။ တာဝတိံသ ဘဝနေ၊ တာဝတိံသာ နတ်ဘုံ၌။ တိံသ ယောဇနိကေ၊ ယူဇနာသုံးဆယ်ရှိသော။ ကနက ဝိမာနေ၊ ရွှေဗိမာန်၌။ အစ္ဆရာ သဟဿမဇ္ဈေ၊ နတ်သမီး တထောင်တို့အလယ်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ အဿ၊ ထိုနတ်သား၏။ ပါလိလေယျက ဒေဝပုတ္တောတွေဝ၊ ပါလိလေယျက နတ်သား ဟူ၍သာလျှင်။ နာမံ၊ အမည်သည်။ အဟောသိ၊ ဖြစ်ပြီ။

ဤဝတ္ထု၌ ပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးခဲ့သော တပါးသော ကုသိုလ်စေတနာတွေ ရှိခဲ့သော်လည်း ၎င်းစေတနာတို့သည်ကား-အခြံအရံ အထောက်

အပ္ပံသာ ဖြစ်၏။ "သတ္တရိ ပသာဒေန" ဟူသော အကြောင်း ပုဒ်ဖြင့် တိုက်ရိုက်ပြသောကြောင့် မြတ်စွာဘုရား၌ ယုံကြည်သဒ္ဓါ ကြည်ညိုရှာသော ပသန္နစေတနာအရင်းခံကြောင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရကြောင်း မှတ်ရမည်။

ထို့ကြောင့် ဓမ္မသာမိ မုနိပုင်္ဂဝ သမ္ဗုဒ္ဓမြတ်စွာ စောသတ္ထာအား လေးစားကြည်ယုံသဒ္ဓါဟုန် ဟက်ကြွစေလျက်လေးနက်စွာ ဆည်းကပ်ကြ အာရုံပြုကြ စေလိုသည်အတွက် အမျိုးမျိုးသော သာဓကများဖြင့် ထုတ်ဖော်ညွှန်ပြပြီး နည်းပေးရပါသတည်း။ ( အကျယ်ကို ဓမ္မပဒ အဋ္ဌကထာ ပထမ ကောသမ္ဗိဝတ္ထုမှာ ယူပါကုန်။ )

## (၉) ခင်ပုတ်ငှက် အတ္ထုပ္ပတ္တိ

ဘုန်းတော်သခင် ဘုရားရှင်သည် ဝေဒိယကတောင် ဣန္ဒသာလလိုဏ်၌ သီတင်းသုံးတော်မူ၏။ ထိုအခါခင်ပုတ်ငှက်တကောင်သည် မြတ်စွာဘုရား ဆွမ်းခံရွာသို့ ဝင်တော်မူသည်ရှိသော် ခရီးဘဝက်လိုက်၍ ပို့၏၊ ဆွမ်းခံရွာမှ ပြန်ကြွလာသောအခါမှာလည်း ခရီးဘဝက်က ခရီးဦးကြိုဆိုလျက် နေ့စဉ် ဝတ်ပြုလျက်နေ၏။

တနေ့သောအခါ ထိုခင်ပုတ်ငှက်သည် ညချမ်းအခါ၌ ရဟန်းသံဃာအပေါင်း ခြံရံလျက် တင့်တယ်စွာ သီတင်းသုံးစံပယ်တော်မူသော မြတ်စွာဘုရားကို တောင်ပေါ်မှ သက်ဆင်း၍ ရှိခိုးပြီးလျှင် အတောင်နှစ်ဘက်ကို ယှက်ကာ ညွတ်ကိုင်းလျက် လက်အုပ်ချီ၍ ဦးခေါင်းကို အောက်စိုက်ထားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက်နေ၏။

မြတ်စွာဘုရားသည် ထိုခင်ပုတ်ငှက်ကို မြင်တော်မူ၍ ပြုံးတော်မူသောအခါ အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကို ထင်ရှားစွာ မိန့်တော်မူပါ ဘုရား-ဟု လျှောက်ထား တောင်းပန်သောအခါ -

ချစ်သားအာနန္ဒာ- ဤခင်ပုတ်ငှက်ကို ကြည့်စမ်း၊ ငါဘုရား၌၎င်း၊, ရဟန်းသံဃာအပေါင်း၌၎င်း စိတ်ကို ကြည်ညိုစေ၏။ ငါဘုရားနှင့်တကွ သံဃာအပေါင်းအား ကြည်ညိုသော သဒ္ဓါ-ပသန္န စေတနာကြောင့် ကမ္ဘာ တသိန်းပတ်လုံး နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်၍ သုဂတိချမ်းသာကို ခံစားရပြီးလျှင် နောင်သောအခါ "သောမနဿ" အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်-ဟု ဗျာဒိတ်ကြားတော်မူ၏။

အယံ မယိစ ဘိက္ခုသံဃေစ စိတ္တံ ပသာဒေတွာ
သတ သဟဿကပ္ပေ ဒေဝေသုစ မနုဿေသုစ
သံသရိတွာ သောမနဿောနာမ ပစ္စေကဗုဒ္ဓေါ
ဘဝိဿတီတိ အာဟ။

အယံ၊ ဤခင်ပုတ်ငှက်သည်။ မယိစ၊ ငါဘုရား၌၎င်း။ ဘိက္ခုသံဃေစ၊ ရဟန်းသံဃာ၌၎င်း။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေသောကြောင့်။ သတ သဟဿကပ္ပေ၊ ကမ္ဘာတသိန်းတို့ပတ်လုံး။ ဒေဝေသုစ၊ နတ်ပြည် တို့၌၎င်း။ မနုဿေသုစ၊ လူ့ပြည်တို့၌၎င်း။ သံသရိတွာ၊ ကျင်လည် ကူးပြောင်းပြီး၍။ သောမနဿော နာမ၊ သောမနဿ အမည်ရှိသော။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ဤ၀တ္ထုဖြင့် ဒုဂ္ဂတိဘုံသား အဟိတ်တိရစ္ဆာန် ဖြစ်သော ငှက်သတ္တ၀ါပင် ဖြစ်သော်လည်း မြတ်စွာဘုရား၌ ယုံကြည်စွာ ကြည်ညိုတတ်သော ပသန္နစေတနာအတွက် ကြီးမြင့်သော အကျိုးရှိပုံကို သိကြပါသဖြင့် "သဟိတ်" ဖြစ်သော သုဂတိဘုံသား အသိဉာဏ်ရှိသောလူတို့သည် မြတ်စွာဘုရား၏ ဂုဏ်တော်အာရုံ၌ စူးစိုက်စွာသိတတ်သော အသိဉာဏ်ဖြင့် အာရုံပြုကာ ကြည်ညိုတတ်ပါမူကား.... အလွန်အလွန် ကြီးမားမြင့်မြတ်သော အကျိုးကို မုချရနိုင်ကြမည် ဟု ယုံကြည်စွာ အားထုတ်ကြရန် သာဓကဆောင်၍ တိုက်တွန်းအပ်ပါသတည်း။

## ၁၁။ ဒါရုသာကဋိက ၀တ္ထု

ရှင်တော်မြတ်ဘုရား လက်ထက်တော်က ရာဇဂြိုဟ်ပြည်သား "ဒါရုသာကဋိက" အမည်ရှိသော သတို့သားကလေးသည် "နမော ဗုဒ္ဓဿ" ဟူသော ဗုဒ္ဓါနုဿတိ ဘာ၀နာကို များစွာ အလေ့အလာပြုလျက် မပြတ်ရွတ်ဆိုကာ အလေ့အကျင့်ပြုလျက် နေ၏။

တနေ့သောအခါ ဘခင်ဖြစ်သူက သားငယ်ကို ခေါ်ဆောင်၍ လှည်းဖြင့် သွားကြပြီးနောက် ပြန်လာသောအခါ သုသာန်အနီး၌ စခမ်းချ၍ နွားများကို လွှတ်ထားပြီးလျှင် ထမင်းစားသောက် နေသောအခိုက်၊ နွားတို့သည် အဖော်နွားများနှင့် အတူ မြို့တွင်းသို့ လိုက်ပါသွားကြလေ၏။

ဘခင်လှည်းသမားသည်လည်း နွားလိုက်သွားရင်း မြို့တွင်းသို့ အရောက်သွားရသဖြင့် ပြန်မရောက်မီ မြို့တံခါး ပိတ်နှင့်ပြီဖြစ်၍ သားငယ်ရှိရာသို့ ရောက်အောင် မပြန်နိုင်ဖြစ်၏။ ဒါရုသာကဋိက

သတို့သားကလေးလည်း ဘခင်ကိုစောင့်ရင်း သုသာန်အနီး သုည်းအောက်၌ အိပ်ပျော်လျက်နေ၏။

ထိုအခါ သုသာန်၌နေသော ဘီလူးနှစ်ဦးတို့အနက် မိစ္ဆာဒိဋ္ဌိ ဘီလူးက ဒီသူငယ်ဟာ ငါတို့အစာဖြစ်ပြီ၊ စားကြကုန်အံ့-ဟု ဆိုသောအခါ သမ္မာဒိဋ္ဌိဘီလူးက မပြုလုပ်ထိုက်ကြောင်း ပြော၍ တားမြစ်သော်လည်း နားမထောင်ပဲ သူငယ်၏ခြေကို ဆွဲငင် လိုက်၏။

သူငယ်သည်ကား....ဗုဒ္ဓါနုဿတိဘာဝနာကို အလေ့အကျင့် များထားသည့်အတိုင်း ခြေကို ဆွဲလိုက်သည်နှင့် တပြိုင်နက် "နမောဗုဒ္ဓဿ" ဟူ၍ ရွတ်ဆိုလိုက်၏။

ပြစ်မှားသော မိစ္ဆာဘီလူးသည် အလွန် ကြောက်ရွံ့တုန်လှုပ် သည်ဖြစ်၍ နောက်ဆုတ်ကာ နေလိုက်ရ၏။ ထိုအခါ သမ္မာ ဘီလူးက ငါတို့နှင့် အဘူတကွ နေပါလျက် မလျော်သော အလုပ်ကို သင်လုပ်ချင်လေသည်၊ သို့အတွက် သင့်အား ဒဏ် ထားရမည်-ဟု ကြိမ်းမောင်းသောအခါ မိစ္ဆာ ဘီလူးသည် မနေသာတော့ပဲ မြို့တွင်းသို့ဝင်လျက် မင်းနန်းတော်မှ မင်း၏ စားတော်ခွက်ဖြင့် စားသောက်ဘွယ်များကို ယူပြီးလျှင် သူငယ် အား မိဘတို့က လာ၍ကျွေးမွေးသောအနေဖြင့် ကျွေးမွေးပြုစု ရ၏၊ ဒါရုသာကဋိက သူငယ်သည်ကား ရောင်ရမ်း ရွတ်ဆိုလိုက် သော ဘုရားဂုဏ်တော် တန်ခိုးတော်ကြောင့် ဘီလူးတို့၏ နှိပ်စက်ခြင်းဘေးရန်မှ လွတ်ကင်းလေတော့၏။ (အကျယ်ကို- ခမ္မပဒအဋ္ဌကထာ-ဒု-ဒါရုသာကဋိကဝတ္ထုမှ ယူပါကုန်။)

ဤသာဓကကို ထောက်ဆပါကလည်း အနန္တဂုဏ်တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား “တမ်းတရုံမျှ”ဖြင့်ပင်လျှင် ဘေးရန်ကင်းသော အကျိုးကိုခံစားရကြောင်း သိမှတ်ရသဖြင့် ဗုဒ္ဓါနုဿတိ ဘာဝနာ၏ အားကိုးထိုက်သော အဖြစ်ကို လေးလေးနက်နက် သိမှတ်အပ်ပါသတည်း။

## နောက်ဆုံး တိုက်တွန်းခြင်း ဥယျောဇဥ်

ပြဆိုခဲ့ပြီးသော ပုံစံသက်သေသာဓကတို့သည်ကား များသော အားဖြင့် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော ဗုဒ္ဓကာလကဖြစ်၍ “ဗုဒ္ဓါနုဿတိ ဘာဝနာ” အကျိုးကြီး ကြောင်းကို ညင်းပယ်ရန်မရှိဖြစ်၏။ ယခုမူကား....မြတ်စွာဘုရား သက်တော်ထင်ရှား မရှိသောအခါဖြစ်၍ ဓာတ်တော်, စေတီ တော်, ပုထိုးတော်, ရုပ်ပွားတော်, ပုံတော်များကို အာရုံပြု၍ ဖြစ်သော “ဗုဒ္ဓါနုဿတိ ဘာဝနာ” အတွက် အကျိုးရနိုင် ကြောင်းကို အဘယ်သို့ ယုံကြည်နိုင်ပါအံ့နည်း ဟူသော စောဒနာကို ကြားဖူးရ၏။ အောက်ပါအတိုင်း အဖြေကို သိအပ်၏။

န်ဘှိ စိတ္တေ ပသန္နမှိ၊
အပ္ပကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝ သမ္ဗုဒ္ဓေ၊
အထဝါ တဿ သာဝကေ။ ။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။

စေတောပဏိဓိဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂတိံ။ ။

(၎င်းဒေသနာများကို ဒုတိယပိုင်း စာခေါင်းအမှတ် ၂၄ တွင် အနက်ပါပြခဲ့ပြီ။)

ဤသာဓကအတိုင်း စိတ်စေတနာ သဒ္ဓါတရားသာ မူလ လိုရင်း အကြောင်းရင်း ဖြစ်၏။ စေတနာကသာ အကျိုးပေး ကြောင်း ထင်ရှားသဖြင့် ဗုဒ္ဓဂုဏ်တော်များကို ပွားများသော အခါ သက်တော်ထင်ရှား ဘုရားရှင်နှင့် စိတ်စေတနာ တူအောင် ထားနိုင်ခြင်းသာ ပမာဏဖြစ်ကြောင်း မှတ်ရမည်။

ဘုရားဂုဏ်တော်နှင့် စပ်သော အရာကား စေတနာထား၍ ပွားများခြင်းကို မဆိုထားဘိဦး၊ ရောင်ရမ်း၍ "ဗုဒ္ဓေါ- ဗုဒ္ဓေါ" ဘုရား, ဘုရား-ဟူ၍ ရွတ်ဆိုရုံဖြင့်ပင်လျှင် ဇမ္ဗူဒိပ် တကျွန်း လုံးကို အစိုးရသည်ထက် မြင့်မြတ်သောအကျိုးရှိကြောင်း ညွှန်ပြ သော ဒေသနာတော် ရှိပေသည်။

ထိုကြောင့် "ဘာဝနာနံ အနုတ္တရံ" ဟူ၍ ပြဆိုခဲ့သည့်အတိုင်း အမြတ်ဆုံးဘာဝနာဖြစ်သော ဗုဒ္ဓါနုဿတိ ဘာဝနာကို ကြိုးစား ၍ အားထုတ်ပါကုန်။ ဝိပ္ပတ္တိ ခေတ်ကြီးအတွင်း၌ ဘာသာရေး ဆိုင်ရာ လုပ်ငန်းများကို ယုံကြည်စွာ အားထုတ်သူ နည်းပါးကြ သည်။ ခက်ရာခက်ဆစ်ကို မဆိုထားဘိဦး၊ ဘုရားရှိခိုးကိုပင် မရ သောသူက များနေကြ၍ ဘုရားကိုပင် ရှိမခိုးတတ်၊ သီလကိုပင် ဆောက်တည်ရမှန်း မသိကြသောအခါ ဖြစ်နေကြပြီ။

ထိုကြောင့် ဝိပဿနာလမ်းသို့ ရောက်အောင် မတက်နိုင်စေ ကာမှု လွယ်ကူစွာ ကျင့်နိုင်သော သမထ စခန်းလောက်ကို အားထုတ်မှုပါအောင် ဆွဲဆောင်ရသော အခါဖြစ်၍ ဤကျမ်း ငယ်၌ သမထ ဘာဝနာ လောက်ကို အားထုတ် ဖြစ်အောင် အတန်တန် တိုက်တွန်းခဲ့သည်။ ဗုဒ္ဓါနုဿတိ ဘာဝနာ စခမ်း လောက်ကို စိတ်စိုက်အားထုတ်သော "သုခ ပဋိပဒါ အကျင့်" ကြောင့် ဒုတိယဘဝ၌ ကျိန်းသေ သုဂတိနတ်ဘုံသို့ ရောက်နိုင် ကြောင်းကိုလည်း ပြခဲ့ပြီ။

သုဂတိ နတ်ဘုံသို့ ရောက် ပါက မိမိ အား ထုတ် ခဲ့ သော ဘာဝနာကုသိုလ် အထောက်အပံ့ အားကြီးသော ဥပနိဿယဖြင့် အထက်တန်း ဖြစ်သော မဂ်ဖိုလ် တရားထူးသို့ ဆက်ရောက်နိုင် ကြောင်းကိုလည်း ပြခဲ့ပြီးဖြစ်ပေသည်။

## (၆၁) အဿန္ဒိမိတ္တာ မိဖုရား အတ္ထုပ္ပတ္တိ

နောက်ဆုံးတိုက်တွန်းခြင်း၌ အကြောင်းတိုက်ဆိုက် သက်ဆိုင် သောကြောင့် အဿန္ဒိမိတ္တာ မိဖုရား၏ အတ္ထုပ္ပတ္တိကို တင်ပြဦး မည်။ ဤအတ္ထုပ္ပတ္တိသည်ကား– မြတ်စွာဘုရား သက်တော်ထင် ရှား ရှိတော်မမူသော နောက်မှပင် ဖြစ်သော်လည်း သက်တော် ထင်ရှား ရှင်တော်ဘုရားသို့ ရောက်အောင် အာရုံပြုတတ်, စိတ် စေတနာ ထားတတ်သောကြောင့် လက်ငင်း အကျိုး ခံစားရ သော ဗုဒ္ဓါနုဿတိ ဘာဝနာ စခမ်းပင် ဖြစ်၏၊

မဇ္ဈိမဒေသ ပါဋလိပုတ်ပြည့်ရှင် ဘုရင် သီရိဓမ္မာ သောက မင်းကြီး၏ မိဖုရား အဿန္ဒိမိတ္တာသည် မြတ်စွာဘုရား၏ အသံ

တော်သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ အလွန်သာယာ နာပျော်ဘွယ် ရှိကြောင်း ဟောပြောကြသော တရားစကားကို နာကြားရသောကြောင့် မြတ်စွာ ဘုရား၏ သဒ္ဒါ ရုံတော်ကို ကြားလိုလှ နာလိုလှသော စိတ်ဆန္ဒ ပြင်းပြသည့်အတိုင်း ရဟန်း သံဃာတော်များအား "အရှင်မြတ်တို့ ဘုရား- မြတ်စွာဘုရား အသံတော်နဲ့ တစိတ်တဒေသတူတဲ့ အသံများရှိပါရဲ့လား ဘုရား" ဟု လျှောက်ထား၏။

ထိုအခါ သံဃာတော်များက "တစိတ်တဒေသတူတဲ့ ကရဝိက် ငှက်သံတော့ ရှိလေရဲ့" လို့ မိန့်တော်မူကြသောအခါ ထိုကရဝိက် ငှက်ဟာ ဘယ်အရပ်မှာ ရှိပါသလဲ ဘုရား- ဟု လျှောက်ထား လေလျှင် ဟိမဝန္တာတောမှာ ရှိကြောင်း မိန့်တော်မူကြ၏။

မိဖုရားလည်း အသောက မင်းမြတ်ထံ ချဉ်းကပ် ပြီးလျှင် "အရှင်မင်းမြတ် ကရဝိတ်ငှက်ကို တွေ့မြင်လိုပါတယ်၊ အသံကိုလဲ ကြားလိုပါတယ်" ဟု လျှောက်တင်လေလျှင် မင်းကြီးလည်း ရွှေချိုင့်ကိုစီရင်စေ၍ 'ဤရွှေချိုင့်ဖြင့် ကရဝိက်ငှက်လာရောက်စေ' ဟူ၍ မင်းအာဏာဖြင့် စေလွှတ်လိုက်၏။

ရွှေချိုင့်သည် ဟိမဝန္တာတော ကရဝိတ်ငှက်ရှိရာသို့ သွား ရောက်သောအခါ ကရဝိတ်ငှက်လည်း မင်းအာဏာဖြင့် လာ သောအရာ ဖြစ်သောကြောင့် ရှောင်လွှဲ၍ မပျံဝန့် မသွားဝန့် တော့ပဲ ရွှေချိုင့်အတွင်းသို့ ဝင်ရောက်နေသောအခါ ရွှေချိုင့် လည်း ကရဝိတ်ငှက်ကိုယူဆောင်၍ အသောကမင်းထံသို့အရောက် ပို့ဆောင်ဆက်သရ၏။

နန်းတော်သို့ ရောက်သော ကာလ ကရဝိက်ငှက် အသံ မပြုသဖြင့် မှူးမတ်တို့အား အကြောင်းကို မေးသည်ရှိသော် အမျိုးဇာတ်တူသော ငှက်အပေါင်းအဖော်များကို မတွေ့မမြင်ရ၍ အသံမပြုကြောင်းဖြစ်လိမ့်မည် ဟု တင်လျှောက်ကြသဖြင့် မှန်ကြေးမုံတို့ဖြင့် ဝန်းရံ၍ ပြသလေသော် ကရဝိက်ငှက်သည် မိမိအရိပ်ကို မြင်ရလျှင် ဇာတ်တူ အမျိုးတူ ငှက်များ ရောက်ရှိလာသည် မှတ်ထင်၍ တောင်ပံလေးများကို ငြိမ်းမြောက်စွာ ရိုက်ခတ်လျက် သာယာကြည်နူး အထူးချိုသာသော အသံဖြင့် တွန်သံပေး၍ ကြွေးကျော်လေ၏။

ကရဝိက်ငှက် မြည်သော အသံကို ကြားကြရသော အခါ နန်းတော်အလုံးနှင့်တကွ ပါဠလိပုတ် တမြို့လုံးပင်လျှင် တပါးသောအာရုံကို မပြုနိုင်တော့ဘဲ ငှက်သံဖြင့် ယစ်၍ ကဏ္ဍသုခ ဟဒယရွှင်မြူး အထူးနှစ်သက် ဝမ်းမြောက်ကြလေ၏။

အသန္ဓိမိတ္တာ မိဖုရားသည်ကား- အော်.... တိရစ္ဆာန်ဖြစ်သော ကရဝိက်ငှက်၏ အသံပင် ဤမျှလောက် သာယာနာပျော်ဘွယ်ရှိသေး၏။ သဗ္ဗညုတ ဉာဏ်တော်ဖြင့် တင့်တယ်ခြင်းသို့ ရောက်တော်မူသော မြတ်စွာဘုရား၏ အသံတော်မှာမူကား ဘယ်မျှလောက်ရောက်အောင် ကောင်းပါလိမ့်မည်နည်း၊ သာယာကြည်နူး အထူးကြည်လင်သော အသံတော် ရှိပါလိမ့်မည်နည်း- ဟူ၍ သက်တော်ထင်ရှား ရှင်တော်ဘုရား အထံတော်သို့ရောက်အောင် ကြည်ညိုစွာ မြတ်စွာဘုရား၏ သဒ္ဒါရုံဘော်ကို အာရုံပြု၍ ဆင်ခြင်လိုက်သည်ရှိသော် အလွန်နှစ်သက်သော ပီတိအဟုန် အဖုံဖုံ တဖွားဖွား မြောက်မြားစွာ ပေါ်ထွက်လာပြီးလျှင် ၎င်းပီတိ

အဟုန် မကုန်မပျောက်သေးမီ သွားဖော်လာဘက် နှစ်သက်ချင်းတူစွာဖြစ်သော ရုံရွေဖော် ခုနစ်ရာတို့နှင့်တကွ သောတာပတ္တိမဂ်လမ်းသို့ တက်လှမ်းဝင်ရောက်ရသည့်ဖြစ်သတည်း။

အသန္ဓိမိတ္တာ စိန္တေသိ၊ ဣမဿ တာဝ တိရစ္ဆာ-
နဂတဿ ဝေံ မဓုရော သဒ္ဒေါ၊ ကီဒိသော နုခေါ
သဗ္ဗညုတညာဏသိရိပတ္တဿ ဘဂဝတော သဒ္ဒေါ
အဟောသိတိ ပီတိံ ဥပ္ပါဒေတွာ တံပီတိံ
အဝိဇဟိတွာ သတ္တဟိ ဇင်္ဃသတေဟိ သဒ္ဓိံ
သောတာပတ္တိဖလေ ပတိဋ္ဌာသိ။*

အသန္ဓိမိတ္တာ၊ အသန္ဓိမိတ္တာ မိဖုရားသည်။ စိန္တေသိ၊ ကြံစည်မိလေပြီ။ တိရစ္ဆာနဂတဿ၊ တိရစ္ဆာန်ဖြစ်သော ကရဝိက်ငှက်၏။ သဒ္ဒေါ၊ အသံသည်။ ဝေံ၊ ဤသို့။ မဓုရော တာဝ၊ သာယာနာပျော်ဘွယ်ရှိသေး၏။ သဗ္ဗညုတညာဏ သိရိပတ္တဿ၊ သဗ္ဗညုတဉာဏ်ဖြင့် တင့်တယ်ခြင်းသို့ ရောက်တော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သဒ္ဒေါ၊ အသံတော်သည်။ ကီဒိသော၊ အဘယ်မျှလောက် ကောင်းသည်။ အဟောသိနုခေါ၊ ဖြစ်ပါလိမ့်မည်နည်း။ ဣတိ၊ ဤသို့။ ပီတိံ၊ နှစ်သက်ခြင်းပီတိကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တံပီတိံ၊ ထိုပီတိကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ သတ္တဟိ ဇင်္ဃသတေဟိ၊ ခြေကျင်သွားဘက်၊ နှစ်သက်ချင်းတူစွာ ခုနစ်ရာသော ရုံရွေဖော်တို့နှင့်။ သဒ္ဓိံ၊ တကွ။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေပြီ။

---

*သုတ်မဟာဝါ. အဋ္ဌကထာ-ဆ-၄၄။

ဤအတ္တုပ္ပတ္တိကို ဆင်ခြင်ကြပေတော့၊ မြတ်စွာဘုရား သက်တော်ထင်ရှား မရှိသော်လည်း သက်တော်ထင်ရှား ဘုရားရှင်နှင့်တူစွာ အာရုံပြုနိုင် စေတနာထားနိုင်ပုံကသာ လိုရင်းကျကြောင်း သိမှတ်ကြရပါပြီ။ မြတ်စွာဘုရား ထင်ရှားရှိတော်မူတာ မဟုတ်တော့ အကျိုးထူး မရနိုင်ပါဘူး-ဟူသော တွေးတောမှုကို ပယ်ဖျက်ကြပြီးလျှင် စိတ်စေတနာ သဒ္ဓါတရား တူအောင်ထား၍ ဗုဒ္ဓါနုဿတိ ဘာဝနာတရားကို လေးလေးစားစား ပွားများ အားထုတ်ကြပါကုန်-ဟူ၍ နောက်ဆုံး နိဂုံးချုပ်အနေဖြင့် အထပ်ထပ် တိုက်တွန်းအပ်သည် ဖြစ်ပါသတည်း။

နောက်ဆုံး တိုက်တွန်းခြင်း ဥယျောဇဉ်နှင့်တကွ

စတုတ္ထပိုင်းပြီးပြီ။

# ဒိဂမကာထာ

(က) အာစေရေဟိ သုဒိန္နေန၊
နာမေန သြသဓေန ယံ။
ဝိဂတမတိ နယေန၊
ဥပဒေသေန ကာရိတံ။ ။

(ခ) ကိဋ္ဌာပိ သမ္မုဋ္ဌဌာနံ၊
သစာတ္ထိ ပန တတ္ထ တံ။
အာကာရံ အနုပေက္ခန္တာ၊
ဝိဒ္ဒါ သောဓေန္တု ယာစနာ။ ။

(ဂ) သက္ကရာဇေ ဘဒ္ဒဇာတေ၊
ပတ္တေ အဿယုဇေ ကတံ။
အာဒိစ္စမှိ ဇုဏှေ ကာဠေ၊
ယံသတ္ထံ နိဋ္ဌိတံ မယာ။ ။

(ဃ) တေန ပုညေန အမှေဟိ၊
သဟော၀ ရဋ္ဌကာ ဇနာ။
သုခယန္တု သုမဟေန္တု၊
သာသနံ ဗုဒ္ဓဘာသိတံ။ ။

(င) ဣစ္ဆိတိစ္ဆိတာ သုခမ္မာ၊
သမိဇ္ဈန္တု သုပတ္ထနာ။
ရာဇာ ရက္ခတု ဓမ္မေန၊
သမ္မာ ဒေဝေါ ပဝဿတူတိ။ ။

(က) အာစေရေပဟိ၊ ဆရာမြတ်တို့သည်။ သုဒိန္နေန၊ ကောင်းစွာ မှည့်အပ်သော။ နာမေန၊ သွဲ့ အမည်အားဖြင့်။ ဩသခေန၊ အသျှင်ဩသဓ နာမမည်တွင် ထေရ်အသျှင်သည်။ ဝိဂတမတိနယေန၊ အတ္တနောမတိ ကင်းသောနည်း-ဟု ဆိုအပ်သော။ ဥပဒေသေန၊ သုတ္တ သုတ္တာ နုလောမ အာစရိယဝါဒ-ဟု ဆိုအပ်သော သုံးမျိုးသော ပိဋက စည်းမျဉ်းဖြင့်။ ယံသတ္တံ၊ ဓာတုပ္ပဇ္ဇက နာမမည်ဆန်း အကြင်ကျမ်းကို။ ကိဋ္ဌာပိကာရိတံ၊ အကယ်၍ပင် ရေးသားပြုပြင် စီရင်လိုက်ပေ၏။

(ခ) ပန၊ ထိုသို့ပင် အတ္တနောမတိကင်း သုံးစင်းသော ပိဋကသဘောဖြင့် လိုက်လျောအောင် ပြုစု စီရင် လိုက်သော်လည်း။ တတ္ထ၊ ထိုကျမ်း၌။ သမ္မုဠ္ဌဌာနံ၊တွေဝေသည့်အတွက် အမှားကွက်ဖြစ်သောအရာသည်။ သစေသတ္တိ၊ အကယ်၍ ရှိခဲ့သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ အမှားရှိခဲ့လတ်သော်။ တံအာကာရံ၊ ထိုသို့မှားကွက် ချွတ်ယွင်းချက်ဖြစ်သောအခြင်းအရာကို။ အနုပေက္ခန္တာ၊ မဆိုင်သည့်အလား လျစ်လျူမထားကြကုန်မူ၍။ ဝိဒ္ဒူ၊ ကျမ်းဂန်တတ်သိ ပညာရှိတို့သည်။ သောဓေန္တု၊ ပြုပြင်သုံသင်တော်မူကြစေကုန်သတည်း။ ဣတိ၊ ဤသည်ကား။ ယာစနာ၊ လျှောက်ထား တောင်းပန်ခြင်းပါတည်း။

(ဂ) မယာ၊ကျွန်ုပ်သည်။ယံသတ္တံ၊ဓာတုပ္ပဇ္ဇကနာမမှည့်ခြယ်ဤကျမ်းငယ်ကို။ ကတံ၊ ပြုစီရင်အပ်ပြီ။ တံသတ္တံ၊ ထိုကျမ်းသည်။ သက္ကရာဇေ၊ လူတို့ဝေါဟာ ကောဇာသက္ကရာဇ်သည်။ဘဒ္ဒဇာတေ၊ ၁၃၃၄-ခုနှစ်သို့။ ပတ္တေ၊ ရောက်လတ်သော်။ အဿယုဇေ၊ သီတင်းကျွတ်လ၌။ ဇုဏှကာဠေ၊ ဆန်းစပေါ်တက် တရက်နေ့

ဖြစ်သော။ အာဒိစ္စမှီ၊ တနင်္ဂနွေနေ့၌။ နိဋ္ဌိတံ၊ တွင်းပရန်စွယ် အန္တရာယ်-ဟူသမျှ မှုမခပဲ အစစ အခင်းခင်း ဘေးရန်ကင်း၍ ရှင်းရှင်းချည်း အပြီးသတ်ပါသတည်း။

(ဃ) တေနပုညေန၊ ထိုကောင်းမှုကြောင့်။ အမေ့ဟိ၊ကျွန်ုပ်တို့နှင့်။ သဟေဝ၊ အတူတူတွဲ တပေါင်းတစုထဲသာလျှင်။ ရဋ္ဌကာ၊ မြန်မာတိုင်းရင်း အရပ်တွင်း၌ နေကြကုန်သော။ ဇနာ၊ရဟန်းရှင်လူ မည်သူမဆို ထိုထိုတိုင်းဖွား လူအများတို့သည်။ သုခယန္တု၊ ကိုယ်စိတ်နှစ်ဖြာ လွန်သာယာ၍ ချမ်းသာကြပါစေကုန်သတည်း။ ဗုဒ္ဓဘာသိတံ၊ ဗုဒ္ဓဘုရား ဟောကြား မိန့်မြွက် ဓမ္မစကားတော်ဖြစ်သော။ သာသနံ၊ သာသနာသုံးဝ အဆုံး အမ တော်ကို။ သမ္ပဟေန္တု၊ ကောင်းစွာနှစ်ခြိုက် အာရုံစိုက်၍ ဦးခိုက်ပူဇော်ကြပါစေကုန်သတည်း။

(င) ဣစ္ဆိတိစ္ဆိတာ၊ အလိုရှိတိုင်းကုန်သော။ သုဓမ္မာ၊ တရားနှင့်လျော်၍ တော်သော သဘောရှိကုန်သော။ သုပတ္တနာ၊ အလိုရှိကြ တောင့်တကြသည့် ကောင်းသမျှစုဆောင်း တောင်းသမျှဆု အပေါင်းတို့သည်။ သမိဇ္ဈန္တု၊ ပြည့်စုံကြစေကုန်သတည်း။ ရာဇာ၊ ပြည်ကြီးသေဌ်နင်း ဘုရင်မင်းသည်။ ဓမ္မေန၊ မင်းတို့ကျင့်ရန် တရားမှန်ဖြင့်။ရက္ခတု၊စောင့်ရှောက်ပါစေသတည်း။ ဒေဝေါ၊ ဝပြောသာယာ စည်ပင်စွာမှု အမှန်ပြုသည့် ရတုမည်း ဥတုမိုးသည်။ သမ္မာ၊ ရေကိုလိုလား အားထားသည့်အခါ ကောင်းမွန်စွာ။ ပဝဿတု၊ ကောင်းစွာဖြန့်တွန်း ပြည်အဝှန်း၌ ရွာသွန်းချီးမြှောက်ပါစေ သတည်း။ ဣတိ၊ ဤသည်လျှင် နိဂုံးကမ္မတ်အပြီးသတ်သတည်း။ ( အလုံးစုံပြီးမြောက် အောင်မြင်ပြီ )